နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှေ့နှာက်စီစဉ် ဆောင်ရွက်ခြင်း

International IDEA မှ ထုတ်ဝေသော မူဝါဒစာတမ်းအမှတ် ၁၃

နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှေ့နှာက်စီစဉ် ဆောင်ရွက်ခြင်း

International IDEA မှ ထုတ်ဝေသော မူဝါဒစာတမ်းအမှတ် ၁၃

ပြုစုသူများ
Christine Bell နှင့် Kimana Zulueta-Fülscher

@ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ ၂၀၁၆ ခုနှစ်မူပိုင်ဖြစ်သည်။

အင်တာနေရှင်နယ် အိုင်ဒီယာ
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့၊ ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
ဖက်စ်- +၄၆၈ ၂၀၂၄၂၂
အီးမေးလ်- info@idea.int
ဝဘ်ဆိုက်- ww.idea.int

ဤစာအုပ်ကို Creative Commons Attribute-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) licence ခွင့်ပြုချက်အရ အီလက်ထရောနစ်ဖိုင်အနေဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာ ကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ အပိုင်းလိုက်ပြန်လည်စီစဉ် ပြုစုခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သင့်တင့်လျောက်ပတ်သော ရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူခွင့်ပြုချက်ဖြင့် ဖြန့်ဝေရန်ဖြစ်ပါသည်။

ဤခွင့်ပြုချက်နှင့် စပ်လျဉ်း၍ နောက်ထပ်သိရှိလိုပါက အင်တာနက်လိပ်စာ <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။

International IDEA အဖွဲ့မှ စာအုပ်စာတမ်းများသည် နိုင်ငံများ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေး အကျိုးစီးပွားတို့မှ သီးခြားလွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ်မဆိုနိုင်ပါ။

Cover design: International IDEA
မြန်မာဒီဇိုင်း- မြင့်စိုးဦး
ISBN : 978-91-7671-244-3 (Print)
ISBN : 978-91-7671-245-0 (PDF)

မာတိကာ

ကျေးဇူးတင်လွှာ ၄

အဓိကအကြံပြုချက်များ ၅

အနှစ်ချုပ်ဖော်ပြချက် ၉

အခန်း- ၁။ နိဒါန်း..... ၁၆

အခန်း- ၂။ နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှေ့နောက်စီစဉ်ခြင်း - အယူအဆ သဘောတရား မူဘောင် ၂၀

အခန်း- ၃။ နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှေ့နောက်စီစဉ်ခြင်း - အသွင်အပြင်များနှင့် ကိစ္စရပ်များ ၂၇

အခန်း- ၄။ ဖြစ်ရပ်လေ့လာချက်များ - စိန်ခေါ်မှုအခက်အခဲရှိသော လုပ်ငန်းစဉ်များကို လေ့လာခြင်း..... ၄၃

အခန်း- ၅။ နိဂုံး - ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှေ့နောက် စီစဉ်ဆောင်ရွက်ခြင်းကို စီမံခန့်ခွဲခြင်း..... ၆၅

ရည်ညွှန်းကိုးကားသော စာရွက်စာတမ်းများ..... ၇၁

နောက်ဆက်တွဲ (က) - ငြိမ်းချမ်းရေးသဘောတူညီချက်များ..... ၈၃

စာတမ်းပြုစုသူများအကြောင်း ၈၉

International IDEA အကြောင်း..... ၉၁

International IDEA မှ ပြုစုထုတ်ဝေသော အခြားမူဝါဒစာတမ်းများ ၉၂

ကျေးဇူးတင်လွှာ

ဤစာတမ်းကို ဒီဇင်ဘာလ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သော ပဋ္ဌိပကွဲအပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း- ဒုတိယမြောက် အက်ဒင်ဘက် စကားဝိုင်း၏ နောက်ဆက်တွဲအဖြစ် ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ထိုစကားဝိုင်း၏ အဓိကအကြောင်းအရာမှာ "နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း - ဘက်ပေါင်းစုံပါဝင်ရေး ကြိုးပမ်းချက်" ဖြစ်သည်။ ထိုစကားဝိုင်းအလုပ်ရုံဆွေးနွေးပွဲကို ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA)၊ အက်ဒင်ဘက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေစင်တာ (The Edinburgh Centre for Constitutional Law)၊ ကျွမ်းတရားမျှတရေး အကယ်ဒမီ (The Global Justice Academy) နှင့် အက်ဒင်ဘက်တက္ကသိုလ် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် သုတေသနပရိုဂရမ် (the Political Settlements Research Programme of the University of Edinburgh) တို့က ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

ဤစာတမ်းကို ပြုစုစဉ်တစ်လျှောက် တန်ဖိုးရှိသော မှတ်ချက်များပေးခဲ့သည့် Sumit Bisarya အားကျေးဇူးတင်ရှိပါသည်။ စာရေးမူအကြမ်းများအပေါ် အကြံဉာဏ်များပေးခဲ့သည့် Zaid Al-Ali, Tom Ginsburg, Jason Gluck, Charmaine Rodrigues နှင့် Cheryl Saunders၊ သုတေသီအကူအညီပေးခဲ့သည့် Sean Molly တို့အားလည်း ကျေးဇူးတင်ပါသည်။ နောက်ဆုံးအနေနှင့် ကျွမ်းကျင်မှုဆိုင်ရာပံ့ပိုးပေး၊ တည်းဖြတ်ပေးခဲ့သော David Prater နှင့် International IDEA စာတမ်းတည်ဖြတ်ထုတ်ဝေရေးအဖွဲ့အား ကျေးဇူးတင်ရှိပါသည်။

ဤစာတမ်းသည် ဗြိတိန် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ရန်ပုံငွေမတည်သော နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် သုတေသနပရိုဂရမ်၏ အကျိုးရလဒ်လည်း ဖြစ်ပါသည်။ သို့သော် ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ ၎င်းဌာန ရှုမြင်ပုံများကို ကိုယ်စားပြုခြင်း၊ တာဝန်ခံခြင်း မရှိပါ။

အဓိက အကြံပြုချက်များ

၁။ ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းသူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကြံပေးသူများသည် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်တွင် ရှေ့နောက်အစီအစဉ် အရေးကြီးပုံကို သတိမူရပါမည်။ သို့မှသာ ပဋ္ဌိပက္ခအခြေအနေမှ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သည့် တည်ငြိမ်သော စနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ပါမည်။ နိုင်ငံရေးသဘောတူညီချက်ရယူခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းတို့ကိုထည့်သွင်းလုပ်ဆောင်ရန်လိုအပ်ပါကဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်ကို အဆင့်ဆင့်လုပ်ဆောင်သွားရန် လိုပါသည်။ ငြိမ်းချမ်းရေး ဆွေးနွေးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး၊ ဆွေးနွေးခြင်းတို့ကို သီးခြားစီဆောင်ရွက်နိုင်သော်လည်း ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ်တို့ကို အနှစ်သာရအားဖြင့် အပြန်အလှန် ဆက်စပ်နေသည်ဟု ရှုမြင်နိုင်ပါသည်။ ထိုလုပ်ငန်းစဉ် နှစ်ခုလုံးသည် နိုင်ငံရေးဖြေရှင်းချက်အသစ် (ဆိုလိုသည်မှာ အာဏာလက်ဝယ်ရှိခြင်းနှင့် စွဲကိုင်ကျင့်သုံးခြင်းဆိုင်ရာ သဘောတူညီချက်) ရရှိရေး ရည်မှန်းချက်ခြင်းတူညီပါသည်။

၂။ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် ရှေ့နောက်အစီအစဉ်ချမှတ်ရာ၌ လုပ်ငန်းစဉ်၏ အဆင့်အသီးသီးအတွက် လုံလောက်သော အခြေခံသဘောတူညီချက် မည်သည့် အတိုင်းအတာ အထိရှိကြောင်း စဉ်ဆက်မပြတ် ဆန်းစစ်သုံးသပ်ချက်အပေါ် အခြေခံလျက် စဉ်းစားရပါမည်။ နိုင်ငံရေးသဘောတူညီချက် မရှိလျှင် သို့မဟုတ် မခိုင်မာလျှင် နိုင်ငံရေးသဘောတူညီချက် ရရှိလာစေရေး စေ့စပ်ညှိနှိုင်းရန် အကူအညီပေးမည့် ရှင်းလင်းသော အစီအစဉ် လိုအပ်ပါသည်။ လေးနက်စစ်မှန်သော ဆွေးနွေးပွဲများ စတင်မပြုလုပ်မီ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲခြင်းတစ်မျိုးမျိုး ရှိရပါမည်။ နောက်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့်သို့ မရောက်ရှိမီ သဘောတူညီချက်များ ရရှိရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးတို့ကို အဆင့်ဆင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုရန် အရေးကြီးပါသည်။

၃။ ခေါင်းဆောင်ပိုင်းများက နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်ကို လုံလောက်စွာလက်ခံခြင်း မရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်ကို စတင်လုပ်ဆောင်ပါက အများပြည်သူ ပါဝင်ဆောင်ရွက်သော်လည်း နိုင်ငံရေးဖြေရှင်းချက်ရရှိရန် လုံလောက်မည်မဟုတ်ပါ။ ယင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆွေးနွေးခြင်းများကို ပံ့ပိုးမှုပေးရန် ချမှတ်ကျင့်သုံးရမည့် ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဖြေရှင်းချက် မဟာဗျူဟာများကို စဉ်းစားရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် နိုင်ငံရေးပိုင်းနှင့် စစ်ရေးအပိုင်း လုပ်ပိုင်ခွင့်အာဏာရှိသူများအကြား ညှိနှိုင်းပေးသူများ သဘောတူညီချက်ရရှိရေး ကြိုးပမ်းသည့် လုပ်ငန်းစဉ်

ဆက်လက်ဆောင်ရွက်နိုင်ရန် ပိုမိုကျယ်ပြန့်စွာ ဖိအားပေးရေးကိုလည်း စဉ်းစားရပါမည်။

၄။ နိုင်ငံရေးဖြေရှင်းချက်ရရှိရေး ကာလတိုအတွက် လိုအပ်ချက်များက တစ်ဘက်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အစီအမံများဖြင့် ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲရန် ကာလရှည်အတွက် လိုအပ်ချက်များကတစ်ဘက် ရှုပ်ထွေးသော လိုတိုးပိုလျှော့ ညှိနှိုင်းမှုများကို စီမံခန့်ခွဲနိုင်ရပါမည်။ ယင်းသို့ညှိနှိုင်းရာတွင် ကောင်းစွာ နားလည်သဘောပေါက်မှု၊ စီမံခန့်ခွဲမှုကောင်းမွန်မှုတို့ လိုအပ်ပါသည်။ ရှေ့နောက်အစီအစဉ် ချမှတ်ဆောင်ရွက်ရာတွင် ခက်ခဲသောရွေးချယ်မှုများ ကို သိရှိနားလည်ပြီး ရွေးချယ်နိုင်ရပါမည်။

၅။ အားလုံးသဘောတူညီမှု ရရှိနိုင်ရန် အချိန်ယူဆောင်ရွက်ရေးကတစ်ဘက် လုပ်ငန်းစဉ် လမ်းကြောင်း မလွဲချော်စေရန် နောက်ဆုံးအချိန် သတ်မှတ်ချက်များအတိုင်း ပြီးစီးရေးက တစ်ဘက် ဟန်ချက်ညီ ရပါမည်။ တစ်ခါတစ်ရံ တိုးတက်မှုရရှိရေး ဆောင်ရွက်ရမည်ဟု နိုင်ငံရေးသဘောတူညီချက် အထိုက်အလျောက် ရှိနေသည့်ကာလတိုအတွင်း ဖြေရှင်းရေး လုပ်ငန်းစဉ်များ ပြီးစီးစေရန် တွန်းအားပေးဆောင်ရွက်ရခြင်းများ ရှိပါသည်။ သို့သော် နိုင်ငံ တကာက ချမှတ်ပေးလေ့ရှိသည့် အချိန်သတ်မှတ်ချက်များသည် သက်ဆိုင်သော အင်အားစု များ ကျယ်ပြန့်စွာဆွေးနွေးတိုင်ပင်ရန်နှင့် ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းများ မလုံလောက် ဘဲ အချိန်ကာလတိုတောင်းလွန်းခြင်း ဖြစ်တတ်ပါသည်။ ထိုအခါ သက်ဆိုင်သူများသည် လုပ်ငန်းစဉ်အပေါ် အယုံအကြည် မရှိကြတော့ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပ နည်းလမ်းများ ဖြင့် သြဇာသက်ရောက်ရန် လုပ်ဆောင်လာကြတတ်ပါသည်။ သတ်မှတ်ချိန်အတိုင်း ပြီးစီးရန် ကိုသာ ကျဉ်းမြောင်းစွာ အဓိကထားလုပ်ဆောင်ပါက ၎င်းကွယ်နေသော ပဋ္ဌိပက္ခ ဆက်ဆံရေး များကို မဖြေရှင်းနိုင်ဘဲ ကျန်ရှိနေပါမည်။ အချိန်သတ်မှတ်ချက်များမှာ အရေးပါပြီး သတ်မှတ် ထားရှိရန် လိုအပ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်သည် မျှော်လင့်မထားသော အခြေခံစိန်ခေါ်မှု အခက်အခဲများနှင့် ရင်ဆိုင်ရသည့်အခါ ပြန်လည် စဉ်းစားနိုင်စေရန် ပြောင်းလွယ်ပြင်လွယ်ရှိသော နည်းလမ်းဖြင့် သတ်မှတ်ထားရှိသင့်ပါသည်။ အချိန်သတ်မှတ်ချက်များကို ပုံသေဥပဒေ စာချုပ်စာတမ်းများတွင် ထည့်သွင်းရေးဆွဲပြီး အမှန်တကယ် လိုက်နာဆောင်ရွက်ခြင်း မပြုနိုင်ပါက (လျစ်လျူရှုခြင်းခံရပြီး) ဥပဒေနှင့်အညီ စည်းမျဉ်းစည်းကမ်းများ ချမှတ်လုပ်ဆောင်ရေး ကတိကဝတ်ပြုမှုကို ပြုစုပျိုးထောင်သည့် ကြိုးပမ်းမှုများ ပျက်ပြားရတတ်ပါသည်။ (IDEA 2016a: 20)

၆။ ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံရေး အပိုင်းနှင့် စစ်ဖက်ခေါင်းဆောင်ပိုင်းများ၏ လက်ခံပါဝင်မှု အလုံအလောက် ရရှိရေးက တစ်ဘက်၊ ပိုမိုကျယ်ပြန့်သော အများပြည်သူ လူအဖွဲ့အစည်းက လက်ခံပါဝင်မှုရရှိရေး (နိုင်ငံရေး ခေါင်းဆောင်ပိုင်းများမှာ ရွေးကောက် တင်မြှောက်ခံရသူများဖြစ်စေခြင်းနှင့်/ သို့မဟုတ် လုပ်ငန်းစဉ်တွင် အများပြည်သူ တိုက်ရိုက်ပါဝင်နိုင်စေရန် ဖွင့်ပေးထားခြင်း) က တစ်ဘက် ဟန်ချက်ညီစေရန် (နှင့် အချိန်အခါသင့် ဆောင်ရွက်ရန်) လိုအပ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲသည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ချင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစဉ် အစောပိုင်းတွင် တစ်ဆင့်ချင်း နိုင်ငံရေးသဘောတူညီချက် ရယူနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ

ရေးဆွဲသည့် လုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်စဉ် ပိုမိုကျယ်ပြန့်သော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်နိုင်ပါမည်။ ခေါင်းဆောင်ပိုင်းများ ပါဝင်ဆောင်ရွက်မှုရှိရန်နှင့် လုပ်ငန်းစဉ်တွင် ပိုမို ကျယ်ပြန့်သော ကိုယ်စားပြုပါဝင်မှုရှိရေး ဟန်ချက်ညီစေရန် ကိစ္စရပ်များမှာ အချိန်အခါသင့် ဆောင်ရွက်နိုင်ရေး အထူးသဖြင့် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ချိန်နှင့် သက်ဆိုင်နေလေ့ ရှိပါသည်။ တစ်ခါတစ်ရံ ရွေးကောက်ပွဲကျင်းပရေး ဖိအားကြောင့် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲသည့်ကာလ တိုတောင်းလွန်းပြီး နိုင်ငံရေးဖြေရှင်းချက် အနည်းဆုံး တစ်စိတ် တစ်ဒေသမျှ ရရှိရန်ပင်လျှင် အချိန်မလုံလောက်ဘဲ ဖြစ်နိုင်ပါသည်။ ရွေးကောက်ပွဲများ မကျင်းပဘဲ သို့မဟုတ် ချက်ချင်းမကျင်းပသေးဘဲ လုပ်ငန်းစဉ်တွင် ကျယ်ပြန့်စွာ ကိုယ်စားပြု ပါဝင်မှု ရှိစေရေးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပါဝင်စေရေး အခြားနည်းလမ်းများ ရှာဖွေရန် လိုအပ်နိုင်ပါသည်။

၇။ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်နေသူ အဖွဲ့အစည်း လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံရေး ဖြေရှင်းချက် လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်နှစ်ရပ်လုံးတွင် ရှိနေသည့် အခြေခံ နိုင်ငံရေးဆက်ဆံရေးများကို နားလည်သဘောပေါက်ရေး ပိုမို၍ ကြိုးပမ်း အားထုတ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် နိုင်ငံရေးဖြေရှင်းချက်ရရှိရေး အလေးအနက် ဆောင်ရွက်မှုမရှိဘဲ (သို့မဟုတ် အနည်းငယ်သာရှိလျက်) ပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို လုပ်ဆောင်ခြင်းဖြစ်ပါက နိုင်ငံတကာ အာမခံချက် များဖြင့် လုပ်ငန်းစဉ်ကို ပံ့ပိုးမှုပေးရန် လိုအပ်ဖွယ်ရာရှိပါသည်။ သို့ရာတွင် မည်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အစီအမံမဆို ကာလရှည်အောင်မြင်မှုရရှိရန် ပြည်သူလူထု၏ သဘောတူညီမှု အဆင့်တစ်ခု လိုအပ်ကြောင်းကိုလည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အစီအမံများနှင့် စပ်လျဉ်း၍ ကြားဝင်စေ့စပ်ပေးသော သို့မဟုတ် အာမခံချက်ပေးသော နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများအနေဖြင့် သတိမူသင့်ပါသည်။ ပါဝင်ဆောင်ရွက် လိုကြောင်း ပိုမိုကျယ်ပြန့်သော တောင်းဆိုမှုများရှိလာပါက လိုအပ်သလို ပြောင်းလဲနိုင်စေရေး အတွက် ပုံသေမဟုတ်ဘဲ ဖွင့်ထားသော ပြင်လွယ်ပြောင်းလွယ် အစီအမံများဖြစ်ရန် လိုအပ် ကြောင်းကိုလည်း သတိမူရပါမည်။ အဆင့်မြင့် နိုင်ငံရေးပိုင်းမှ လုံလောက်သော သဘော တူညီမှု ရရှိရေးကတစ်ဘက်၊ ပြည်သူလူထုပါဝင်ဆောင်ရွက်မှု အလုံအလောက် ရှိစေရေးက တစ်ဘက် ဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံရေး ချင့်ချိန်ဆောင်ရွက်နိုင်မှု ကောင်းမွန်ရန် လိုအပ် ပါသည်။ သို့ဖြစ်၍ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် သင့်တင့်လျောက်ပတ်သော အရင်းအမြစ်များကို အသုံးပြုရပါမည်။ အထူးသဖြင့် နယ်မြေဒေသတွင်း ပကတိအခြေအနေ ရှုပ်ထွေးမှုများကို နားလည်သဘောပေါက်နိုင်ရန် လုံလောက်သော အချိန်ကာလဖြင့် အထူးပြု ဝန်ထမ်းများကို တာဝန်ပေး ခန့်အပ်ထားရှိရန် လိုအပ်ပါသည်။

၈။ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် ကဖျက်ယဖျက်များ (လုပ်ငန်းစဉ်တွင် မပါဝင်ဘဲ ပြင်ပမှာ နေပြီး အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းစဉ်ကို ပျက်ပြားအောင် လုပ်ဆောင်လိုသူများ) ရှိတတ်ပါသည်။ ယင်းအုပ်စုများနှင့် ၎င်းတို့၏ တောင်းဆိုချက်များသည် တရားဝင်မဟုတ်ဟု ယူဆသည့်တိုင် ယင်းကဖျက်ယဖျက်အုပ်စုများကို နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် ထည့်သွင်းရန် ကြိုးပမ်းသင့်ပါသည်။ လုပ်ငန်းစဉ်ကို ပျက်ပြားအောင်

လုပ်ဆောင်နိုင်စွမ်းရှိသည့် အဓိက အုပ်စုများကို တမင်ဖယ်ထုတ်ထားသည့် လုပ်ငန်းစဉ် ဖြစ်လျှင် သို့မဟုတ် လက်တွေ့ရလဒ်အားဖြင့် ၎င်းတို့ မပါဝင်နိုင်သည့် လုပ်ငန်းစဉ်များ ဖြစ်နေလျှင် ကဖျက်ယဖျက်များနှင့်စပ်လျဉ်းသည့် ဆက်ဆံရေးများကို ဖော်ထုတ်ပြီး ယင်းတို့ကို ကိုင်တွယ် ဖြေရှင်းနိုင်မည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သင့်ပါသည်။ ယင်းအုပ်စုများကို မထည့်သွင်းနိုင်လျှင် သို့မဟုတ် မလိုက်လျောနိုင်လျှင် ၎င်းတို့၏ တောင်းဆိုချက်များအနက် တရားဝင်ဖြစ်နိုင်သော တောင်းဆိုချက်များကို ဖော်ထုတ်ပြီး အပြုသဘော ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ယင်းအုပ်စုများကို အားပေးထောက်ခံနိုင်ဖွယ်ရာ ရှိသူများအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပါအဝင် နိုင်ငံရေးဖြေရှင်းချက်ကို ကျယ်ပြန့်စွာ ကျေနပ်နှစ်သက်မှု ရှိစေရေး စီမံခြင်းအားဖြင့် အပြုသဘော ဆောင်ရွက်နိုင်ပါသည်။ ကဖျက်ယဖျက်များကို လုပ်ငန်းစဉ်တွင် အောင်မြင်စွာ ထည့်သွင်းနိုင်ပါက 'လုပ်ငန်းစဉ်ကို အတွင်းမှ ကဖျက်ယဖျက်' မလုပ်နိုင်စေရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သင့်ပါသည်။ 'လုံလောက်သော အများ သဘောတူညီမှု' 'sufficient consensus' စသည့် နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မှု ရှိသည့် လုပ်ငန်းစဉ် ဖြစ်စေပြီး တစ်ချိန်တည်းမှာပင် အတွင်းမှ ကဖျက်ယဖျက်လုပ်သည့် နည်းဗျူဟာများကြောင့် လုပ်ငန်းစဉ်များ မပျက်ပြားစေရန် အကာအကွယ်ပေးနိုင်ပါသည်။

အနှစ်ချုပ်ဖော်ပြချက်

ဤမူဝါဒစာတမ်းတွင် ထိလွယ်ရှလွယ် အခြေအနေများနှင့် ပဋိပက္ခသက်ရောက်မှုရှိသည့် နယ်မြေများ၌ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များအတွင်း ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံများကို ရှေ့နောက်စီစဉ်ခြင်း အကြောင်း အဓိကတင်ပြထားပါသည်။ နိုင်ငံရေးဖြေရှင်းချက်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာ လက်ဝယ်ထားရှိပုံနှင့် ကျင့်သုံးပုံဆိုင်ရာ အခြေခံ နားလည်သဘောပေါက်မှုများကို သဘောတူညီထားခြင်း ဖြစ်ပါသည်။ နိုင်ငံရေး ဖြေရှင်းချက်ရရှိရေး လုပ်ငန်းစဉ်မှာ လုပ်ဆောင်ရမည့် လုပ်ငန်းများ ရှေ့နောက်အစီအစဉ် အတိအကျရှိသည်ဟု ယူဆကြလေ့ ရှိပါသည်။ များသော အားဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် သို့မဟုတ် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဦးစွာ ရယူပါသည်။ ယင်းသဘောတူညီချက်တွင် အကူးအပြောင်းကာလ နိုင်ငံရေးအစီအမံများ သို့မဟုတ် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ပါတည်း ပါဝင်သည်လည်း ရှိပါသည်၊ ယင်းသဘောတူညီချက် ရရှိပြီးနောက်မှ ဆက်လက်၍ စီမံသည်လည်း ရှိပါသည်။ နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်မည့် ကာလရှည်အစီအမံ တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် အပြီးသတ် လုပ်ဆောင်ပါသည်။ ဤယူဆချက်အရ နိုင်ငံရေးဖြေရှင်းချက်သည် ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ပေါ်ထွက်လာသည်ဟု နားလည်ထားကြပါသည်။ လက်တွေ့တွင် ထို့ထက်ပိုလွန်၍ များစွာရှုပ်ထွေးမှု ရှိနိုင်ပါသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများသည် ကျယ်ပြန့်စွာ လက်ခံထားသော နိုင်ငံရေးဖြေရှင်းချက်ကို ထင်ဟပ်လျက် စီစဉ်ဆောင်ရွက်ထားခြင်း များမဟုတ်ဘဲ ပဋိပက္ခကို ဖြေရှင်းရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးကို စတင်တည်ဆောက်နိုင်ရန် နောက်ထပ်ဆွေးနွေးညှိနှိုင်းမှုများ လိုအပ်နေတတ်ပါသည်။

နိုင်ငံရေးဖြေရှင်းချက်များသည် ငြိမ်းချမ်းရေးသဘောတူညီချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများနှင့် မတူညီဘဲ သီးခြားစီဖြစ်သည်ဟု ယူဆမည်ဆိုက ယူဆနိုင်သော်လည်း ဖြစ်စဉ်တစ်ခုတည်း၏ အစိတ်အပိုင်းများအဖြစ် ရှေ့နောက်အစီအစဉ် တစ်မျိုးတည်းမဟုတ်ဘဲ အမျိုးမျိုး လုပ်ဆောင်နိုင်သော ဆက်စပ်လုပ်ငန်းများဟုလည်း ယူဆနိုင်ပါသည်။ ဥပမာ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသော အစုအဖွဲ့ အသီးသီးအကြား အခြေခံနိုင်ငံရေး နားလည်မှုကို အခြေခံလျက် ငြိမ်းချမ်းရေး သဘောတူညီချက်များချုပ်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများ လုပ်ဆောင်ခြင်း ဖြစ်နိုင်သော်လည်း ယင်းတို့နှင့် နိုင်ငံရေးဖြေရှင်းချက်အကြား ဆက်စပ်ပုံမှာ များစွာ ကွဲပြားခြားနားနိုင်ပါသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်များသည် အဓိကအားဖြင့် ပဋိပက္ခချုပ်ငြိမ်းစေရန် ရည်ရွယ်ပြီး ပဋိပက္ခတွင် ပါဝင်သူများ (အားလုံးမဟုတ်သည့်တိုင်) အများစု ပါဝင်သည့် ဆွေးနွေးပွဲများမှ

ထွက်ပေါ်လာသည့် ရလဒ်ဖြစ်ပါသည်။ သို့သော် သဘောတူညီချက်ပုံစံမှာမူ (က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သို့မဟုတ် အခြားသော ဆွေးနွေးပွဲမစတင်မီ သဘောတူညီချက်များ (ခ) ပဋ္ဌိပက္ခဖြစ်ရသည့် အဓိကအကြောင်းရင်းများကို ဖြေရှင်းထားသော ငြိမ်းချမ်းရေးမူဘောင်သဘောတူညီချက်များ (ဂ) အကောင်အထည်ဖော်ရေး သဘောတူညီချက်များ စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက်များ၊ အကူးအပြောင်း နိုင်ငံရေးအစီအမံများ၊ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများ၊ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှေ့နောက်အစီအစဉ် အမျိုးမျိုးဖြင့် ရှုပ်ထွေးစွာ ပေါင်းစပ်လုပ်ဆောင်ကြရလေ့ရှိပါသည်။

လုပ်ငန်းစဉ်ကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး/ငြိမ်းချမ်းရေး သဘောတူညီချက်ဖြင့် စတင်သည်ဖြစ်စေ၊ မစတင်သည်ဖြစ်စေ သက်ဆိုင်သော အစုအဖွဲ့များအနေဖြင့် အကူးအပြောင်း နိုင်ငံရေးအစီအမံ တစ်မျိုးမျိုးချမှတ်ပြီး ကန့်သတ်ထားသော အချိန်ကာလတစ်ခုအတွင်း အာဏာစွဲကိုင်ကျင့်သုံးပုံကို သတ်မှတ်လေ့ ရှိပါသည်။ အကူးအပြောင်းနိုင်ငံရေး အစီအမံအများသည် လျှော့တိလျော့ရဲသော ဥပဒေမူဘောင်ကိုသာ ချမှတ်ပေးနိုင်သည်။ ထို့သို့ချမှတ်ရာတွင် မူလ ဥပေဒမူဘောင်အပြင်က လုပ်ဆောင်ခြင်းရှိသလို လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်းကလည်း လုပ်ဆောင်ခြင်းရှိပါသည်။ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ မပြဋ္ဌာန်းနိုင်မီ နောက်ထပ်ကြားအဆင့်တစ်ဆင့်အနေဖြင့် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းများလည်း ရှိပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် ပိုမိုရှင်းလင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေ စုဖွဲ့ပုံကို ဖော်ဆောင်နိုင်ပြီး ဥပဒေအရပ်ရပ်အပေါ် လွှမ်းမိုးနိုင်ပါသည်။ ရွေးကောက်ပွဲများလည်း ကျင်းပနိုင်ပါသည်။ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေးညှိနှိုင်း ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လမ်းပြမြေပုံလည်း ဖြစ်နိုင်ပါသည်။

၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ထိခိုက်လွယ်သောအခြေအနေများနှင့် ပဋ္ဌိပက္ခကြောင့် ထိခိုက်သော နယ်မြေဒေသများ၌ 'အပြီးသတ်' ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီးစီးသည်အထိ ဆောင်ရွက်နိုင်ခဲ့သော နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် ၂၃ ခု ရှိခဲ့ပါသည် (အခန်း ၃ တွင် လေ့လာနိုင်ပါသည်)။ ယင်းလုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်ချက်အပေါ် အခြေခံလျက် ဤစာတမ်းတွင် ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံ ယေဘုယျအားဖြင့် လေးမျိုးကို ဖော်ထုတ်တင်ပြထားပါသည်။

၁။ တစ်စိတ်တစ်ဒေသ ငြိမ်းချမ်းရေး (သို့မဟုတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး) သဘောတူညီချက်များ (အကူးအပြောင်း နိုင်ငံရေး အစီအမံများ မပါဝင်) ဦးစွာရယူပြီး ဆက်လက်၍ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းကို အခြေခံကျကျ ပြန်လည်ပြင်ဆင်ခြင်း

ဤရှေ့နောက်အစီအစဉ်တွင် လက်နက်ကိုင်အဖွဲ့များ (non-state actors) ကို ဖျက်သိမ်းပြီး နိုင်ငံတော်၏ ဥပဒေနှင့် နိုင်ငံရေးစုဖွဲ့ပုံများတွင် ၎င်းတို့ကို ပေါင်းစည်းထည့်သွင်းနိုင်ရေးကို အဓိကထားသည့် အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်များပါဝင်သည်။ ပိုမိုကျယ်ပြန့်စွာ ဒီမိုကရေစီ ကျင့်သုံးရေး၊ လူ့အဖွဲ့အစည်းအတွင်း ပေါင်းစည်းပါဝင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြုပြင်ပြောင်းလဲရေးအတွက် ကတိကဝတ်များလည်း ပါဝင်လေ့ရှိပါသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရယူပြီး တိုက်ရိုက်ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးမှုများ မစတင်မီ နိုင်ငံရေးပိုင်းနှင့် စစ်ရေးအပိုင်း ပဋိပက္ခရပ်စဲရေး သဘောတူညီချက် ရယူနိုင်ရမည့်အပြင် ကြားကာလတွင် အုပ်ချုပ်နိုင်သည့် အဖွဲ့အစည်းစနစ်ပိုင်း မူဘောင်ရှိနှင့်ပြီး ဖြစ်ရပါသည်။ ထို့အပြင် ပဋိပက္ခဖြစ်စဉ်တစ်ခုလုံးအတွင်း၌ နိုင်ငံတော်သည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်သာမက ပိုမိုကျယ်ပြန့်သော တိုးတက်သည့် လူမှုလှုပ်ရှားမှုများနှင့်ပါ ပြေလည်မှုရရှိရေး ကြိုးပမ်းသည့် အနေအထားဖြစ်ရန် လိုအပ်ပါသည်။ ဤရှေ့နောက်အစီအစဉ်၏ အားနည်းချက်မှာ အားကောင်းသော စစ်ဖက် ပါဝင်ဆောင်ရွက်သူများသည် နိုင်ငံရေးဖြေရှင်းချက်ရရှိရေး ပါဝင်ညှိနှိုင်း ဆွေးနွေးရာ၌ အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုံသဏ္ဌာန်အပေါ် သြဇာသက်ရောက်မှု များပြားလွန်းခြင်း ဖြစ်နိုင်ပါသည်။ ထို့အပြင် နိုင်ငံရေးဖြေရှင်းချက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးမှာ ယေဘုယျသဘောသာပါဝင်ပြီး အမှန်တကယ် မပြုပြင်ခြင်း ဖြစ်နိုင်ပါသည်။

၂။ အကူးအပြောင်း နိုင်ငံရေးအစီအမံများကို (ငြိမ်းချမ်းရေး သဘောတူညီချက်တွင် ထည့်သွင်း၍ ဖြစ်စေ၊ သီးခြားသဘောတူညီချက် ချုပ်ဆို၍ဖြစ်စေ) ဦးစွာပြုလုပ်ပြီး ဆက်လက်၍ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း

ဤရှေ့နောက်အစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပဋိပက္ခပြီးနောက် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များ၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး/ငြိမ်းချမ်းရေး သဘောတူညီချက် ရယူသည်များ လည်း ရှိပါသည်။ 'အကူးအပြောင်း နိုင်ငံရေးအစီအမံများ' ကိုလည်း ထည့်သွင်းလေ့ရှိပါသည်။ သို့မဟုတ် ဆက်လက်ဆောင်ရွက်လေ့ရှိပါသည်။ အကူးအပြောင်း နိုင်ငံရေးအစီအမံများတွင် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်အရ ဆက်လက်ဆောင်ရွက်ရမည့် အဆင့်များကို ဖော်ပြထားလေ့ရှိပါသည်။ နောက်ဆုံးအပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးစီးသည်အထိ လုပ်ငန်းစဉ်ပါဝင်သည်များလည်း ရှိပါသည်။ အားကောင်းသော ဥပဒေမူဘောင် မရှိပါက နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အာမခံသူများအဖြစ် ပံ့ပိုးမှုပေးရန် လိုအပ်လေ့ရှိပါသည်။ ဤရှေ့နောက်စီစဉ်ပုံကို ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးနောက် အကြမ်းဖက်မှုဖြစ်ပွားသည့် နိုင်ငံများတွင် အသုံးပြုလေ့ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့်လုပ်ငန်းစဉ် မစတင်နိုင်မီ အာဏာလစ်ဟာချက်ကို ချက်ချင်းဖြည့်ဆည်းပေးရန် လိုအပ်သည့်အခါတွင်လည်း အသုံးပြုပါသည်။ အားနည်းချက်မှာ အကူးအပြောင်းနိုင်ငံရေးအစီအမံသည် လက်ငင်း 'ပြေလည်စေရေး' ဖြေရှင်းချက် ဖြစ်ပြီး ဒီမိုကရေစီနည်းကျ အစဉ်အလာတရားဝင်ဖြစ်မှု နည်းပါးပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ စဉ်းစားဆွေးနွေးခြင်းနှင့် အားလုံးသဘောတူညီချက် တည်ဆောက်ခြင်းအတွက် အချိန်ယူ ဆောင်ရွက်မည့်အစားရွေးကောက်ပွဲလျင်မြန်စွာ ကျင်းပရန်သာဖိအားပေးမှုများဖြစ်ပေါ် လာတတ်ပါသည်။

၃။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် (ဦးစွာ ငြိမ်းချမ်းရေး / ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် ရယူသည်များလည်း ရှိပါသည်) ငြိမ်းချမ်းရေး သဘောတူညီချက်သဖွယ် အသုံးပြုပြီး အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်ခြင်း

ဤပုံစံကို အသုံးပြုသည့်အခါ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီးသည့် အချိန်အထိ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရှေ့တန်းမှ ပါဝင်ပါသည်။ ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေမပြဋ္ဌာန်းမီ ငြိမ်းချမ်းရေး သို့မဟုတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များ ရှိခဲ့နိုင်သော်လည်း ယင်းတို့တွင် အကူးအပြောင်း နိုင်ငံရေးအစီအမံများ မပါဝင်ပါ။ ဤအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၏ အားသာချက်မှာ နိုင်ငံရေးဖြေရှင်းချက် ယေဘုယျသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံရေးပိုင်းနှင့် စစ်ရေးအပိုင်း ပါဝင်ဆောင်ရွက်နေသူများအကြား သဘောတူညီနိုင်ရန် အထောက်အကူပြုပြီး အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်မတိုင်မီ ပုံစံတစ်မျိုးမျိုးဖြင့် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း၊ တစ်ချိန်တည်းမှာပင် ပိုမိုကျယ်ပြန့်သည့် ပါဝင်ဆောင်ရွက်ရေးလုပ်ငန်းစဉ် လုပ်ဆောင်နိုင်ခြင်း ဖြစ်ပါသည်။ အားနည်းချက်မှာ နိုင်ငံရေးဖြေရှင်းချက်၏ အရေးပါသော အစိတ်အပိုင်း အများအပြားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့်အခါမှ လုပ်ဆောင်ရန် ကျန်ရှိနေပြီး ပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်ဖြင့် ခက်ခဲသောကိစ္စရပ်များတွင် သဘောတူညီမှု မရရှိနိုင်သည့်အခါ သို့မဟုတ် အဓိကအရေးပါသော နိုင်ငံရေးပိုင်း ပါဝင်ဆောင်ရွက်သူများ လုပ်ငန်းစဉ်တွင် ဆက်လက်မပါဝင်တော့သောအခါ အခက်အခဲများနှင့် ကြုံတွေ့ရနိုင်ခြင်း ဖြစ်ပါသည်။

၄။ အမှတ်စဉ် ၂ နှင့် အမှတ်စဉ် ၃ ကို တစ်နည်းနည်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အကူးအပြောင်း နိုင်ငံရေးအစီအမံများ လုပ်ဆောင်ပြီး ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းလျက် ဆက်လက်၍ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲခြင်း

ဤရှေ့နောက်အစီအစဉ်တွင် ဦးစွာပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး/ငြိမ်းချမ်းရေး သဘောတူညီချက်များရယူပြီး အကူးအပြောင်းနိုင်ငံရေး အစီအမံများပါဝင်သော ငြိမ်းချမ်းရေး သဘောတူညီချက် ရယူပါသည်။ ထို့နောက် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီး ဆက်လက်၍ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပါသည်။ များသောအားဖြင့် ပဋိပက္ခကြာမြင့်စွာ ဖြစ်ပွားခဲ့ပြီးသောနိုင်ငံများတွင် ဤပုံစံဖြင့် လုပ်ဆောင်ကြပါသည်။ အဖွဲ့အစည်းစနစ် မူဘောင် အားနည်းသော သို့မဟုတ် မရှိသောအခြေအနေတွင် အဆင့်ဆင့် ဆောင်ရွက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်များကို အသုံးပြုပြီး နိုင်ငံရေးပိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပူးပေါင်း ဖြေရှင်းချက်ရယူခြင်း ဖြစ်ပါသည်။ ဤရှေ့နောက် အစီအစဉ်ဖြင့် ဆောင်ရွက်ပါက အားသာချက်မှာ ချက်ချင်း အစိုးရဖွဲ့နိုင်ပြီး နိုင်ငံရေးဖြေရှင်းချက်ကို ထင်ဟပ်ပေါ်လွင် စေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို တစ်ဆင့်ချင်းလုပ်ဆောင်နိုင်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ယင်းပကတိအခြေအနေများ၌ နယ်မြေဒေသအနှံ့အပြားတွင် ပဋိပက္ခဖြစ်ပွားပြီး နိုင်ငံတော် ယန္တရားများ ပျက်ပြားနေလေ့ရှိရာ ဤပုံစံဖြင့် ဆောင်ရွက်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြေရှင်းချက် ရရှိရန်ခက်ခဲသည်ကို တွေ့ရတတ်ပါသည်။ ဤပုံစံဖြင့် ဆောင်ရွက်ပြီး ထွက်ပေါ်လာသော ဖွဲ့စည်းပုံ

အခြေခံဥပဒေများသည်လည်း ကျယ်ပြန့်စွာအခြေပြုသည့် သဘောတူညီချက်ကို မထင်ဟပ်ဘဲ ထိရောက်မှုမရှိသည်ကို တွေ့ရပါသည်။

ယင်းပုံစံလေးခုမှာ ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းပုံ လေးမျိုးကို ယေဘုယျခွဲခြားဖော်ပြခြင်းဖြစ်ပြီး ပုံစံတစ်ခုတည်းတွင် လုပ်ငန်းစဉ်၏ ကြာမြင့်ချိန်၊ ချုပ်ဆိုရသော သို့မဟုတ် ချုပ်ဆိုရန်လိုအပ်သော သဘောတူညီချက် အရေအတွက်၊ သဘောတူညီချက်များတွင် ပါဝင်သော အကြောင်းအရာတို့ ကွဲပြားခြားနားပါသည်။ အရေးကြီးဆုံး ကွဲပြားခြားနားချက်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲသည့်လုပ်ငန်းစဉ်နှင့် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်တို့အကြား ဆက်စပ်ပုံများ မတူညီခြင်း ဖြစ်ပါသည်။

လစ်ဗျား၊ ဆိုမာလီယာနှင့် ယီမင်တို့တွင် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များ အလွန်ရှုပ်ထွေးပြီး မပြီးစီးသေးဘဲ ဆောင်ရွက်နေဆဲဖြစ်ပါသည် (အခန်း ၄ တွင် အသေးစိတ် ဖော်ပြထားပါသည်)။ ယင်းလုပ်ငန်းစဉ်များကိုကြည့်ပါက လုပ်ဆောင်ချက်များ ရှေ့နောက်အစီအစဉ်မှာ ရွှေးချယ်ဆောင်ရွက်ခြင်းမဟုတ်ဘဲ အခြားပကတိအခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရင်း ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ထို့အပြင် ယင်းနိုင်ငံများ၏ အတွေ့အကြုံကို ကြည့်ခြင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း လုပ်ငန်းစဉ်များကတစ်ဘက်၊ အခြေခံနိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်ကတစ်ဘက် ယင်းနှစ်ဘက်အကြား ဆက်စပ်မှုအလွန်အရေးပါကြောင်း သိမြင်နိုင်ပါသည်။ ယင်းနိုင်ငံများကို လေ့လာပါက (က) နိုင်ငံရေးဖြေရှင်းချက်တည်ဆောက်ခြင်းမှာ ရှုပ်ထွေးကြောင်း (ခ) တစ်ဆင့်ပြီးတစ်ဆင့် တစ်ဖြောင့်တည်း လုပ်ဆောင်သွားနိုင်ခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ခြွင်းချက်ပြုရမည့် ရှားပါးသော ဖြစ်စဉ်ဖြစ်ကြောင်း (ဂ) နိုင်ငံတစ်နိုင်ငံအတွက် မည်သည့် ရှေ့နောက်အစီအစဉ်သည် အသင့်တော်ဆုံးဖြစ်ကြောင်း ဆုံးဖြတ်ရာတွင် ပကတိအခြေအနေ အရပ်ရပ်ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။ ပကတိအခြေအနေ အရပ်ရပ်ဆိုရာတွင် ပဋိပက္ခ၏ သဘောသဘာဝနှင့် အတိုင်းအတာ၊ လူပ်ရှားဆောင်ရွက်နေသူများအနက် ပါဝင်နိုင်မည့်သူများနှင့် မပါဝင်နိုင်မည့်သူများ၊ အဖွဲ့အစည်းစနစ် မူဘောင်၏ ခိုင်မာမှု အတိုင်းအတာ၊ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်မှုအတိုင်းအတာ၊ လုပ်ငန်းစဉ်ကို ပံ့ပိုးနိုင်သော သို့မဟုတ် လွှဲချော်စေနိုင်သော အရေးပါသည့်အလှည့်အပြောင်းကာလများ ပေါ်ပေါက်ခြင်းတို့ ပါဝင်ပါသည်။

ထို့အပြင် အသင့်တော်ဆုံးရှေ့နောက်အစီအစဉ်ကို ရွေးချယ်ရာ၌ အထောက်အကူပြုနိုင်သည့် ကာလတိုနှင့် ကာလရှည် လိုအပ်ချက် ၆ ရပ်၊ ယင်းတို့နှင့် ဆက်စပ်သည့် လုပ်ငန်းစဉ်ပေါ်မူတည်သော အကြောင်းအချက် ၆ ရပ်တို့ကို ဤစာတမ်းတွင် ဖော်ထုတ်တင်ပြထားပါသည်။ ယင်းလိုအပ်ချက်များမှာ နိုင်ငံရေးဖြေရှင်းချက် (နှင့် နိုင်ငံရေးဖြေရှင်းချက် ပေါ်ပေါက်နိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန် ဖြစ်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သည့်စနစ်တစ်ရပ်) ရရှိရေးကြိုးပမ်းရာတွင် သက်ဆိုင်သူများအနေဖြင့် သတိမူရမည့် အတိုးအလျော့ ညှိနှိုင်းရန်အချက်များ အဖြစ်လည်း ရှုမြင်နိုင်ပါသည်။ ယင်းသို့ အတိုးအလျော့ ညှိနှိုင်းရသည့် အကြောင်းမှာ နိုင်ငံရေးဖြေရှင်းချက် ရရှိရေးအတွက် တိုက်ပွဲဆင်နွှဲနေသောအုပ်စုများအကြား သဘောတူညီချက်ရရှိရန် လိုအပ်သည်မှန်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ထိရောက်မှုရှိရန်နှင့် တရားဥပဒေ စိုးမိုးမှု

အတွက် ပိုမိုကျယ်ပြန့်သော မူအားဖြင့် ကတိကဝတ်ပြုမှုများ လိုအပ်ခြင်းကြောင့် ဖြစ်ပါသည်။ ယင်းလိုအပ်ချက် နှစ်ပိုင်းမှာ တစ်ခါတစ်ရံ ဆန့်ကျင်ဘက်ဖြစ်နေတတ်ပါသည်။ အတိုးအလျော့ ညှိနှိုင်းရမည့် ကိစ္စရပ်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

၁။ *လိုအပ်သည့် ငြိမ်းချမ်းရေးကို ဖန်တီးခြင်းနှင့် ရေရှည်တည်တံ့နိုင်သော ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်း* - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ မစတင်နိုင်မီ အကြမ်းဖက်မှုများ ရပ်စဲရန်လိုအပ်ပါသည်။ တဖန် အချို့သော သက်ဆိုင်ပါဝင်သူများက လက်နက်မစွန့်မီ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကတိကဝတ်ပြု ပြဋ္ဌာန်းပေးရန် တောင်းဆိုခြင်းများ ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ကြားခံအစီအမံများ ပြုလုပ်ခြင်းနှင့်/သို့မဟုတ် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် လက်နက်ကိုင် အဖွဲ့များအတွက် လုံလောက်သော အာမခံချက်များရှိစေရေးက တစ်ဘက်၊ နောင်အခါ နိုင်ငံရေး ဖြေရှင်းချက်ကို ပိုမိုကျယ်ပြန့်စေရန်နှင့် ပိုမိုနက်ရှိုင်းစေရန် လုပ်ဆောင်နိုင်စေရေးကတစ်ဘက် ဟန်ချက်ညီ စေနိုင်ပါသည်။

၂။ *ယာယီသဘောတူညီချက်နှင့် အတည်ပြု (ဖွဲ့စည်းပုံအခြေခံဥပဒေ) ပြဋ္ဌာန်းချက်* - သဘောတူညီချက်များ တည်တံ့ခိုင်မာမှုရှိကြောင်း နိုင်ငံရေး/စစ်ရေး လှုပ်ရှားဆောင်ရွက်နေသူများ ယုံကြည်လက်ခံစေရန် ဆောင်ရွက်ခြင်းနှင့် နောင်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် လုံလောက်သည့် ပြောင်းလွယ်ပြင်လွယ်ရှိစေရေး လိုအပ်ချက်တို့ကို ဟန်ချက်ညီစေရပါမည်။

၃။ *အလျင်အမြန် ဆောင်ရွက်ရခြင်းနှင့် အချိန်ယူဆောင်ရွက်ခြင်း* - ပဋ္ဌိပက္ခတွင် ပါဝင်နေသူများသည် နိုင်ငံရေးဖြေရှင်းချက်အသစ်အတွက် သတ်မှတ်ချက်များကို လွယ်လင့်တကူ သဘောတူညီချက် မရသောအခါ တစ်ဆင့်ချင်း ဆောင်ရွက်သည့် ချဉ်းကပ်ပုံကို အသုံးပြုရပါမည်။ ဤချဉ်းကပ်ပုံကျင့်သုံးသော အခါအပြောင်းအလဲအတွက် အခွင့်အလမ်းပေါ်ပေါက်သည့် တိုတောင်းသောကာလအတွင်း အကူးအပြောင်း အစိုးရစုဖွဲ့ပုံများမှ အပြီးသတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်သည်အထိ အမြန်အဆန် ဆောင်ရွက်ခြင်းနှင့် အားလုံးသဘောတူညီချက်ရယူရန် အချိန်ယူ ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ဟန်ချက်ညီစေရပါမည်။

၄။ *ပါဝင်ဆောင်ရွက်ခြင်းနှင့် ခေါင်းဆောင်ပိုင်းများအချင်းချင်း သဘောတူညီချက်ရယူခြင်း* - နောင်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ကို ဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေးပိုင်းနှင့် စစ်ရေးအပိုင်းတို့မှ လက်ခံရန် လိုအပ်သကဲ့သို့ ကျယ်ပြန့်စွာ ပြည်သူလူထု ပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ နှစ်မျိုးစလုံးရရှိရန် လုပ်ငန်းစဉ်အဆင့် အသီးသီးတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ရပါမည်။ ပကတိအခြေအနေပေါ်မူတည်လျက် လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ခြင်းထက် ခေါင်းဆောင်ပိုင်းများ ပါဝင်ခြင်းကို ဦးစားပေးရန် လိုအပ်နိုင်ပါသည်။

၅။ *ကဖျက်ယဖျက်များကို ထည့်သွင်းခြင်းနှင့် ဖယ်ထုတ်ထားခြင်း* - ကဖျက်ယဖျက်(လုပ်နိုင်သူ)များ၏ သဘောသဘာဝနှင့် ဆိုးဝါးမှုပေါ်မူတည်လျက် လုပ်ငန်းစဉ် မပျက်ပြားစေရေး ရှေးရှုလျက် ယင်းအုပ်စုများကို ထည့်သွင်းခြင်း သို့မဟုတ် ဖယ်ထုတ်ထားခြင်း၏ အကျိုးဆက်များကို

အကဲဖြတ်ရန် လိုအပ်နိုင်ပါသည်။

၆။ *နိုင်ငံတကာ အာမခံချက်များနှင့် ပြည်တွင်းလုပ်ငန်းစဉ်အဖြစ် ပြည်တွင်းမှပင်လုပ်ဆောင်ခြင်း* - အဖွဲ့အစည်းစနစ်အနေအထားပေါ် မူတည်လျက် နယ်မြေဒေသတွင်း လှုပ်ရှားဆောင်ရွက်နေသူများ ယုံကြည်စိတ်ချမှု ရှိစေရေးအတွက် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်ကို နိုင်ငံတကာက ပံ့ပိုးပေးရန် လိုအပ်နိုင်ပါသည်။ သို့ရာတွင် 'ပြည်တွင်းလုပ်ငန်းစဉ်အဖြစ် ပြည်တွင်းမှပင် လုပ်ဆောင်ခြင်း' ဟု လုပ်ငန်းစဉ်များကို ပြည်တွင်းထောက်ခံမှု မည်သို့ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများအနေဖြင့် အလေးဂရုပြုရပါမည်။

လုပ်ငန်းစဉ် စုဖွဲ့စီစဉ်ပုံမှာ ပါဝင်ဆောင်ရွက်နေသူများက အသိနှင့်ယှဉ်လျက် ရွေးချယ်လုပ်ဆောင်ခြင်းမဟုတ်ဘဲ ဖြစ်စဉ်ကပင် သူ့သဘောသူဆောင်သွားခြင်း ဖြစ်နိုင်ပါသည်။ သို့သော် မည်သည့်စုဖွဲ့စီစဉ်ပုံဖြင့် လုပ်ဆောင်သည်ဖြစ်စေ လုပ်ငန်းစဉ်အားလုံးတွင် အားသာချက်အားနည်းချက်များ ရှိမည်သာဖြစ်ကြောင်း သတိမူရန်နှင့် အားနည်းချက်များကို အသိအမှတ်ပြုနားလည်ပြီး နည်းပါးသက်သာစေရန် အရေးကြီးပါသည်။

အခန်း - ၁။ နိဒါန်း

ဤမူဝါဒစာတမ်းတွင် အကြမ်းဖက်ပဋိပက္ခ ဖြစ်ပွားသော နယ်မြေဒေသများ၌ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များတွင် ရှေ့နောက်စီစဉ် လုပ်ဆောင်သည့် ကိစ္စရပ်ကို အဓိကဆွေးနွေးထားပါသည်။ ပဋိပက္ခမှ ဆွေးနွေးညှိနှိုင်းလျက် အကူးအပြောင်း ပြုလုပ်ရာတွင် ပုံမှန်အားဖြင့် တရားဝင်ငြိမ်းချမ်းရေး သဘောတူညီချက် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံသစ် သို့မဟုတ် အများအပြား ပြန်လည်ပြင်ဆင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံတို့ ပါဝင်လေ့ ရှိပါသည်။ ယင်းအစီအမံများသည် ခေါင်းဆောင်ပိုင်းများအကြား (က) နိုင်ငံရေးနှင့် ဥပဒေအဖွဲ့အစည်းစနစ်များ အာဏာကို မည်သို့ရရှိကျင့်သုံးမည်ဖြစ်ကြောင်း အသေးစိတ်ဖော်ပြချက် (ခ) နိုင်ငံ၏ အခြေခံဖြစ်သည့် ပြည်သူလူထုနှင့် အစိုးရအကြား လူမှုသဘောတူညီချက် ဖြစ်သည့် သဘောတူညီထားသော လုပ်ပိုင်ခွင့်အာဏာ ရရှိကျင့်သုံးပုံ ဖော်ပြချက်ထွက်ပေါ်လာရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။ ဤ လုပ်ပိုင်ခွင့်အာဏာ ရရှိကျင့်သုံးပုံ ဖော်ပြချက်သည် ပဋိပက္ခ ဖြစ်နေသူများ အနေဖြင့် နိုင်ငံရေးဖြေရှင်းချက်အသစ်ရရှိပြီး အကြမ်းဖက်ပဋိပက္ခ ချုပ်ငြိမ်းစေရန် ရည်ရွယ်ပါသည်။

နိုင်ငံရေးဖြေရှင်းချက် ရရှိရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံသစ်များချမှတ်ရန် သတ်မှတ်ထားသော ရှေ့နောက်အစီအစဉ်ဖြင့် လုပ်ငန်းစဉ်ရှိသည်ဟု ယူဆလေ့ရှိပါသည်။ ပြီးပြည့်စုံသော အကောင်းဆုံးလုပ်ငန်းစဉ်ဆိုပါက ဆန့်ကျင်ဘက် ခေါင်းဆောင်ပိုင်းများ အတူတကွ ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရေး အခြေခံမူဘောင်ရယူခြင်း၊ ဆက်လက်၍ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက်ရယူခြင်း၊ ကြားဖြတ်အုပ်ချုပ်မည့် အစီအမံများပါ ထည့်သွင်းနိုင်ပါက ထည့်သွင်းသဘောတူညီခြင်း၊ ထို့နောက် 'ခေါင်းဆောင်ပိုင်းချည်းမဟုတ်ဘဲ' အများပြည်သူပါဝင်သည့် ဆွေးနွေးတိုင်ပင်မှု အဆင့်တစ်ခု လုပ်ဆောင်လျက် နောက်ဆုံးတွင် ကာလရှည် ဖွဲ့စည်းပုံအခြေခံဥပဒေအစီအမံ ပုံစံတစ်မျိုးမျိုး ဖော်ဆောင်ခြင်းတို့ကို တစ်ခုပြီးတစ်ခု ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ (Darby and MacGinty 2000).

ဥပမာ ၂၀၁၂ ခုနှစ်တွင် ဆီးရီးယားအတွက် စတင်လုပ်ဆောင်ခဲ့သော ဂျီနီဗာလုပ်ငန်းစဉ်တွင် အောက်ဖော်ပြပါ ရှေ့နောက်အစီအစဉ်ကို အဆိုပြုထားပါသည်။

၁။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်း (လူသားချင်းစာနာရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်)၊ ပြီးနောက် ဘက်မလိုက်သော ကြားနေပတ်ဝန်းကျင်တစ်ရပ် ဖော်ဆောင်ရန် အုပ်ချုပ်မှု အာဏာ အပြည့်အဝရှိသော အကူးအပြောင်း အုပ်ချုပ်မှုအဖွဲ့ကို နှစ်ဘက်သဘောတူညီမှုဖြင့် ဖွဲ့စည်းတည်ထောင်ခြင်း

၂။ အမျိုးသားအဆင့်ဆွေးနွေးပွဲလုပ်ငန်းစဉ် လုပ်ဆောင်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြုရေးအပိုင်း ပြန်လည်သုံးသပ်ပြီး ပြည်သူလူထု၏ သဘောတူညီမှု ခံယူခြင်း

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ စနစ်သစ် တည်ထောင်ပြီးသည်နှင့်တစ်ပြိုင်နက် အသစ်ဖွဲ့စည်း တည်ထောင်လိုက်သော အဖွဲ့အစည်းများနှင့် ရာထူးနေရာများအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံရွေးကောက်ပွဲများ ကျင်းပခြင်း (Geneva Communiqué 2012; Carter Center 2015).

၂၀၁၁ ခုနှစ်တွင် ယီမင်အတွက် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council) က ချမှတ်ခဲ့သော လုပ်ငန်းစဉ်တွင်လည်း သဘောတူညီမှုဖြင့် ဖွဲ့စည်းတည်ထောင်မည့် အကူးအပြောင်းကာလ အုပ်ချုပ်မှုအဖွဲ့၊ အမျိုးသားအဆင့် ဆွေးနွေးပွဲ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ စနစ်သစ်တို့ပါဝင်သော အလားတူ ရှေ့နောက်အစီအစဉ်ကိုပင် အဆိုပြုပါသည်။ (အခန်း ၄ တွင် ဖော်ပြထားပါသည်။)

ဤကဲ့သို့ လုပ်ငန်းစဉ်သည် စံပြုအပ်ပြီး ကြောင်းကျိုးဆီလျော်သည်။ လုပ်ငန်းစဉ်သည် လိုအပ်သော သဘောတူညီချက်ပုံစံရရှိရန် သင်တင့်လျောက်ပတ်သော အခင်းအကျင်းကို ဖန်တီးပေးပါသည်။ ရရှိမည့် သဘောတူညီမှုပုံစံသည် ပဋိပက္ခကို အဆုံးသတ်စေပြီး ပိုမိုကျယ်ပြန့်စွာ ပါဝင်မှုရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်လုပ်ငန်းစဉ်ဖြင့် ခေါင်းဆောင်ပိုင်းအချင်းချင်း သဘောတူညီချက်မှတဆင့် အစိုးရနှင့် ပြည်သူကြားထားရှိသော ပြည့်စုံသည့် ကတိကဝတ် အဖြစ်သို့ အသွင်ပြောင်းလဲနိုင်မည် ဖြစ်သည်။

သို့ရာတွင် လက်တွေ့ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ်များအတွင်း ရှေ့နောက်စီစဉ် လုပ်ဆောင်ရသည့် အနေအထားမှာ များစွာရှုပ်ထွေးမှု ရှိတတ်ပါသည်။ ပုံသဏ္ဌာန်အားဖြင့် ပြီးပြည့်စုံသော အကောင်းဆုံးပုံစံအတိုင်း ဖြစ်နေသည့်တိုင် ငြိမ်းချမ်းရေး သဘောတူညီချက် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အသစ်သည် ဆန့်ကျင်ဘက် ရန်သူခေါင်းဆောင်ပိုင်းများအကြား နိုင်ငံရေးဖြေရှင်းအသစ်ကို ထင်ဟပ်နိုင်သည့် အတိုင်းအတာမှာ များစွာကွဲပြားခြားနားနိုင်ပါသည်။ အချို့သော လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေးသဘောတူညီချက်မှာ နိုင်ငံရေးဖြေရှင်းချက် ရရှိရေးအတွက် ပဏာမ တစ်စိတ်တစ်ဒေသ လုပ်ဆောင်ချက်မျှသာ ဖြစ်ပါသည်။ နိုင်ငံရေးဖြေရှင်းချက်အသစ် ရရှိရေးနှင့် ယင်းအတွက် အဖွဲ့အစည်းစနစ် တည်ထောင်ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်အောက်တွင် လုပ်ဆောင်ရန် ကျန်ရှိပါသည်။ တဖန် ငြိမ်းချမ်းရေး သဘောတူညီချက်များအရ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်း၊ သဘောတူညီချက် မူကြမ်းပြုစုခြင်းတို့အတွက် သတ်မှတ်ချက်များ ရှိနိုင်ခြင်းကြောင့် ပိုမိုကျယ်ပြန့်သော အများပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်တွင် ရွေးချယ်ဆောင်ရွက်နိုင်မှု အကန့်အသတ်များ ဖြစ်နိုင်ပါသည်၊ သို့မဟုတ် လုပ်ငန်းစဉ်အတွင်း အများပြည်သူ ပါဝင်နိုင်မည့် နည်းလမ်းတွင် အကန့်အသတ် ဖြစ်နိုင်ပါသည်။

ထို့အပြင် လုပ်ငန်းစဉ်ဆောင်ရွက်ပြီး၍ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ထွက်ပေါ်လာသည့်တိုင် ယင်းအပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေးဖြေရှင်းချက် ဟုတ်မဟုတ် ဆက်လက်၍ အငြင်းပွားနိုင်ပါသည်။ ထိုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပဋိပက္ခကို ဖြေရှင်းမည် ဆိုပါက ဆက်လက်၍ ဆွေးနွေးညှိနှိုင်းခြင်း၊ နောက်ထပ် ငြိမ်းချမ်းရေး သဘောတူညီချက်များ ရယူခြင်း၊ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များ ပြုလုပ်ခြင်းတို့ကို အဆင့်ဆင့်

ဆက်လက် ဆောင်ရွက်ရဦးမည် ဖြစ်ပါသည်။ (အခန်း ၃ တွင် ဖော်ပြထားသည့် နီပေါ ဥပမာကို လေ့လာနိုင်ပါသည်။)

ယင်းရှုပ်ထွေးမှုများအပြင် ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများသည် နည်းလမ်းအမျိုးမျိုးဖြင့် ထပ်နေခြင်းများ ရှိနိုင်ပါသည်။ ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင် ဆွေးနွေးညှိနှိုင်းရရှိသော ငြိမ်းချမ်းရေး သဘောတူညီချက် ပုံစံတစ်မျိုး ဖြစ်နိုင်ပါသည်။ တောင်အာဖရိကနိုင်ငံ ကြားဖြတ် 'ငြိမ်းချမ်းရေး သဘောတူညီချက် ဖွဲ့စည်းပုံအခြေခံဥပဒေ' ကဲ့သို့ အများပြည်သူ ပါဝင်ရေးဆွဲ ထားခြင်းထက် ယခင် ရန်ဘက်များအကြား ညှိနှိုင်းဆွေးနွေးမှု ရလဒ်များကို ဖော်ဆောင်ထားခြင်း ဖြစ်နေတတ်ပါသည်။ (Easterday 2014). တဖန် ငြိမ်းချမ်းရေး သဘောတူညီချက်တွင် ကြားဖြတ်အစိုးရဖွဲ့စည်းရေး အစီအစဉ်များပါဝင်နေခြင်းလည်း ဖြစ်နိုင်ပါသည် (ဥပမာ ၂၀၁၅ ခုနှစ် တောင်ဆူဒန် ပဋ္ဌိပက္ခ ဖြေရှင်းရေး သဘောတူညီချက်)။ သို့မဟုတ် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ သို့မဟုတ် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် ထည့်သွင်းထားနိုင်ပါသည်။ ဥပမာ ဒေတန် ငြိမ်းချမ်းရေး သဘောတူညီချက် (Dayton Peace Agreement) တွင် ဘော့စနီးယား ဟာဇီဂိုဗီနာ 'ဖွဲ့စည်းပုံအခြေခံဥပဒေ ငြိမ်းချမ်းရေး သဘောတူညီချက်' ကို နောက်ဆက်တွဲ အဖြစ် ထည့်သွင်းထားပါသည် (Bell 2008)။ ယင်းသို့သော အခက်အခဲများရှိခြင်းကြောင့် ရှေ့နောက် အစီအစဉ်မှာ မျဉ်းဖြောင့်ပုံစံ တစ်ခုပြီးတစ်ခု မလုပ်ဆောင်နိုင်တော့ဘဲ သွေဖည်သွားတတ်ပါသည်။ ဖြစ်ရပ် လေ့လာချက်များတွင် ဖော်ပြထားသကဲ့သို့ နိုင်ငံရေးဖြေရှင်းချက်ရရှိရေး ရှုပ်ထွေးသော ကြိုးပမ်းမှု၏ အစိတ်အပိုင်းအဖြစ် ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခုမက ရယူရခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တစ်ကျော့ပြီး တစ်ကျော့ရေးဆွဲပြင်ဆင်ရခြင်းများ ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းအကြောင်း လေ့လာ ဖော်ပြသော စာအုပ်စာတမ်းများ၌ နိုင်ငံရေး ဖြေရှင်းချက်လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေးသဘော တူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများအကြား ဆက်စပ်ပုံကို လေ့လာဖော်ပြချက် နှင့် စံနှုန်းဖော်ထုတ်ချက်များ နည်းပါးနေသေးခြင်းကြောင့် ဤစာတမ်းတွင် ယင်းလစ်ဟာချက်ကို ဖြည့်ဆည်းရန် ရည်ရွယ်ပါသည်။ ဤစာတမ်းတွင် ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများ ရှေ့နောက်စီစဉ် ဆောင်ရွက်ပုံကို လေ့လာဖော်ပြထား ပါသည်။ ရှေ့နောက်အစီအစဉ်များသည် မည်သည့်အချိန်တွင် မည်သည့်အကြောင်းများကြောင့် ကြောင်းကျိုးဆီလျော်သည့် ပုံစံအတိုင်းမဖြစ်ဘဲ ကွဲလွဲရကြောင်းနှင့် စုစည်းညီညွတ်ပြီး လက်တွေ့ ကျင့်သုံးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်ဖြစ်စေရန် မည်သည့် အဓိပ္ပာယ်သက်ရောက်မှု များရှိကြောင်း ပိုမိုရှင်း နားလည်သဘောပေါက်နိုင်ပါမည်။ ဤ အစီရင်ခံစာမှာ ယင်းကိစ္စရပ်များကို ကနဦး လေ့လာဖော်ပြထားခြင်းဖြစ်သည်နှင့်အညီ ကနဦး အကြံပြုချက်များ ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ ဆက်လက် စဉ်းစားဆွေးနွေးနိုင်ရန် ဖြစ်ပါသည်။ ဤစာတမ်းပါ ဖော်ပြချက်များမှာ 'Constitution Building in Political Settlement Processes: The Quest for Inclusion' (International IDEA 2016) (နိုင်ငံရေး ဖြေရှင်းချက် လုပ်ငန်းစဉ်များတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ တည်ဆောက်ခြင်း - ပါဝင်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ချက်များ) ခေါင်းစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးချက်များကို အသုံးပြုထား

ပါသည်။

ဤစာတမ်းကို အောက်ပါအတိုင်း စီစဉ်ရေးသားထားပါသည်။ အခန်း ၂ တွင် အဓိက သုတေသန မေးခွန်းများကို ဖော်ထုတ်ရန်အတွက် ရှေ့နောက်စီစဉ်ပုံဆိုင်ရာ ဖော်ပြထားသည့် လက်ရှိစာအုပ်စာတမ်းများကို သုံးသပ်ဖော်ပြပါသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်များအတွက် ဆွေးနွေးရာတွင် အသုံးပြုနိုင်မည့် အဓိပ္ပာယ်ဖော်ပြချက်များ၊ မတူညီသော ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံအမျိုးမျိုးကို တင်ပြထားပါသည်။ အခန်း ၃ တွင် ယင်းအဓိပ္ပာယ် ဖော်ပြချက်များကို အသုံးပြုလျက် ကမ္ဘာတစ်ဝန်းမှ ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့် လုပ်ငန်းစဉ်များကို သုံးသပ်ရာမှ ရရှိသည့် လက်တွေ့ အချက်အလက်များဖြင့် ရှေ့နောက် စီစဉ်ပုံအမျိုးမျိုးကို လေ့လာ ဖော်ပြထား ပါသည်။ ယင်းသို့လေ့လာရာတွင် ယခင်ကပင် ရှိသော အချက်အလက်အရင်းအမြစ်များသာမက အချက်အလက် အရင်းအမြစ် အသစ်များကို လည်း အသုံးပြုပါသည်။ ဥပမာ University of Texas at Austin (အော်စတင်ရှိ တက္ကဆပ် တက္ကသိုလ်) တွင် ဆောင်ရွက်နေသော Comparative Constitutions Project (ဖွဲ့စည်းပုံအခြေခံ ဥပဒေများ နှိုင်းယှဉ်လေ့လာရေး စီမံချက်)မှ တည်ဆောက်ထားသည့် Constitute database (ဖွဲ့စည်းပုံအခြေခံဥပဒေ မှတ်တမ်းစု)၊ International IDEA မှ စုဆောင်းထားသော ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေများဆိုင်ရာ အချက်အလက်များ (Zulueta-Fülscher 2015) နှင့် PA-X အမည်ရှိ University of Edinburgh (အီဒင်ဘာရာတက္ကသိုလ်) ၏ ငြိမ်းချမ်းရေး သဘော တူညီချက်များ အချက်အလက်မှတ်တမ်းစု (peace agreements database) တို့ဖြစ်ပါသည်။[1]

အခန်း ၄ တွင် ရှုပ်ထွေးသော ဖြစ်ရပ်သုံးခုကို အသေးစိတ် လေ့လာဖော်ပြထားပါသည်။ လစ်ဗျား၊ ဆိုမာလီယာနှင့် ယီမင်တို့ ဖြစ်ပါသည်။ ယင်းနိုင်ငံများတွင် အကောင်းဆုံးပုံစံ ရှေ့နောက် အစီအစဉ်ကို ကနဦး ဆောင်ရွက်ခဲ့ရာ လုပ်ငန်းစဉ်ပျက်ပြားခြင်း၊ ပြီးစီးအောင် မဆောင်ရွက်နိုင်ခြင်း များနှင့် ကြုံတွေ့ရပါသည်။ ဤသို့ဖြင့် ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်များ နည်းလမ်းအမျိုးမျိုးဖြင့်ပြိုကွဲပျက်စီးသွားပါသည်။ ယင်းဖြစ်ရပ်လေ့လာချက်များကို ကြည့်ခြင်းဖြင့် အခြေခံနိုင်ငံရေးဖြေရှင်းချက် မရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်များ အောင်မြင်မှု ရနိုင် မရနိုင် (မည်သို့အောင်မြင်မှု ရနိုင်မည်) ကို မေးခွန်းထုတ်ဖွယ်ရာ ဖြစ်ပါသည်။ အခန်း ၅ တွင် ပဋိပက္ခဖြစ်ပွားသော နိုင်ငံများမှာ အနာဂတ် မူဝါဒ ချမှတ်သူများအနေဖြင့် ရယူနိုင်မည့် ကနဦးသင်ခန်းစာများကို အနှစ်ချုပ်ဖော်ပြလျက် စာတမ်းကို နိဂုံးချုပ်ထားပါသည်။

[1] Constitute database ကို ကြည့်ရှုနိုင်သည် အင်တာနက်လိပ်စာမှာ <http://www.constituteproject.org> ဖြစ်ပါသည်။ လက်ရှိ PA-X database ကို ကြည့်ရှုနိုင်သည့် အင်တာနက်လိပ်စာမှာ <http://www.peaceagreements.org> ဖြစ်ပါသည်။ နောက်ဆုံး ဖြည့်စွက်ပြင်ဆင်ပြီး ၂၀၁၇ ခုနှစ်အတွင်း အင်တာနက်တွင် လွှင့်တင်ပါမည်။

အခန်း - ၂

နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှေ့နောက်စီစဉ်ခြင်း - အယူအဆ သဘောတရားမူဘောင်

အကြမ်းဖက်ပဋိပက္ခ အခြေအနေများတွင် ပစ်ခတ်တိုက်မှုရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများကို ဖော်ပြသောစာတမ်းများ အပါအဝင် ဆွေးနွေးညှိနှိုင်းရရှိသော သဘောတူညီချက်များသည် တိုက်ပွဲဆင်နွှဲနေသူများအကြား နိုင်ငံရေး ဖြေရှင်းချက် အသစ်ရရှိရန်ကြိုးပမ်းချက်များ ဖြစ်ပါသည်။ ယင်းကြိုးပမ်းချက်များကို လူ့အဖွဲ့အစည်း ကလည်း ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြမည်ဖြစ်ပါသည်။ ယင်းသို့သော နိုင်ငံရေး ဖြေရှင်းချက် များသည် နိုင်ငံတွင် သို့မဟုတ် သက်ဆိုင်ရာ နယ်မြေဒေသတွင် ပဋိပက္ခဖြစ်ပွားရာမှ ကောင်းမွန် သောအုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးမှုဖော်ဆောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကတိကဝတ် ပြုသော အခြေအနေကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

ဤဆွေးနွေးညှိနှိုင်း ရရှိသောသဘောတူညီချက်များ ရှေ့နောက်စီစဉ်ပုံနှင့် အောင်မြင်မှု မအောင်မြင်မှုတို့သည် အောက်ပါအကြောင်းအချက်အများအပေါ် မူတည်နေပါသည်။ နိုင်ငံရေး ဖြေရှင်းချက်ရရှိရေး ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အမျိုးမျိုး၊ ငြိမ်းချမ်းရေး သဘောတူညီချက် များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများမှ မည်သည့်အချိန်တွင် (မည်သို့) နိုင်ငံရေး ဖြေရှင်းချက်အဖြစ် သို့ရောက်ရှိမည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးသည် မည်သည့်အချိန်တွင် (မည်သည့် အကြောင်းကြောင့်) နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်မှ သီးခြားခွဲထွက်မည်၊ ယင်းသို့ ခွဲထွက် ခြင်း၏ အကျိုးဆက်များစသည်တို့ ဖြစ်ပါသည်။

ပုံ ၂-၁။ နိုင်ငံရေးဖြေရှင်းချက် (Political Settlement) ၊ ငြိမ်းချမ်းရေး ဆွေးနွေးခြင်းများ (Peace Negotiations) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပိုင်း ဖြေရှင်းချက် (Constitutional Settlement) တို့အကြား အပြန်အလှန် ဆက်စပ်နေပုံများ



ဤစာတမ်း၏ ပထမအကျိုးသက်ရောက်မှုမှာ အာဏာရရှိခြင်းနှင့် ကျင့်သုံးခြင်း နည်းလမ်းနှင့် စပ်လျဉ်းသည့် သဘောတူညီထားသော နားလည်သဘောပေါက်ပုံဟု အဓိပ္ပာယ်ဖွင့်ဆို နိုင်သည့် အခြေခံနိုင်ငံရေးဖြေရှင်းချက်သည် ငြိမ်းချမ်းရေးသဘောတူညီချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် သီးခြားစီဖြစ်သည်ဟု နားလည်သဘောပေါက်စေခြင်း ဖြစ်ပါသည်။ အခြေခံနိုင်ငံရေးဖြေရှင်းချက်၊ ငြိမ်းချမ်းရေး သဘောတူညီချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၃ ပိုင်းမှာ ဖြစ်စဉ်တစ်ခုတည်းတွင် နီးကပ်စွာ ဆက်စပ်နေသော အစိတ်အပိုင်းများအဖြစ် ယူဆနိုင်ပါသည်။ လုပ်ငန်းစဉ်နှင့် ပကတိအခြေအနေပေါ် မူတည်လျက် ရှေ့နောက်စီစဉ်ပုံ အမျိုးမျိုး ဖြစ်နိုင်ပါသည် (ပုံ ၂-၁ ကို ကြည့်ပါ)။ ဤရှုမြင်ပုံအရ လုပ်ငန်းစဉ်သည် တစ်ခုပြီးတစ်ခု မျဉ်းဖြောင့်ကဲ့သို့ လုပ်ဆောင်နိုင်မည် မဟုတ်ပါ။

ဤစာတမ်း၏ ဒုတိယအကျိုးသက်ရောက်မှုမှာ အခြေခံနိုင်ငံရေးဖြေရှင်းချက်၊ ငြိမ်းချမ်းရေး သဘောတူညီချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၃ ပိုင်းသည် မည်ကဲ့သို့ အံဝင်ခွင်ကျ ပေါင်းစပ်နေနိုင်ကြောင်း လေ့လာဖော်ပြထားခြင်း ဖြစ်သည်။ ရှေ့နောက်စီစဉ်ပုံ နည်းလမ်း အမျိုးမျိုးကိုဖော်ပြလျက် အခြေခံနိုင်ငံရေးဖြေရှင်းချက်ကို သက်ဆိုင်ပါဝင်သူများက သဘောတူညီခြင်း သို့မဟုတ် သဘောမတူညီခြင်းကြောင့် ယင်းနည်းလမ်းများအပေါ် မည်သို့သက်ရောက်မှုရှိကြောင်း သုံးသပ်ဖော်ပြထားပါသည်။

နိုင်ငံရေးဖြေရှင်းချက်အကြောင်း ရေးသားထားသည့် စာအုပ်စာတမ်းများတွင် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များအတွင်း ငြိမ်းချမ်းရေး ဆွေးနွေးခြင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြေရှင်းချက် ရရှိသည်အထိ ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံကို များစွာဖော်ပြထားခြင်း မရှိပါ။ မကြာသေးမီက အချိန်အထိ နိုင်ငံရေး ဖြေရှင်းချက်များနှင့် အုပ်ချုပ်မှုအကြောင်း ရေးသားထားသည့် စာအုပ်စာတမ်းများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပိုမိုကျယ်ပြန့်သော ဥပဒေ၊ နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အစီအမံများအနက်မှ ဖြစ်ရပ်တစ်ခု၊ စာတစ်အုပ်၊ အဖွဲ့အစည်းစနစ်တစ်ရပ်အဖြစ် ရှုမြင်လျက် လေ့လာဖော်ပြထားကြပါသည် (Laws 2012)။ အလားတူ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း အကြောင်း ရေးသားထားသည့် စာအုပ်စာတမ်းများတွင် ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုတည်းအတွင်း သီးခြား လုပ်ငန်းများ အဖြစ် ဖော်ပြထားလေ့ ရှိပါသည် (Samuels 2009; Paris and Sisk 2009)။

သို့ရာတွင် လက်တွေ့ လုပ်ဆောင်သူများနှင့် လေ့လာသူပညာရှင်များအနေဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများသည် နိုင်ငံရေးဖြေရှင်းချက် ရယူသည့် ပိုမိုရှုပ်ထွေးသော လုပ်ငန်းစဉ်တွင် ပါဝင်နေသည့် အစိတ်အပိုင်းများဖြစ်သည်ဟု နားလည်သဘောပေါက်မှု ပိုမိုများပြားလာပါသည်။ (Hart 2001; Darby and MacGinty 2000: 8; Bell 2008: 63; Choudry 2010 တို့ကိုကြည့်ပါ။) ဤအကြောင်းအရာကို အစောဆုံး ရေးသားဖော်ပြချက် တစ်ရပ်အဖြစ် Hart က ပဋ္ဌိပက္ခအလွန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပဋ္ဌိပက္ခဖြေရှင်းချက် စာစောင်အဖြစ် ရှုမြင်မည့်အစား 'လုပ်ငန်းစဉ်၊ ဆက်လက်ဆွေးနွေးဆဲ စကားပိုင်း၊ သို့မဟုတ် ပဋ္ဌိပက္ခနှင့် ကွဲပြားမှုအကြား ညှိနှိုင်းဆွေးနွေးပွဲ ဖိုရမ်' အဖြစ် ရှုမြင်သင့်ကြောင်း ဖော်ပြခဲ့ပါသည် (2001: 154)။ အခြား ပညာရှင်များကလည်း ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံ

ဥပဒေများကို ရှင်းလင်းစွာ ခွဲခြားမှတ်မရဘဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ငြိမ်းချမ်းရေးသဘောတူညီချက် 'constitutional peace agreement' သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက်ဖွဲ့စည်းပုံအခြေခံဥပဒေ 'peace agreement constitution' အဖြစ် တစ်ပေါင်းတည်း ဖြစ်သွားနိုင်သည်ဟု ထောက်ပြပါသည် (Bell 2008; Easterday 2014)။ ဥပမာ ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ သည်လည်း ညှိနှိုင်းဆွေးနွေးထားသော ငြိမ်းချမ်းရေးသဘောတူညီချက် ပုံစံတစ်မျိုး (တောင်အာဖရိက မှာကဲ့သို့) သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်နိုင်ပါသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပါဝင်နေခြင်းလည်း (ဘော့စနီးယား ဟာဇီဂိုဗီနာမှာကဲ့သို့) ရှိပါသည်၊ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမည့်ပုံစံကို (မြောက်အိုင်ယာလန်မှာကဲ့သို့) ဖော်ပြထားနိုင်ပါသည်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်လုပ်ငန်းစဉ်အကြား နီးကပ်သော ဆက်စပ်မှုရှိသည်ဟု အားလုံးသဘောတူညီမှု ပေါ်ပေါက်လာလျက် ရှိပါသည် (Widner 2005; Bell 2000, 2008; Samuels 2005; Brandt et al. 2011; Easterday 2014)။

သို့သော် ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းအပေါ် သက်ရောက်ပုံကို နှံ့စပ်စွာ လေ့လာဖော်ပြချက် မရှိသေးပါ။ ဤစာတမ်းတွင် ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံဆိုင်ရာ ကိစ္စရပ်များကို အထူးသဖြင့် အောက်ဖော်ပြပါ မေးခွန်းများကို အဓိကထားလျက် လေ့လာသုံးသပ် ထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အသစ် ရေးဆွဲရာတွင် နိုင်ငံတော်၏ သဘောသဘာဝဆိုင်ရာ ကြိုတင်သဘောတူညီချက်တစ်ရပ်ရပ်အပေါ် မည်သည့် အတိုင်းအတာအထိ အခြေပြုသင့်ပါသနည်း။ ယင်းသို့သော သဘောတူညီမှုရရှိရန် နည်းလမ်းကိရိယာအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သည့်အတိုင်းအတာအထိ အသုံးပြုနိုင်ပါသနည်း။ ကြိုတင်သဘောတူညီချက် မရှိသော ပကတိအခြေအနေများတွင် အထူးသဖြင့် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို အောင်မြင်စွာ ရေးဆွဲနိုင်ပါသလား။ ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအတွက် ကောင်းမွန်သော အခြေအနေများမရှိလျှင် မည်သို့ လုပ်ဆောင်နိုင်ပါသနည်း။ ရှေ့နောက်စီစဉ်ပုံကို ပိုမိုရှင်ရှုပြုလုပ်ဆောင်ခြင်းဖြင့် အထောက်အကူဖြစ်နိုင်ပါသလား။ ငြိမ်းချမ်းရေးသဘောတူညီချက်နှင့် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ မူဘောင်တို့တွင် နိုင်ငံရေး/စစ်ရေး လက်တွေ့လုပ်ဆောင်နေသူများအကြား ပဋိပက္ခ အဆုံးသတ်ရေး အခြေခံသဘောတူညီချက်ပါရှိပါက လူ့အဖွဲ့အစည်းအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ပိုမိုကျယ်ပြန့်သော လုပ်ငန်းစဉ်များသည် မည်သည့်အခြေအနေများတွင် ယင်းသဘောတူညီချက်ကို ပျက်ပြားစေနိုင် သို့မဟုတ် ပံ့ပိုးပေးနိုင်ပါသနည်း။ ခေါင်းဆောင်များ သဘောတူညီချက်ရရှိသည့် လုပ်ငန်းစဉ်နှင့် ပိုမိုကျယ်ပြန့်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးတို့ လမ်းကြောင်း မလွဲစေဘဲ ဆက်လက်ဆောင်ရွက်နိုင်ရန် မည်သည့်နည်းလမ်းသည် အကောင်းဆုံး ဖြစ်ပါသနည်း။

ရှေ့နောက်စီစဉ်ခြင်း အဓိကအပိုင်းများကို နားလည်သဘောပေါက်ခြင်း

ရှေ့နောက်စီစဉ်ပုံကို နားလည်သဘောပေါက်ရန် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် လည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘော

တူညီချက်များရယူရာတွင်လည်းကောင်း၊ ကြားဖြတ် သို့မဟုတ် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများ ချမှတ်ရာတွင်လည်းကောင်း ဖြစ်ပွားသည့် ဖြစ်ရပ်အမျိုးအစားများနှင့် ယင်းဖြစ်ရပ်များက နိုင်ငံရေးဖြေရှင်းချက်အသစ်ရရှိရေး အထောက်အကူပြုပုံကို သတ်မှတ်ဖော်ပြပါက အသုံးဝင်မည် ဖြစ်ပါသည်။

'နိုင်ငံရေးဖြေရှင်းချက်' ဆိုသည်မှာ အဘယ်နည်း။

ဖွံ့ဖြိုးရေး လုပ်ဆောင်သူများသည် 'နိုင်ငံရေးဖြေရှင်းချက်' ဆိုသော ဝေါဟာရကို ပိုမို၍ အသုံးများလာကြရာ နိုင်ငံအတွင်း အာဏာကျင့်သုံးပုံကို ဖော်ပြသည့် တရားဝင်နှင့် အလွတ်သဘော နိုင်ငံရေး သဘောတူညီချက်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ နိုင်ငံရေးဖြေရှင်းချက်ကို နည်းလမ်းအမျိုးမျိုး အဓိပ္ပာယ်ဖော်ပြနိုင်ပါသည်။ လေ့လာသုံးသပ်ရာတွင် အသုံးပြုနိုင်မည့် အသုံးဝင်သော အဓိပ္ပာယ် ဖော်ပြချက်တစ်ရပ်မှာ 'သာမန်အားဖြင့် နိုင်ငံရေးခေါင်းဆောင်ပိုင်းများအကြား နိုင်ငံရေး အာဏာကျင့်သုံးမှု မူဘောင်တစ်ရပ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် မိမိတို့၏ အကောင်းဆုံး အကျိုးစီးပွား သို့မဟုတ် ယုံကြည်ချက်များကို အကောင်းဆုံးဖော်ဆောင်နိုင်ကြောင်း တူညီသော နားလည်သဘောပေါက်မှုရရှိရန် ဆောင်ရွက်ခြင်း' ဖြစ်ပါသည်။ (di John and Putzel 2009: 4; Whaites 2008: 4; OECD 2011: 31; Fritz and Menocal 2007: 27; DFID 2010: 22; Kahn 2005, 2010; Parks and Cole 2010: 6; Barnes 2009: 9 ကိုကြည့်ရန်).

နိုင်ငံရေးဖြေရှင်းချက်ကို အဓိပ္ပာယ်ဖော်ပြပုံအများစုတွင် နိုင်ငံရေးခေါင်းဆောင်ပိုင်းများ၏ အချက်အချာ အခန်းကဏ္ဍကို အလေးအနက်ဖော်ပြထားပြီး ပညာရပ်စာအုပ်စာတမ်းများတွင် ရေရှည်တည်တံ့သော ဖြေရှင်းချက်များ ရရှိရန်နှင့် ကောင်းမွန်သော ဖွံ့ဖြိုးမှုရလဒ်များ ထွက်ပေါ်ရန် အဓိက လူမှုအုပ်စု အားလုံး (သို့မဟုတ် အများစု) ပါဝင်သည့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းနှင့် အစိုးရအကြား သဘောတူညီချက် များ အပေါ် မူတည်နေသည်ဟုလည်း အသိအမှတ်ပြုကြပါသည် (Barnes 2009: 18)။ မကြာသေးမီက လေ့လာတွေ့ရှိချက်များအရ ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းအတွင်းမှ အင်အားစုများသည် ခေါင်းဆောင်ပိုင်းများအပေါ် တစ်ခါတစ်ရံ သြဇာသက်ရောက် နိုင်ပါသည်။ သို့ဖြစ်၍ ကျယ်ပြန့်စွာ လူ့အဖွဲ့အစည်းအတွင်း ပါဝင်နိုင်စေခြင်းဖြင့် ဖြေရှင်းချက်ရရှိရန်နှင့် ရေရှည်တည်တံ့ရန် အထောက်အကူ ဖြစ်နိုင်ပါသည် (Castillejo 2014; Laws 2012; Menocal 2015)။

နိုင်ငံရေးဖြေရှင်းချက် အယူအဆတွင် မတူညီသော အရင်းအမြစ်နှင့် အဓိပ္ပာယ်အချို့ ရှိခြင်းကြောင့် မရှင်းလင်းဟု ဝေဖန်ကြခြင်းများရှိပါသည်။ အထူးသဖြင့် 'နိုင်ငံရေးဖြေရှင်းချက်' နှင့် 'ငြိမ်းချမ်းရေး ဖြေရှင်းချက်' ကို ထပ်တူထား၍ အလဲအလှယ်သုံးစွဲကြခြင်း ဖြစ်ပါသည် (Bell 2015; Ingram 2014)။ ဤစာတမ်းတွင် နိုင်ငံရေးဖြေရှင်းချက်ဆိုသည်မှာ အများမြင်တွေ့ရလေ့မရှိဘဲ ခေါင်းဆောင်ပိုင်းများ အကြားတွင်ဖြစ်စေ၊ ခေါင်းဆောင်ပိုင်းများနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းအကြားတွင်ဖြစ်စေ အာဏာကို ကန့်သတ်ထိန်းချုပ်ပုံနှင့် ကျင့်သုံးပုံ သဘောတူညီချက်ဖြစ်ပါသည်။ နိုင်ငံရေး စီးပွားရေး အဓိပ္ပာယ်ဖော်ပြချက်များတွင်မူ နိုင်ငံရေးဖြေရှင်းချက်များသည် ငြိမ်းချမ်းရေး ဖြေရှင်းချက်များ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြေရှင်းချက်များနှင့် ဆက်စပ်နေသော်လည်း တူညီခြင်းမရှိဘဲ သီးခြားစီဖြစ်ကြောင်းဖော်ပြလေ့ရှိပါသည်။ နိုင်ငံရေးဖြေရှင်းချက်သည်

နိုင်ငံအတွင်း ငြိမ်းချမ်းရေးဖြေရှင်းချက်ပါ အချက်များ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် နီးကပ်စွာ ဆက်နွယ်နေသော်လည်း နိုင်ငံရေးဖြေရှင်းချက်တွင် ငြိမ်းချမ်းရေး သဘောတူညီချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အခြေခံဖြစ်သော နိုင်ငံရေး နားလည်မှုများ ပါဝင်ပါသည်။ နိုင်ငံရေးဖြေရှင်းချက်အသစ်ကို ရှင်းလင်းစွာလက်ခံခြင်း မရှိသေးသော အခြေအနေတွင် ငြိမ်းချမ်းရေး သဘောတူညီချက်များ ချုပ်ဆိုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်များ ရေးဆွဲခြင်း အကြောင်းများကို ဤစာတမ်းတွင် အဓိကထား လေ့လာသုံးသပ်ထားပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ဆိုသည်မှာ အဘယ်ပါနည်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သို့မဟုတ် ငြိမ်းချမ်းရေး ဆွေးနွေးခြင်းများဆိုသည်မှာ ပဋိပက္ခတွင် ပါဝင်နေသော နိုင်ငံရေး နှင့်/သို့မဟုတ် စစ်ရေးခေါင်းဆောင်ပိုင်းများ ပဋိပက္ခအဆုံးသတ်ရေး နှစ်ဘက်သဘောတူညီမှု တစ်မျိုးမျိုးရရှိရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖော်ပြနိုင်ပါသည်။[2] ငြိမ်းချမ်းရေးသဘောတူညီချက်များဆိုသည်မှာ ပဋိပက္ခတွင် ပါဝင်သူအားလုံး (သို့မဟုတ် အချို့) ဆွေးနွေးပြီး လူသိရှင်ကြားထုတ်ပြန်သော တရားဝင် စာရွက်စာတမ်းဖြစ်ပြီး ယင်းပါဝင်သူများ အကြား ရုပ်ပိုင်းအကြမ်းဖက်မှုကိုဖြေရှင်းရန်နှင့် အဆုံးသတ်ရန်လိုအပ်ချက်နှင့် စပ်လျဉ်း၍ အဓိကအားဖြင့် သဘောတူညီမှုအဆင့်တစ်ခုကို ထင်ဟပ်သည်ဟု အဓိပ္ပာယ်ဖော်ပြနိုင်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှ ငြိမ်းချမ်းရေးသဘောတူညီချက် ရယူသောလမ်းကြောင်း အများအပြားရှိပြီး ရှုပ်ထွေးသည်ကို တွေ့နိုင်ပါသည်။ (က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သို့မဟုတ် အခြားသော မဆွေးနွေးမီ သဘောတူညီချက်ရယူခြင်းဖြင့် တိုက်ခိုက်နေသူများအကြား တရားဝင် ဆွေးနွေးရေး သဘောတူညီချက်ရရှိရန် ကြိုးပမ်းခြင်း (ခ) ထို့နောက် ပဋိပက္ခဖြစ်ပွားရသည့် အဓိကကိစ္စရပ်များကို ဖြေရှင်းသော သဘောတူညီချက်များဖြစ်သည့် မူဘောင်သဘော တူညီချက်များ သို့မဟုတ် ဘက်စုံသဘောတူညီချက် တစ်ရပ်ရယူခြင်း (ဂ) ဆက်လက်၍ ရရှိပြီး သဘောတူညီချက်များကိုအကောင်အထည်ဖော်ရန် သို့မဟုတ် ကိစ္စရပ်အသစ်များကို သဘောတူညီချက်တွင် တိုးချဲ့ထည့်သွင်းရန် သို့မဟုတ် သဘောတူညီချက်တွင် ပါဝင်သူများ ထပ်မံထည့်သွင်းရန် ရည်ရွယ်သည့် အကောင်အထည်ဖော်ရေး သဘောတူညီချက်များ ရယူခြင်းတို့ ဖြစ်ပါသည် (Bell 2006, 2008)။ အကူးအပြောင်းနိုင်ငံရေး အစီအမံများ၊ ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အပြီးသတ်

[2] ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ပဋိပက္ခနှင့်ဆက်စပ်၍ သေဆုံးသူအရေအတွက် ၂၅ ထက်ကျော်လွန်ပါက ပဋိပက္ခ 'conflict' ဖြစ်နေသည်ဟု အဓိပ္ပာယ်ဖော်ပြပါသည် (Uppsala Conflict Data Program n. d.)။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်းများကိုလည်း အလားတူ အောက်ပါအတိုင်း အဓိပ္ပာယ်သတ်မှတ်ပါသည်။ 'ဆွေးနွေးခြင်း negotiation ဆိုသည်မှာ တိုက်ပွဲဆင်နွှဲနေသော နှစ်ဘက် သို့မဟုတ် ထို့ထက်ပိုသော အဖွဲ့များ (နိုင်ငံများ သို့မဟုတ် တစ်နိုင်ငံတည်းအတွင်းမှ အဖွဲ့များ) သည် မိမိတို့၏ လိုလားချက်များ ရရှိနိုင်မည့်ဖြေရှင်းချက်ကို ရှာဖွေရန် သဘောတူညီထားသောနေရာတွင် ကွဲပြားခြားနားမှုများကို ဆွေးနွေးရန် သဘောတူညီချက် ရယူသည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။ .... ငြိမ်းချမ်းရေးလုပ်ငန်းစဉ် peace process ဆိုသည်မှာ ဆွေးနွေးမည့် အကြောင်းအရာ အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြီးနောက် ဆွေးနွေးပွဲအချိန်ဇယား၊ ဆွေးနွေးရာတွင် ကူညီပံ့ပိုးမည့်သူများနှင့်တကွ ဆွေးနွေးပွဲ အစီအမံကို အခိုင်အမာချမှတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးဆွေးနွေးခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော အဆင့်တစ်ဆင့် ဖြစ်ပါသည် (Fisas 2015: 5–6)။

ဖွဲ့စည်းပုံအခြေခံဥပဒေများကို မျဉ်းဖြောင့်ပုံစံ တစ်ခုပြီးတစ်ခု ဆောင်ရွက်ခြင်းမဟုတ်ဘဲ မကြာခဏ ရှုပ်ထွေးသော ရှေ့နောက်အစီအစဉ်များဖြင့် ဆောင်ရွက်ကြလေ့ ရှိပါသည်။ ပဋိပက္ခချုပ်ငြိမ်းရေးသို့ ဦးတည်လိုက်၊ ပဋိပက္ခဘက်သို့ ဦးတည်လိုက် အပြောင်းအလဲများလည်း ဖြစ်တတ်ပါသည်။

အကူးအပြောင်းနိုင်ငံရေးအစီအမံများ၊ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေများဆိုသည်မှာ မည်သည်တို့ပါနည်း။

အခန်း ၃ ပါ အချက်အလက်များတွင် ဖော်ပြထားသည့်အတိုင်း ပဋိပက္ခကြောင့် ထိခိုက်သော အခြေအနေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် တစ်ဆင့်ချင်း ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုံစံအသီးသီးတွင် အပြီးသတ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်/သို့မဟုတ်ရွေးကောက်ပွဲများအတွက်လမ်းခင်းပေးရန်ကြိုးပမ်းဆောင်ရွက်နိုင်ပါသည်။[3] 'အပြီးသတ်' ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်ရေး လမ်းကြောင်းမှာ ဥပမာအားဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက် (သို့မဟုတ် သီးခြားအကူးအပြောင်း နိုင်ငံရေးပဋိညာဉ်) တွင် ပါဝင်သော အခြေခံမျှသာဖြစ်သည့် အကူးအပြောင်း နိုင်ငံရေး အစီအမံမှ အပြီးသတ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းမည့် လုပ်ငန်းစဉ်ကို ဖော်ပြထားသော အကူးအပြောင်းကာလတွင် ကျင့်သုံးမည့်ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေသို့အဆင့်ဆင့်တိုးတက်ပြောင်းလဲသွားနိုင်ပါသည်။

အကူးအပြောင်းနိုင်ငံရေး အစီအစဉ်များ၊ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် 'အပြီးသတ်' ဖွဲ့စည်းပုံအခြေခံဥပဒေများ အားလုံးသည် နိုင်ငံအတွက် 'လုပ်ပိုင်ခွင့်အာဏာ ဖော်ပြချက်' များဖြစ်ပြီးအစိုးရဖွဲ့စည်းအုပ်ချုပ်ရန်ဥပဒေအခြေခံဖြစ်ပါသည်။ သို့ရာတွင်ဂင်းတို့အတည်ဖြစ်သည့် အချိန်ကာလ၊ အသေးစိတ်ပြဋ္ဌာန်းချက်များ ပါဝင်သည့်အဆင့် နှင့်/သို့မဟုတ် ရည်ရွယ်ချက် မတူညီကြပါ။ အခန်း ၃ တွင် ဖော်ပြထားသည့် နိုင်ငံ ၂၃ နိုင်ငံကို မလေ့လာမီ ယင်းအစီအမံများအကြား ကွာခြားချက်များကို ရှင်းလင်းဖော်ပြပါမည်။

အကူးအပြောင်း (ကြားဖြတ်) နိုင်ငံရေး အစီအမံ (transitional (or interim) political arrangement) ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာဖော်ပြချက် အသေးစားဖြစ်ပါသည်။ အကူးအပြောင်းကာလအတွင်း လုပ်ပိုင်ခွင့်အာဏာကို စွဲကိုင်ကျင့်သုံးမည့် နည်းလမ်းကို သတ်မှတ်ဖော်ပြပါသည်။ ယခင်ဖွဲ့စည်းပုံတွင် ပြဋ္ဌာန်းထားသည့် အဖွဲ့အစည်းများအနက်မှ အနည်းဆုံးအချို့ကို အစားထိုးလေ့ ရှိပါသည်။ အကူးအပြောင်း နိုင်ငံရေးအစီအမံများသည် အကူးအပြောင်းအတွက် အုပ်ချုပ်မှုစုဖွဲ့ပုံအသစ်ကို ဖော်ပြခြင်းဖြစ်ရာ ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် တစ်ပါတည်း ပါဝင်သည်လည်း ရှိပါသည်။ မပါဝင်ဘဲလည်း ဖြစ်နိုင်ပါသည်။ ကြားဖြတ်အစီအမံများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ အစီအစဉ် အပြည့်အစုံ ပါဝင်ခြင်းမရှိဘဲ တိုတောင်းသော အကူးအပြောင်း ကာလ တစ်ရပ်အတွက် အစိုးရဖွဲ့စည်းအုပ်ချုပ်ရေး အခြေခံအဖြစ် ဥပဒေမူဘောင်အကျဉ်း ချမှတ်ခြင်း ဖြစ်သောကြောင့် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အနည်းငယ်ကွာခြားပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများကဲ့သို့ အစီအမံတစ်ရပ်လုံးအတွက် ဥပဒေအားလုံးအပေါ် လွှမ်းမိုးမှု

[3] ဤစာတမ်းတွင် ရွေးကောက်ပွဲကျင်းပခြင်းဖြင့် အဆုံးသတ်သော နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များထက် ဖွဲ့စည်းပုံ အခြေခံဥပဒေ အစီအစဉ်သစ်ဖြင့် အဆုံးသတ်သော နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များကို အဓိကဖော်ပြထားပါသည်။

ပုံစံသစ်တစ်ရပ် မပါဝင်ပါ။ ယခင်ဥပဒေ စုဖွဲ့ပုံများ ပြင်ပတွင်ဆောင်ရွက်ခြင်း ဖြစ်နိုင်သကဲ့သို့ တည်ဆဲတရားဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများအတွင် ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုသည်မှာ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ မပြဋ္ဌာန်းနိုင်မီ ကန့်သတ်ထားသော အချိန်ကာလတစ်ခုအတွင်း ဥပဒေအားလုံးအပေါ် လွှမ်းမိုးသော နိုင်ငံတည်ဆောက်ပုံဥပဒေ ဖြစ်ပါသည်။ သို့ဖြစ်၍ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် (က) (အကူးအပြောင်းကာလ) အစိုးရအဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ပေးပါသည်၊ (ခ) ဥပဒေအားလုံးအပေါ် လွှမ်းမိုးကြောင်း တရားဝင်ပြဋ္ဌာန်းပါသည်၊ (ဂ) အချိန်ကန့်သတ်ထားပါသည်၊ (ဃ) ဆက်လက်ဆောင်ရွက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်အတွက် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည် (Zulueta-Fülscher 2015: 9)။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ဇစ်မြစ်နှင့် အခန်းကဏ္ဍအမျိုးမျိုး ရှိပါသည်။ တစ်ခါတစ်ရံ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပဋ္ဌိပက္ခတွင် အဓိက ပါဝင်သူများအကြား ဆွေးနွေးညှိနှိုင်း သဘောတူညီချက်၏ ရလဒ်အဖြစ် အနာဂတ် နိုင်ငံတော်တည်ဆောက်ပုံဆိုင်ရာ နိုင်ငံရေး/စစ်ရေး ညှိနှိုင်းဆွေးနွေးဖြေရှင်းချက်များကို ထင်ဟပ်ဖော်ပြသောကြောင့် လက်တွေ့အားဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက် ဖြစ်ပါသည် (ဥပမာ ၁၉၉၄ ခုနှစ် တောင်အာဖရိက ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ)။ ထိုသို့မဟုတ်ဘဲ ငြိမ်းချမ်းရေးသဘောတူညီချက်အရ နှစ်ဘက်ညှိနှိုင်းလျက် ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခြင်းလည်း ရှိပါသည် (ဥပမာ ၂၀၀၅ ခုနှစ် ဆူဒန် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ)။ ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ငြိမ်းချမ်းရေးသဘောတူညီချက်ဖြစ်သည် သို့မဟုတ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ထွက်ပေါ်လာသော နိုင်ငံတည်ဆောက်ပုံဥပဒေဖြစ်သည် ဟူသော အချက်မှာ မသဲကွဲဘဲလည်း ရှိနိုင်ပါသည်။

အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ များမှာ ထာဝရတည်မြဲသည့် ဥပဒေများ မဟုတ်ပါ။ အပြီးသတ်ဆိုသော်လည်း ပြင်ဆင်ခြင်း ပြောင်းလဲခြင်းများ ရှိမည်သာ ဖြစ်ပါသည်။ သို့သော် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ကာလကန့်သတ်ချက် မထားရှိပါ။[4] ထို့ကြောင့် ယာယီအကူးအပြောင်းအတွက်သာ အတိအလင်းပြဋ္ဌာန်းသော ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ကွဲပြားစေရန် 'အပြီးသတ်' 'final' ဟု သုံးနှုန်းခြင်းဖြစ်ပါသည်။ သာမန်အားဖြင့် အပြီးသတ်ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ပြင်ဆင်ချက်များ ပြုလုပ်ပုံပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုလုံးကို အစားထိုးပြဋ္ဌာန်းပုံ ပြဋ္ဌာန်းချက်များပင် ပါဝင်လေ့ရှိပါသည်။

အခန်း ၃ တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း အချိန်ကာလအားဖြင့် ရှေ့နောက်စီစဉ် ဆောင်ရွက်ပုံ နည်းလမ်းများကို လေ့လာဖော်ပြထားပါသည်။ ထို့အပြင် ပိုမိုအရေးပါသော အပိုင်းဖြစ်သည့် ဆွေးနွေးညှိနှိုင်းသည့် လုပ်ငန်းစဉ်အတွင်း သက်ဆိုင်ပါဝင်သူများ နိုင်ငံရေး ဖြေရှင်းချက်ရရှိသည့် အတိုင်းအတာအားဖြင့် ရှေ့နောက်စီစဉ်ပုံ၊ ငြိမ်းချမ်းရေး ရေရှည်တည်တံ့ရန်အတွက် ယင်းနိုင်ငံရေးဖြေရှင်းချက်၏ အကျိုးဆက်များကိုလည်း ဆွေးနွေးထားပါသည်။

---

[4] ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ပျမ်းမျှသက်တမ်းမှာ Ginsburg, Elkins and Blount (2009) တို့ အလိုအရ ၁၉နှစ် ဖြစ်ပါသည်။

အခန်း - ၃

နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးနောက်စီစဉ်ဆောင်ရွက်ခြင်း - အသွင်အပြင်များနှင့် ကိစ္စရပ်များ

နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်များ အမှန်တကယ် လုပ်ဆောင်ခဲ့ပုံများကို လေ့လာသုံးသပ်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှအစပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များ ပြီးဆုံးသည်အထိ ရှေ့နောက်စီစဉ် ဆောင်ရွက်ပုံနည်းလမ်းအမျိုးမျိုးကို ပိုမိုရှိ စနစ်ကျစွာ လေ့လာသုံးသပ်နိုင်ပါမည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ထိခိုက်လွယ်သောအခြေအနေများနှင့် ပဋိပက္ခကြောင့် ထိခိုက်သော နယ်မြေဒေသများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အသစ် ချမှတ်ပြီးသည်အထိ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ကို ပြန်လည်ပြင်ဆင်ပြီးသည်အထိ (ယင်းတို့အနက် အချို့မှာ ထပ်မံပြင်ဆင်ရန် ဖိအားပေးခြင်းခံနေရဆဲ ဖြစ်ပါသည်)[5] ဆောင်ရွက်ပြီးစီးသော ငြိမ်းချမ်းရေးဖြေရှင်းချက် လုပ်ငန်းစဉ် ၂၃ ခု ရှိပါသည်။ ယင်းဖြစ်ရပ်များကို လေ့လာသုံးသပ်ပါက နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်များသည် ငြိမ်းချမ်းရေးသဘောတူညီချက်၊ အကူးအပြောင်း နိုင်ငံရေးအစီအစဉ် သို့မဟုတ် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့ဖြင့် စတင်နိုင်ပြီး နောက်ဆုံးအပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း မပြုနိုင်မီ (သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံကျကျ ပြင်ဆင်ချက်များ မပြုလုပ်နိုင်မီ) အခြားလုပ်ငန်းအဆင့်များလည်း ပါဝင်နိုင်သည်ကို တွေ့ရပါသည်။ ယင်းလုပ်ငန်းစဉ် ၂၃ ခုမှာ ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံ ၄ မျိုးတွင် အရေအတွက် အညီအမျှ နီးပါးမျှ ပါဝင်လျက်ရှိပါသည်။

---

[5] လေ့လာသုံးသပ်ထားသော နိုင်ငံ ၂၃ နိုင်ငံမှာ အာဖဂန်နစ္စတန် Afghanistan, ဘော့စနီးယား ဟာဇီဂိုဗီနာ Bosnia and Herzegovina, ဘူရွန်ဒီ Burundi, ကမ္ဘောဒီးယား Cambodia, အာဖရိကအလယ်ပိုင်းသမ္မတနိုင်ငံ Central African Republic, ချဒ် Chad, ကိုလံဘီယာ Colombia, ကိုမိုရို့စ် Comoros, ကွန်ဂိုဒီမိုကရစ်တစ်သမ္မတနိုင်ငံ Democratic Republic of Congo, အယ်ဆာဗေဒို El Salvador, အရှေ့တီမော East Timor, အီဂျစ် Egypt, ဂီနီ Guinea, အီရတ် Iraq, ကင်ညာ Kenya, ကိုဆိုပို Kosovo, မဒါဂတ်စကာ Madagascar, မိုဇမ်ဘစ် Mozambique, နီပေါ Nepal, ဘူဂန်ဗီးလ် (ပါပူအာနယူးဂီနီ) Bougainville (Papua New Guinea), ရဝမ်ဒါ Rwanda, တောင်အာဖရိက South Africa နှင့် ဇင်ဘာဘွေ Zimbabwe တို့ ဖြစ်ပါသည်။ ဤစာတမ်း ရေးသားချိန်တွင် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ် ပြီးစီးပြီး အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးစီးခြင်း မရှိသေးသောနိုင်ငံများကို ထည့်သွင်းလေ့လာခြင်းမပြုပါ။ အီရီထရီယာ Eritrea (၁၉၉၂ခုနှစ် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် ကျင့်သုံးနေဆဲဖြစ်ပါသည်), လစ်ဗျား Libya, ဆိုမာလီယာ Somalia, တောင်ဆူဒန် South Sudan, ဆူဒန် Sudan နှင့် ယီမင် Yemen တို့ ဖြစ်ပါသည်။ နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် မပြီးစီးသေးသော နိုင်ငံ သုံးနိုင်ငံဖြစ်သည့် လစ်ဗျား Libya, ဆိုမာလီယာ Somalia နှင့် ယီမင် Yemen တို့ကို အခန်း ၄ တွင် လေ့လာသုံးသပ် တင်ပြထားပါသည်။

၁။ တစ်စိတ်တစ်ဒေသ ငြိမ်းချမ်းရေး (သို့မဟုတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး) သဘောတူညီချက်များ (အကူးအပြောင်း နိုင်ငံရေးအစီအမံများ မပါဝင်) ဦးစွာရယူပြီး ဆက်လက်၍ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဟောင်းကို အခြေခံကျကျ ပြန်လည်ပြင်ဆင်ခြင်း

၂။ အကူးအပြောင်း နိုင်ငံရေးအစီအမံများကို (ငြိမ်းချမ်းရေး သဘောတူညီချက်တွင် ထည့်သွင်း၍ ဖြစ်စေ၊ သီးခြား သဘောတူညီချက် ချုပ်ဆို၍ဖြစ်စေ) ဦးစွာပြုလုပ်ပြီး ဆက်လက်၍ အပြီးသတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်း

၃။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် (ဦးစွာ ငြိမ်းချမ်းရေး / ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရယူသည်များလည်းရှိပါသည်) ငြိမ်းချမ်းရေး သဘောတူညီချက်သဖွယ် အသုံးပြုပြီး အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်ခြင်း

၄။ အမှတ်စဉ် ၂ နှင့် အမှတ်စဉ် ၃ ကို တစ်နည်းနည်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အကူးအပြောင်း နိုင်ငံရေးအစီအမံများ လုပ်ဆောင်ပြီး ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းလျက် ဆက်လက်၍ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲခြင်း

ရှေ့နောက်အစီအစဉ်လေးမျိုး ရှင်းလင်းဖော်ပြချက်

၁။ တစ်စိတ်တစ်ဒေသ ငြိမ်းချမ်းရေး (သို့မဟုတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး) သဘောတူညီချက်များ ဦးစွာရယူပြီး ဆက်လက်၍ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းကို အခြေခံကျကျ ပြန်လည်ပြင်ဆင်ခြင်း



တစ်ခါတစ်ရံ ငြိမ်းချမ်းရေးသဘောတူညီချက်များ ရယူပြီးနောက် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့်များ မလုပ်ဆောင်တော့ဘဲ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်ရိုက်ဆက်လက်ဆောင်ရွက်ပါသည်။ လေ့လာသုံးသပ်မည့် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် လေးခု (ကိုလံဘီယာ Colombia, အယ်ဆာဗေဒို El Salvador, မိုဇမ်ဘစ် Mozambique နှင့် ဘော့စနီးယား ဟာဇီဂိုဗီနာ Bosnia and Herzegovina) မှာ ယေဘုယျအားဖြင့် ဤပုံစံဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ဤရှေ့နောက်စီစဉ်ပုံတွင် ပါဝင်လေ့ရှိသည့် လုပ်ငန်းအဆင့်များမှာ (က) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကိုအဓိကထားသည့်ငြိမ်းချမ်းရေးသဘောတူညီချက်ရယူခြင်း(ခ)လက်နက်ကိုင်အဖွဲ့များ ဖျက်သိမ်းပြီး နိုင်ငံတော်၏ နိုင်ငံရေးအဖွဲ့အစည်းများနှင့် တရားဝင်အဖွဲ့အစည်းများတွင် ပေါင်း

စည်းပါဝင်စေခြင်း (၈) ပိုမိုကျယ်ပြန့်စွာ ဒီမိုကရေစီကျင့်သုံးရေး၊ လူ့အဖွဲ့အစည်းအတွင်း ပေါင်းစည်းပါဝင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ကတိကဝတ်ပြုခြင်းတို့ဖြစ်ပါသည်။

ဘော့စနီးယား ဟာဇီဂိုဗီနာ Bosnia and Herzegovina မှလွဲ၍ ဤအစီအစဉ်ဖြင့် ဆောင်ရွက်သော နိုင်ငံများတွင် အစိုးရနှင့် အတိုက်အခံလက်နက်ကိုင်အဖွဲ့အစည်းများအကြား ၁၉၉၀ ပြည့်နှစ်များတွင် ငြိမ်းချမ်းရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့နောက် ယင်းငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ချိတ်ဆက်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့် ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြပါသည်။ လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး သဘောတူညီခက်အများ (ကိစ္စရပ်တစ်ခုစီအတွက်) ချုပ်ဆိုရလေ့ရှိပြီး နောက်ဆုံး ဘက်စုံငြိမ်းချမ်းရေး သဘောတူညီချက် ရယူပါသည်။ (ကိုလံဘီယာ Colombia တွင်မူ ငြိမ်းချမ်းရေးသဘောတူညီချက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် 'peace agreement constitution' ကို ၁၉၉၁ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းပါသည်။) ဤသို့ ငြိမ်းချမ်းရေးသဘောတူညီချက် ရယူပြီးနောက် တိုက်ရိုက်ဆက်လက်၍ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမှာ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် အသေးစိတ် ပြဋ္ဌာန်းချက်များပါဝင်ခြင်း၊ ကြားကာလတွင် အုပ်ချုပ်နိုင်သည့် အဖွဲ့အစည်းစနစ်ပိုင်းမူဘောင် ရှိနှင့်ပြီး ဖြစ်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖြေရှင်းချက်ရယူရန် နိုင်ငံတော်က ဆောင်ရွက်စဉ် ပဋ္ဌိပက္ခဆက်ဆံရေးများ အခြေအနေ (ပိုမိုကျယ်ပြန့်သော တိုးတက်သည့် လူမှုလုပ်ရှားမှုများ အခြေအနေ) တို့ကြောင့် ဖြစ်ပါသည်။ အစီအမံများကို တိုးတက်လုပ်ဆောင်ရန်နှင့် အဖွဲ့အစည်းစနစ်တည်ထောင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို သဘောတူညီချက်ရယူပြီးမကြာမီဖြစ်စေ အချို့နိုင်ငံများတွင် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးမှဖြစ်စေ ဆက်လက်ဆောင်ရွက်ပါသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်ရယူပြီး တိုက်ရိုက်ဆက်လက်၍ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းသည့် လမ်းကြောင်း၏ အားသာချက်မှာ နိုင်ငံတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်လုပ်ငန်းစဉ် မစတင်မီ ပဋ္ဌိပက္ခ အဆုံးသတ်ရေး သဘောတူညီကြခြင်း ဖြစ်ပါသည်။ ယင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် နိုင်ငံရေး/စစ်ရေး သဘောတူညီချက် အခြေခံပင်ဖြစ်ပါသည်။ အားနည်းချက်အနေဖြင့် ဆန့်ကျင်ဘက်ဖြစ်သော အန္တရာယ်နှစ်မျိုးရှိလာနိုင်ပါသည်။ ပထမအန္တရာယ်မှာ နိုင်ငံရေးဖြေရှင်းချက် ရရှိရေးအတွက် အားကောင်းသော စစ်ရေးပါဝင်ဆောင်ရွက်သူများ ပါဝင် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်၍ ၎င်းတို့ကသာ ဖွဲ့စည်းပုံအခြေခံဥပဒေအနှစ်သာရကို ပုံဖော်သွားပြီး ပိုမိုကျယ်ပြန့်သော လူအဖွဲ့အစည်းအတွင်း လုပ်ငန်းစဉ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကတိကဝတ်များကို နက်ရှိုင်းစေရန် သို့မဟုတ် ပြည့်စုံစေရန် လုပ်ဆောင်ခွင့်မရရှိခြင်း ဖြစ်နိုင်ပါသည်။ ဥပမာ ဘော့စနီးယား ဟာဇီဂိုဗီနာ Bosnia and Herzegovina တွင် ငြိမ်းချမ်းရေး သဘောတူညီချက်မှ ဖွဲ့စည်းပုံအခြေခံဥပဒေသို့ တစ်ဆင့်တည်းသော လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ခဲ့ရာ အဓိက အရေးပါသည့် နိုင်ငံရေး စစ်ရေးအဖွဲ့များသာ ပါဝင်နိုင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ် ဒေတန်ငြိမ်းချမ်းရေး သဘောတူညီချက် Dayton Peace Agreement နှင့် ၁၉၉၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ငြိမ်းချမ်းရေး သဘောတူညီချက်တွင် နောက်ဆက်တွဲအဖြစ် ထည့်သွင်းခဲ့သည်) တို့ဖြင့် ပဋ္ဌိပက္ခကို အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့သော်လည်း နိုင်ငံအတွင်း ခေါင်းဆောင်ပိုင်းအချင်းချင်း ချုပ်ဆို

ခဲ့သည့် ဤကနဦး သဘောတူညီချက်ကိုကျော်လွန်ပြီး ပိုမိုကျယ်ပြန့်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ အုပ်ချုပ်မှုကို မဖော်ဆောင်နိုင်ဘဲ ဖြစ်နေပါသည်။ စင်စစ် ခေါင်းဆောင်ပိုင်းများ 'အာဏာ ခွဲဝေသည့်' စာချုပ်ကို အမြဲတမ်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြေရှင်းချက်အဖြစ် ငြိမ်းချမ်းရေးသဘော တူညီချက်တွင် ထည့်သွင်းလိုက်ခြင်း ကြောင့် ပဋ္ဌိပက္ခ၏ အရင်းအမြစ်ဖြစ်သော ကွဲပြားမှုများသည် အခိုင်အမာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ ဖြစ်သွားပါသည် (ICG 2014b)။

ငြိမ်းချမ်းရေးသဘောတူညီချက်ရယူပြီး တိုက်ရိုက်ဆက်လက်၍ အပြီးသတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲပြဋ္ဌာန်းသည့် လမ်းကြောင်း၏ ဒုတိယအန္တရာယ်မှာ အထက်တွင် ဖော်ပြခဲ့သည့် အနေအထားနှင့် ဆန့်ကျင်ဘက်အခြေအနေဖြစ်ပါသည်။ နိုင်ငံရေးဖြေရှင်းချက်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ယေဘုယျ ကတိကဝတ်သာပါဝင်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ၏ ရှုပ်ထွေးသော 'အကောင်အထည်ဖော်ရေး' လုပ်ငန်းအဆင့် တစ်စိတ်တစ်ဒေသအဖြစ် ဖြေရှင်း ရန်ချန်ထားခဲ့ခြင်း ဖြစ်ပါသည်။ အဓိကအားဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများကို ဖျက်သိမ်းပြီး တပ်မတော်တွင် ပေါင်းစည်းထည့်သွင်းရသည့် နိုင်ငံများတွင် လက်ရှိအစိုးရသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပိုမိုရှိ၍အများပါဝင်နိုင်စေရေးပြုပြင်ပြောင်းလဲပေးခြင်းမရှိဘဲငြိမ်းချမ်းရေးဆွေးနွေး ရာမှရရှိသည့် အကျိုးအမြတ်များ (ဥပမာ အစိုးရအာဏာကို ခြိမ်းခြောက်အန္တရာယ်ပြုနိုင်သည့် လက်နက်ကိုင် အဖွဲ့အစည်းများကို ဖျက်သိမ်းစေခြင်း) ကို ရယူသွားခြင်း ဂွာတီမာလာ Guatemala နိုင်ငံမှာကဲ့သို့ ဖြစ်နိုင်ပါသည် (Brett and Delgado 2005)။

၂။ အကူးအပြောင်း နိုင်ငံရေး အစီအစဉ်များဆောင်ရွက်ပြီး ဆက်လက်၍ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ ပြဋ္ဌာန်းခြင်း



ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ငြိမ်းချမ်းရေးသဘောတူညီချက် ရယူသည့် အခါ အကူးအပြောင်းကာလတွင် အုပ်ချုပ်ရန် အကူးအပြောင်းနိုင်ငံရေး အစီအစဉ်တစ်မျိုးမျိုး ပါဝင်လေ့ရှိပါသည်၊ သို့မဟုတ် သာမန်အားဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီပြီး နောက် အကူးအပြောင်း အစီအမံများကို သီးခြားသဘောတူညီလေ့ ရှိပါသည်။ အကူးအပြောင်း နိုင်ငံရေးအစီအစဉ်များသည် သီးခြား ဆောင်ရွက်သည်ဖြစ်စေ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းဆောင်ရွက်သည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းရန် (နှင့်/သို့မဟုတ် ရွေးကောက်ပွဲစနစ်တည်ထောင်ရန်) ရည်ရွယ်ချက်ဖြင့် အချိန်ကာလတစ်ခုအတွင်း အုပ်ချုပ်မည့် အကူးအပြောင်း အဖွဲ့အစည်းများကို ယာယီအကန့်အသတ်ဖြင့် တည်ထောင်ခြင်းဖြစ်ပါသည်။[6]

[6] ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြေရှင်းချက်အသစ် ရယူခြင်းမဟုတ်ဘဲ ရွေးကောက်ပွဲကျင်းပနိုင်ရန် ဆောင်ရွက်သော နိုင်ငံရေး ဖြေရှင်းချက် လုပ်ငန်းစဉ်များ (ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် ကြိုးစားဆဲဖြစ်လေ့ရှိပါသည်) ကို ကိုဒီဗွား (အိုင်ဗရီကိုစ်) Côte d'Ivoire, ဂါဘွန် Gabon, လက်ဘနွန် Lebanon, လိုက်ဘေးရီးယား Liberia, မာလီ Mali နှင့် ဆီယယ်ရာလီယွန်း Sierra Leone တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့ကို ဤစာတမ်းတွင် ထည့်သွင်းလေ့လာခြင်း မပြုပါ။

ယင်းအစီအမံများတွင် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်အတွင်း ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များကို ဖော်ပြထားပြီး တစ်ခါတစ်ရံ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကိုလည်း သတ်မှတ်ဖော်ပြထားပါသည်။ လေ့လာသုံးသပ်ခဲ့သော နိုင်ငံများအနက် ၇ နိုင်ငံတွင် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်ကို ယေဘုယျအားဖြင့် ဤပုံစံအတိုင်း ဆောင်ရွက်ခဲ့ပါသည်။ ဘူဂန်ဗီးလ် Bougainville, ကမ္ဘောဒီးယား Cambodia, ကိုမိုရို့စ် Comoros, ဂီနီ Guinea, ကင်ညာ Kenya, အရှေ့တီမော Timor Leste နှင့် ဇင်ဘာဘွေ Zimbabwe တို့ဖြစ်ပါသည်။ ဤရှေ့နောက်စီစဉ်ပုံတွင် (က)အဖွဲ့အသီးသီးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များ ရယူပြီးနောက် နိုင်ငံရေးဖြေရှင်းချက် အသစ်ရရှိရေး ဆွေးနွေးရန် သဘောတူညီကြပါသည်၊ နောက်ဆုံးသဘောတူညီချက်ရရှိရန် နိုင်ငံတကာ အသိုက်အဝန်းက ကြားဝင်စေ့စပ်ပေးပါသည် သို့မဟုတ် အာမခံချက်ပေးပါသည်၊ (ခ) အာဏာခွဲဝေရေးကို အဓိကလုပ်ဆောင်သည့် အကူးအပြောင်း နိုင်ငံရေးအစီအမံများအတွက် ပြဋ္ဌာန်းချက်များပါဝင်သည့် ဘက်စုံငြိမ်းချမ်းရေး သဘောတူညီချက်ရယူပါသည်၊ (ဂ) ထို့နောက် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းပါသည်။

ကင်ညာနှင့် ဇင်ဘာဘွေတွင် ဤရှေ့နောက်စီစဉ်ပုံဖြင့် ရွေးကောက်ပွဲပြီးနောက် အကြမ်းဖက်မှု ဖြစ်ပွားခြင်းကို ဖြေရှင်းခဲ့ပါသည်။ ကင်ညာတွင် ပြည်သူအများပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် ပျက်ပြားသွားပြီးနောက် အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ရပ်ကို အဆိုပြုပါသည်။ ယင်းမူကြမ်းကို ၂၀၀၅ ခုနှစ်တွင် လူထုဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ရာ အတည်မပြုနိုင်ဘဲ ပယ်ချခြင်းခံရပါသည်။ ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲရလဒ်များကိုလည်း အငြင်းပွားမှုများဖြစ်ပွားပြီး တစ်နိုင်ငံလုံး အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံတကာမှ ကြားဝင်စေ့စပ်ပေးမှုကြောင့် ၂၀၀၈ ခုနှစ်တွင် အာဏာခွဲဝေရေးအစီအစဉ်၊ အမျိုးသားအဆင့် သဘောတူညီချက်နှင့် ပြန်လည်သင့်မြတ်ရေးအက်ဥပဒေတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယင်းအကူးအပြောင်း နိုင်ငံရေးသဘောတူညီချက်အရ ဆန့်ကျင်ဘက် နှစ်ဖွဲ့ပေါင်းလျက် အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် အကြမ်းဖက်မှု ဖြစ်ပွားစေခဲ့သော ကာလရှည် ကိစ္စရပ်အသီးသီးကိုဖြေရှင်းရန် နောက်ထပ်သဘောတူညီချက်များ ရယူခဲ့ပါသည်။[7] ယင်းသဘောတူညီချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ် အသေးစိတ်လည်း ပါဝင်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်သည့် လုပ်ငန်းစတင်ပါသည်။ ကျွမ်းကျင်သူများ ကော်မတီ Committee of Experts (CoE) က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြုစုပြီး ပြည်သူလူထုထံမှလည်းကောင်း၊ ကော်မတီဝင် ၂၇ ဦး ပါဝင်သော လွှတ်တော်ရေးရာကော်မတီထံမှလည်းကောင်း မှတ်ချက်များ ရယူပြီးအကြိမ်ကြိမ် ပြန်လည်သုံးသပ်ပြင်ဆင်ပါသည်။ ဤသို့လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် အဓိက အရေးပါသော အငြင်းပွားနေသည့် ကိစ္စရပ်များကို ဆုံးဖြတ်နိုင်ခဲ့ပြီး နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေလုပ်ငန်းစဉ် ဆက်စပ်မှုမပြတ်ရှိခဲ့ပါသည်။ ကျွမ်းကျင်သူများ ကော်မတီသည် သတ်မှတ်ထားသော ၁၂ လကာလ ပြည့်သောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို

[7] ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် အခြားသောအချက်အလက်များကို သိရှိလိုပါက နိုင်ငံတကာကုလသမ္မဂ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဒေတာဘေစ်ကို ကြည့်ပါ။ <http://peacemaker.un.org>. ဤစာတမ်းပါ ငြိမ်းချမ်းရေးသဘောတူညီချက်များကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည်။

အပြီးသတ်ပြုစုနိုင်ခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂ ရက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်နိုင်ငံလုံး လူထုဆန္ဒခံယူပွဲကျင်းပရာ ထောက်ခံအတည်ပြုခံရပြီး ၂၀၁၀ ပြည့်နှစ် သြဂုတ်လ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

ဇင်ဘာဘွေ Zimbabwe တွင် အလားတူ လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် သမ္မတ ရွေးကောက်ပွဲပြီးနောက် အကြမ်းဖက်မှုများကြောင့် အကူးအပြောင်း နိုင်ငံရေး အစီအစဉ် ဆောင်ရွက်ခဲ့ရပြီး ကာလရှည် သမ္မတတာဝန်ထမ်းဆောင်လျက်ရှိခဲ့သော ရောဘတ်မူဂါဘီ၏ ဇင်ဘာဘွေ အာဖရိက အမျိုးသားသမဂ္ဂ မျိုးချစ်တပ်ဦး Zimbabwe African National Union-Patriotic Front (ZANU-PF) နှင့် အတိုက်အခံ ဒီမိုကရေစီအပြောင်းအလဲ လှုပ်ရှားမှု Movement for Democratic Change (MDC) နှစ်ရပ် အဖွဲ့တို့အကြား အာဏာခွဲဝေသည့် အစိုးရ ဖွဲ့စည်းခဲ့ပါသည်။ ဤအစီအစဉ်အရ အကြမ်းဖက်မှုရပ်တန့်စေရန် စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီလမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေးလုပ်ငန်းစဉ် စတင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် မေလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပြီးစီးပြီး လူထုဆန္ဒခံယူပွဲကျင်းပလျက် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ သို့ရာတွင် သမ္မတ မူဂါဘီနှင့် အုပ်ချုပ်နေသောပါတီ၏ လွှမ်းမိုးမှုကြောင့် ပြည်သူလူထုအများ တခဲနက်ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်မှာ တစ်စိတ်တစ်ဒေသ လျစ်လျူရှုခံရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချို့သော ပြဋ္ဌာန်းချက်များမှာ ၁၀ နှစ် ကာလအတွင်း အသက်မဝင်သေးဘဲ ရှိပါမည် (Allison 2013)။

အကူးအပြောင်းအစီအမံများကို သဘောတူညီမှုရယူပြီးနောက် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည့် ဤလမ်းကြောင်းအတိုင်း ၁၉၉၁ ခုနှစ်တွင် **ကမ္ဘောဒီးယား Cambodia** (Marks 2010: 210), ၂၀၀၁ခုနှစ်တွင် **ကိုမိုရို့စ် Comoros** (သုတေသနပြု လေ့လာချက်များ နည်းပါးပါသည်) နှင့် ၂၀၁၀ ပြည့်နှစ်တွင် **ဂိနီ Guinea** တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြေခံလျက်) နိုင်ငံတစ်ခုတွင်းမှ နယ်မြေဒေသတစ်ခုက လွတ်လပ်ရေးရယူပြီး နိုင်ငံသစ်ထူထောင်သည့်ဖြစ်စဉ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ထူထောင်သည့် ဖြစ်စဉ်တွင်လည်း ဤရှေ့နောက်အစီအစဉ် ကိုပင် အသုံးပြုခဲ့ပါသည်။ နိုင်ငံသစ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတည်ထောင်ပါက အထူးသဖြင့် နယ်မြေဒေသတွင်းရှိ သက်ဆိုင်သူများအကြား သဘောကွဲလွဲနေသောအခါ သို့မဟုတ် ပင်မနိုင်ငံမှ ခွဲထွက်ပြီးနောက် ကွဲပြားမှုများ ပေါ်ပေါက်လာသောအခါ သို့မဟုတ် ပိုမိုဆိုးဝါးလာသောအခါ အသစ်ပေါ်ပေါက်လာသည့် နိုင်ငံ သို့မဟုတ် ဒေသအတွင်း သဘောတူညီချက်များရယူရန် စေ့စပ်ညှိနှိုင်းရပြန်ပါသည်။ ဥပမာ **အရှေ့တီမော Timor Leste** တွင် လွတ်လပ်ရေးရယူပြီးနောက် အကူးအပြောင်း အစီအစဉ်များကို ကုလသမဂ္ဂက တည်ထောင်ပေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာနိုင်ရန် အခြေအနေ ဖန်တီးပေးပါသည် (Regulation no. 2001/2)။ သို့ရာတွင် လုပ်ငန်းစဉ်ကို အလောတကြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် သက်ဆိုင်သူများအကြား အခြေခံနိုင်ငံရေးဖြေရှင်းချက် တည်ဆောက်နိုင်ခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ အရှေ့တီမောဏ ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နောင်အခါ အကြမ်းဖက်မှုများ ဖြစ်ပေါ်မလာစေရန် တားဆီးဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပါ (Aucoin and Brandt 2010: 271)။

ဘူဂန်ဗီးလ် Bougainville (ပါပူအာနယူးဂီနီ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တစ်ခု ဖြစ်ပါသည်) တွင် ဘူဂန်ဗီးလ်ပြည်နယ်သစ်အတွက် ၁၉၉၄ ခုနှစ် မီရီဂိနီပဋ္ဌာန်း Charter of Mirigini for a New Bougainville ပြဋ္ဌာန်းခဲ့ရာ ဘူဂန်ဗီးလ်ကျွန်းနှင့် ပါပူအာနယူးဂီနီနိုင်ငံအကြား ဆက်ဆံရေးကို ပြဋ္ဌာန်းထားပါသည်။ သီးခြားနိုင်ငံသဖွယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အစီအမံများထားရှိနိုင်ရေး ပြင်ဆင်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ပဋ္ဌာန်း၍ ဘူဂန်ဗီးလ်ရှိ အဖွဲ့အသီးသီးနှင့် အုပ်စုအသီးသီး အကြားညှိနှိုင်းချက်များလည်းပါဝင်နေပါသည်။ အကူးအပြောင်းအုပ်ချုပ်မှုအဖွဲ့ကိုတည်ထောင်ပြီး ယင်းအဖွဲ့ကပင် တိုင်းပြုပြည်ပြု လွှတ်တော်၏လုပ်ငန်းများကို လုပ်ဆောင်ရန် ဖြစ်ပါသည်။ နောက်ဆုံးတွင် ၂၀၀၁ ခုနှစ် ဘူဂန်ဗီးလ် ငြိမ်းချမ်းရေးသဘောတူညီချက် ချုပ်ဆိုပြီး ပါပူအာနယူးဂီနီနှင့် ပဋ္ဌိပက္ခကို ဖြေရှင်းနိုင်ခဲ့ပါသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိပြီးနောက် ၁၀ နှစ်ပြည့်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဘူဂန်ဗီးအစိုးရကို ရွေးကောက်တင်မြှောက်ပြီးနောက် ၁၅ နှစ်အတွင်း သီးခြားနိုင်ငံအဖြစ် ခွဲထွက်လိုခြင်း ရှိမရှိ လူထုဆန္ဒခံယူရန်လည်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ လူထုဆန္ဒခံယူပွဲကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။ ယင်းမတိုင်မီ ၂၀၀၄ ခုနှစ်တွင် ဘူဂန်ဗီးလ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ကျယ်ပြန့်သော အခြေခံဖြင့် ပြည်တွင်းနိုင်ငံရေး ဖြေရှင်းချက်ရရှိရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။ (ငြိမ်းချမ်းရေး သဘောတူညီချက်ရလဒ်အဖြစ် ပါပူအာနယူးဂီနီ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်ခဲ့ပါသည်။)

ဤရှေ့နောက်စီစဉ်ပုံ၏ အားသာချက်မှာ အစိုးရ မရှိပါက သို့မဟုတ် ရွေးကောက်ပွဲရလဒ်ကို အငြင်းပွားနေပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြီးချိန်အထိ အုပ်ချုပ်မည့် ယာယီအစိုးရကို ချက်ချင်း ဖွဲ့စည်းနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲ အငြင်းပွားမှုများကြောင့် 'ဒီမိုကရေစီ လိပ်ခဲတည်းလည်း' အခြေအနေတွင် ရွေးကောက်ပွဲအပြီး ပဋ္ဌိပက္ခကို ကျော်လွှားနိုင်ရန် ဤချဉ်းကပ်ပုံကို အသုံးပြုလျက် ယာယီအာဏာခွဲဝေပြီး ရွေးကောက်ပွဲအသစ် ကျင်းပလျက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပါသည်။ နိုင်ငံ၏နယ်မြေဒေသများသည်ကိုယ်ပိုင်အုပ်ချုပ်ခွင့် အများအပြား ရယူသွားခြင်း၊ ကိုယ်တိုင်အစိုးရဖွဲ့စည်း အုပ်ချုပ်ခြင်း၊ လွတ်လပ်ရေးရယူခြင်းတို့ကြောင့် အစိုးရ အာဏာ လစ်ဟာမှုဖြစ်ပွားလျှင်လည်း ဤရှေ့နောက်အစီအစဉ်ကို အသုံးပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေလုပ်ငန်းစဉ်များကို လုပ်ဆောင်ပါသည်။ ယင်း အခြေအနေနှစ်ရပ်လုံးတွင် ဤ ရှေ့နောက်အစီအစဉ်၏ အားနည်းချက်မှာ အကူးအပြောင်း နိုင်ငံရေးအစီအစဉ်ကို အလျင်အမြန် ဖြေရှင်းချက်အဖြစ်လုပ်ဆောင်ရာတွင်အစဉ်အလာ ဒီမိုကရေစီနည်းကျတရားဝင်ဖြစ်မှုနည်းပါးခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် စဉ်းစားဆွေးနွေးခြင်းနှင့် အားလုံးသဘောတူညီမှု တည်ဆောက်ခြင်းတို့လိုအပ်နေလင့်ကစား ရွေးကောက်ပွဲ အလျင်အမြန်ကျင်းပပြုလုပ်ရန် ဖိအားကို တိုးပွားစေပါသည်။ ကမ္ဘောဒီးယား Cambodia, ကိုမိုရို့စ် Comoros နှင့် အရှေ့တီမော Timor Leste တို့တွင် ထိုသို့သော အခြေအနေများ ကြုံတွေ့ခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

၃။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်လျှင် ငြိမ်းချမ်းရေးသဘောတူညီချက် ဖြစ်ပြီး အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆက်လက်ရေးဆွဲခြင်း

ဤပုံစံတွင် တရားဝင်ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်မရှိဘဲ ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် ဗဟိုအချက်အချာ အခန်းကဏ္ဍမှပါဝင်လျက် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေမတိုင်မီ ငြိမ်းချမ်းရေး သို့မဟုတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များ ရှိခဲ့နိုင်သော်လည်း ယင်းတို့မှာ အကူးအပြောင်း နိုင်ငံရေးအစီအမံများတွင် မပါဝင်ပါ။ မူများကို သဘောတူညီခြင်းနှင့် အကူးအပြောင်းလုပ်ငန်းစဉ်ကို သတ်မှတ်ခြင်း၊ ပုံဖော်ခြင်းများသာ ဖြစ်ပါသည်။ ချဒ် Chad, ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ Democratic Republic of Congo, အီဂျစ် Egypt, မဒါဂတ်စကာ Madagascar, နီပေါ Nepal နှင့် တောင်အာဖရိက South Africa နိုင်ငံ ခြောက်နိုင်ငံတွင် နိုင်ငံရေး ဖြေရှင်းချက် လုပ်ငန်းစဉ်များသည် ယေဘုယျအားဖြင့် ဤပုံစံအတိုင်း ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဤရှေ့နောက်အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် အထင်ရှားဆုံး ဥပမာမှာ **တောင်အာဖရိက South Africa** နိုင်ငံ ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့်လုပ်ငန်းစဉ် စံနမူနာပြအဖြစ် မကြာခဏညွှန်းဆိုလေ့ ရှိသော်လည်း လုပ်ငန်းစဉ်ကို အသေးစိတ်လေ့လာကြည့်သောခါ အများထင်မြင်ယူဆကြသည်ထက် ပိုမိုရှုပ်ထွေးကြောင်း တွေ့နိုင်ပါသည်။ အာဖရိက အမျိုးသားကွန်ဂရက် African National Congress (ANC) နှင့် တောင်အာဖရိကအစိုးရအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ဆောင်ရာ ကနဦး သဘောတူညီချက်များ ရရှိခဲ့ပါသည်။ အထင်ရှားဆုံး သဘောတူညီချက်မှာ ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် နိုင်ငံရေးအုပ်စုပေါင်း ၄၀ ကျော် ပါဝင်လက်မှတ်ရေးထိုးခဲ့သော အမျိုးသားငြိမ်းချမ်းရေးသဘောတူညီချက် National Peace Accord ဖြစ်ပါသည်။ ယင်းသဘောတူညီချက် မှာ အစိုးရဖွဲ့စည်းပုံများကို ပြောင်းလဲရန်ထက် အကြမ်းဖက်မှု မဖြစ်ပွားစေရေး တားဆီးရန်ရည်ရွယ်ပါသည် (Spies 2002)။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ်မှာ အငြင်းပွားနေဆဲဖြစ်ပြီး ပါတီစုံ အကူးအပြောင်း အစီအမံများပြုလုပ်ရန် ဆွေးနွေးပွဲများ တစ်ကြိမ်မက ပျက်ပြားခဲ့ပါသည်။ ၁၉၉၃ ခုနှစ် ဧပြီလမှသာ ပါတီစုံညှိနှိုင်းဆွေးနွေးသည့် လုပ်ငန်းစဉ် Multi-Party Negotiating Process (MPNP) ကို စတင်နိုင်ခဲ့ခြင်းဖြစ်ပါသည် (Barnes and De Klerk 2003)။ တောင်အာဖရိက ကွန်မြူနစ်ပါတီ ခေါင်းဆောင်နှင့် အာဖရိက အမျိုးသားကွန်ဂရက် (ANC) ၏ လက်နက်ကိုင်တပ်ဖွဲ့တွင် အရေးပါသူ Chris Hani (ခရစ်စ်ဟာနီ) ၁၉၉၃ ခုနှစ် ဧပြီလအတွင်း လုပ်ကြံသတ်ဖြတ်ခံခဲ့ရပြီး လုပ်ငန်းစဉ်တွင် အရေးပါသော အလှည့်အပြောင်း ဖြစ်ခဲ့ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လွယ်လင့်တကူ ပျက်ပြားသွားနိုင်ကြောင်း ထင်ရှားပေါ်လွင်စေခဲ့ပြီး လုပ်ငန်းစဉ်တွင် ပါဝင်နေသော အဖွဲ့များ အနေဖြင့် ရလဒ်များ လျင်မြန်စွာထွက်ပေါ်ရေး မလုပ်ဆောင်နိုင်လျှင် လက်နက်ကိုင်ပဋိပက္ခ

ပြန်လည်ဖြစ်ပွားတော့မည့် ခြိမ်းခြောက်မှု အန္တရာယ်နှင့် ရင်ဆိုင်ရခြင်းဖြစ်ပါသည်။

အနှစ်သာရအားဖြင့် MPNP သည် ANC နှင့် တောင်အာဖရိကအစိုးရအကြား ညှိနှိုင်းဆွေးနွေးလျက် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သဘောတူညီသည့် စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်သည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။ ယင်းကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာခွဲဝေသည့် အစီအမံအပေါ် အခြေခံလျက် အစိုးရဖွဲ့စည်းရေး မူဘောင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအသစ် ဖွဲ့စည်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ထုံးလုပ်နည်းများ အပါအဝင် အဓိကမူ ၃၄ ရပ် ပါဝင်ပါသည်။ ယင်းမူ ၃၄ ရပ်မှာ ANC နှင့် ထိုစဉ်က အာဏာရ တောင်အာဖရိက အမျိုးသားပါတီ National Party of South Africa အကြား နိုင်ငံရေး ဖြေရှင်းချက်ဖြစ်ပါသည်။ အာဏာရအစိုးရအနေဖြင့် အာဏာလွှဲပြောင်းပေးပြီးနောက် ရွေးကောက်ပွဲနောက်ပိုင်း ကျယ်ပြန့်စွာ ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်အပေါ် သြဇာသက်ရောက် ထိန်းချုပ်နိုင်မှု မရှိတော့သည့်တိုင် မိမိတို့၏ပင်မအကျိုးစီးပွားများကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် အကာအကွယ်ပေးမည်ဖြစ်ကြောင်း ယင်း မူ ၃၄ ရပ်ဖြင့် အာမခံချက်ပေးထားခြင်းကြောင့် ဖြစ်ပါသည်။ သို့ဖြင့် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲများကြောင့် အဓိကအရေးပါသော ခေါင်းဆောင်ပိုင်းများအကြား နိုင်ငံရေးဖြေရှင်းချက်ရယူနိုင်ပြီး တစ်ချိန်တည်းမှာပင် နောင်အခါ အများပြည်သူ ပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်လည်း လုပ်ဆောင်နိုင်စေရန် စီမံနိုင်ခဲ့ခြင်း ဖြစ်ပါသည် (Spies 2002)။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၄ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုခဲ့ပြီး ရွေးကောက်ပွဲများကို ၁၉၉၄ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့ပါသည်။ ယခင်က လုပ်ငန်းစဉ်ကို ကဖျက်ယဖျက်လုပ်ခဲ့သော နိုင်ငံရေးပါတီများဖြစ်သည့် အင်ကာသာလွတ်လပ်ရေးပါတီ Inkatha Freedom Party နှင့် လက်ယာစွန်း အာဖရိကာနာ Afrikaaner အုပ်စုများသည် လုပ်ငန်းစဉ်မှ နုတ်ထွက်ရန် ခြိမ်းခြောက်ခဲ့ကြသော်လည်း ၎င်းတို့၏ အဓိက စိုးရိမ်ပူပန်မှုများကို နောက်ဆုံးအချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များ ပြုလုပ်၍ ဖြေရှင်းပေးခဲ့သဖြင့် ရွေးကောက်ပွဲများတွင် ပါဝင်အရွေးခံခဲ့ကြပါသည်။ အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်လည်း ပါဝင်ခဲ့ကြပါသည် (Ebrahim and Miller 2010, 141–42)။ ရွေးကောက်ပွဲပြီးနောက် တိုင်းပြုပြည်ပြုလွှတ်တော် Constitutional Assembly (CA) ခေါ်ယူပြီး ကျယ်ပြန့်စွာ ပြည်သူလူထု ပါဝင်နိုင်သည့် လုပ်ငန်းစဉ်ဖြင့် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုစုခဲ့ပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်တစ်ရပ်အဖြစ် အပြီးသတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး မူများနှင့် ကိုက်ညီကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးက အတည်ပြုပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ပထမဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ယင်းတရားရုံးက ပယ်ချခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ပြဋ္ဌာန်းသော အခါမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးကလည်း အတည်ပြုပေးခဲ့ပါသည်။ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

တောင်အာဖရိကတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ် အောင်မြင်ခဲ့ခြင်းမှာ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့်တွင် အခြေခံနိုင်ငံရေးဖြေရှင်းချက်ရရှိရန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဟု ဆိုနိုင်ပါသည် (Bilchitz et al. 2016)။ အခြားနိုင်ငံများတွင် ရှေ့နောက်

အစီအစဉ် ဆောင်ရွက်ပုံဆင်တူသော်လည်း တောင်အာဖရိကမှာကဲ့သို့ ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေအဆင့်တွင် အခြေခံ နိုင်ငံရေး ဖြေရှင်းချက်မရယူဘဲ ဆောင်ရွက်ခဲ့ခြင်းများ မကြာခဏ တွေ့ရပါသည်။ ဥပမာအားဖြင့် နီပေါနိုင်ငံ လုပ်ငန်းစဉ်ကို ဆက်လက်ဖော်ပြထားပါသည်။

နီပေါ Nepal တွင် ဆယ်စုနှစ်တစ်စုကြာ ပြည်တွင်းပဋိပက္ခဖြစ်ပွားခဲ့ရာ တစ်စိတ်တစ်ဒေသ အားဖြင့် ၁၉၉၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုး၊ ဘာသာစကားနှင့် ယုံကြည်ကိုးကွယ်သည့် ဘာသာမတူကွဲပြားမှုများပြားသော နီပေါ လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေး နှင့် ဥပဒေပိုင်းဆိုင်ရာ အများပပါဝင်နိုင်မှုများကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း ဖြစ်ပါသည်။ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့် အများပါဝင်မှုပေါ် အခြေခံသော နိုင်ငံရေး ဖြေရှင်းချက် ဆောင်ရွက်ရန် ကတိကဝတ်ပြုသည့် ဘက်စုံငြိမ်းချမ်းရေး သဘောတူညီချက်တို့ကို ၂၀၀၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့နောက် ၂၀၀၇ ခုနှစ်တွင် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်း ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဖွဲ့ဝင် ၁၅ ဦး ကော်မရှင်က မူကြမ်းပြုစုခဲ့ခြင်းဖြစ်ပြီး ကော်မရှင်တွင် အမျိုးသမီးများနှင့် လူနည်းစုများကိုယ်စားပြုပါဝင်မှုနည်းပါးခဲ့ပါသည်။ ပြည်သူလူထုနှင့်ဆွေးနွေးခြင်းမရှိခဲ့ပါ။ ဆွေးနွေးပွဲများတွင် သဘောတူညီခဲ့သော မူများအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်စာသားအဖြစ် ပြုစုခဲ့ခြင်းသာ ဖြစ်ပြီး နိုင်ငံတော်တွင် ဖယ်ဒရယ်စနစ် ကျင့်သုံးရန်ကဲ့သို့သော နိုင်ငံရေးဖြေရှင်းချက်၏ ပုံသဏ္ဌာန်ဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းခြင်းမပြုဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က ဆက်လက်ဖြေရှင်းရန် ချန်ထားခဲ့ပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ်စားလှယ် ၆၀၁ ဦးကို ပြည်သူလူထု တစ်ရပ်လုံး ပါဝင်သော ရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်လျက် တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရန် ပြဋ္ဌာန်းထားပါသည်။ တိုင်းပြုပြည်ပြုလွှတ်တော်က အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂ နှစ်အတွင်း အပြီးရေးဆွဲရန်လည်း အချိန်ဇယား သတ်မှတ်ထားပါသည်။ ယင်းအချိန်ဇယားကို ၄ ကြိမ် သက်တမ်းတိုးခဲ့သော်လည်း အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုစုပြီးစီးခြင်းမရှိဘဲ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖျက်သိမ်းခဲ့ပါသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဒုတိယ တိုင်းပြုပြည်ပြုလွှတ်တော်ကို တစ်နိုင်ငံလုံး ရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဧပြီလ ငလျင်ကြီးလှုပ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဇွန်လမှသာလျှင် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါဝင်သည့် အကြီးဆုံးနိုင်ငံရေးပါတီ ၄ ပါတီမှ ခေါင်းဆောင်များသည် အချက် ၁၆ ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး ၈ ပြည်နယ် ပါဝင်သည့် ဖယ်ဒရယ်နိုင်ငံ တည်ထောင်ရန် စီစဉ်ခဲ့ပါသည်။ ပြည်နယ်များ ခွဲခြားသတ်မှတ်ရေးကိစ္စမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ် တစ်လျှောက်လုံးများစွာ အငြင်းပွားမှု ဖြစ်ခဲ့ပါသည်။ တိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အတည်ပြုခဲ့ရာ အများပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ် တိုတောင်းသွားပါသည်။ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ မကျင်းပဘဲ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ (အပိုဒ် ၁၃၈) တွင် ဖော်ပြထားသည့် အများပါဝင်သော အုပ်ချုပ်မှုဖွဲ့စည်းပုံများ ပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လုံလောက်စွာမပါဝင်ဟု လူနည်းစုအုပ်စုများက ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းသည့်အတွက် အကြမ်းဖက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်

ဆန္ဒပြခြင်းများ ဖြစ်ပွားခဲ့ပါသည်။ ယင်းကိစ္စရပ်များကို ဖြေရှင်းရန်အတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက် နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး နောက်ထပ် ပြင်ဆင်ချက်များ လည်း ပြုလုပ်ရဖွယ်ရာ ရှိပါသည်။

ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ Democratic Republic of the Congo တွင် ပထမ အကူးအပြောင်း ကာလမှာ ၁၉၉၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဖြစ်ပြီး ဗိုလ်ချုပ်ကြီး ဂျိုးဆက်ကာဘီလာ General Joseph Kabila အာဏာသိမ်းၗ ၁၉၉၄ ခုနှစ် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းၗ ၎င်းအစား ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ဒီကရီကို ထုတ်ပြန်ခဲ့ပါသည်။ ထို့နောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး/ ငြိမ်းချမ်းရေး သဘောတူညီချက်များ ရယူခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အကူးအပြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် (နောက်ထပ် ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ) ကို ပြဋ္ဌာန်းခဲ့ပါသည်။ ဆက်လက်ၗ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုစုပြီး ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အကြမ်းဖက်မှုများ ပြန်လည်ၗ အပြင်းအထန် ဖြစ်ပွားပါသည်။

အခြားနိုင်ငံများတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲခြင်းဖြင့် 'အလျှော့ပေး လိုက်လျောပြီး' ပဋ္ဌိပက္ခကိုရှောင်လွှဲရန် ဆောင်ရွက်ခဲ့ကြသော်လည်း ကြားဖြတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်များအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ကြရပါသည်။ ဥပမာ **ချဒ် Chad** (၁၉၉၀ ခုနှစ်) နှင့် **မဒါဂတ်စကာ Madagascar** (၂၀၀၉ ခုနှစ်) တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ မဟုတ်ဘဲ (အကြမ်းဖက်ၗ) အစိုးရ ဖြုတ်ချခံရပြီးနောက် နှစ်နိုင်ငံလုံးတွင် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ကြပြီး နောက်ဆုံးတွင် အပြီးသတ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့ကြပါသည်။ ချဒ်တွင် အကူးအပြောင်းအမျိုးသားပဋ္ဌိညာဉ် Transitional National Charter ဟုခေါ်သော ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လပေါင်း ၃၀ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် အစားထိုးပြဋ္ဌာန်းရန် ဖြစ်ပါသည်။ မဒါဂတ်စကာတွင် အကူး အပြောင်း အမျိုးသားပဋ္ဌိညာဉ် Charte de la Transition ကို ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ချဒ်တွင် ရေပြင်ညီနှင့် အထက်အောက် ပါဝင်မှု မရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲသည့် ကော်မတီဝင်များ စွမ်းဆောင်ရည်မလုံလောက်ခြင်းစသည့် ကြီးလေးသော ချို့ယွင်းချက်များကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ တရားဝင်ဖြစ်မှုကို ထိခိုက်ပြီး ၂၀၀၅ ခုနှစ် ပြည်တွင်းစစ် ဖြစ်ပွားသည့်ဘက်သို့ ဦးတည်စေခဲ့သည်ဟု ဆိုနိုင်ပါသည် (Widner n.d.; Zulueta-Fülscher 2015: 22)။ မဒါဂတ် စကာတွင် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အာဏာခွဲဝေရေးအပိုင်းများကို အကောင်အထည် မဖော်ခဲ့ဘဲ ၂၀၁၀ ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့လင့်ကစား အများပါဝင်မှု မလုံလောက်သည့်ပုံစံအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ လူထုဆန္ဒခံယူပွဲမှာလည်း မသမာမှုများ ဖြစ်ပွားသည်ဟု ကျယ်ပြန့်စွာ ဝေဖန်ခံရပါသည်။ ဖွဲ့စည်း ပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၁ ခုနှစ်တွင် နောက်ထပ် အကူးအပြောင်း အစီအမံများ ပါဝင်သည့် မဒါဂတ်စကာ ပဋ္ဌိပက္ခ အဆုံးသတ်ရေးလမ်းပြမြေပုံ Roadmap for Ending the Crisis in Madagascar ရေးဆွဲခဲ့ပါသည်။ ထို့နောက်ပိုင်းတွင်လည်း တိုးတက်မှု ရရှိရေး အခက်အခဲ များနှင့် ဆက်လက် ရင်ဆိုင်ရပါသည် (Connolly 2013)။

ဤရှေ့နောက်စီစဉ်ပုံ၏ အားသာချက်မှာ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် မတူညီသော ဖွဲ့စည်းပုံ အခြေခံဥပဒေမူဘောင်နှစ်ရပ်အကြား ပေါင်းကူးပေးနိုင်ခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ် မစတင်မီ နိုင်ငံရေး/စစ်ရေး လက်တွေ့လုပ်ဆောင်နေသူများသည် နိုင်ငံရေးဖြေရှင်းချက် ယေဘုယျအချက်များ (နှင့် ရွေးကောက်ပွဲကျင်းပရေး) ကို သဘောတူညီချက်ရယူနိုင်သည့် တစ်ချိန်တည်းမှာပင် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြေရှင်းချက်ကို ပိုမိုကျယ်ပြန့်သော အများပြည်သူပါဝင်သည့် လုပ်ငန်းစဉ်အပေါ် အခြေပြုနိုင်ပါသည်။ အားနည်းချက်မှာ နိုင်ငံရေးဖြေရှင်းချက်၏ အရေးပါသော အစိတ်အပိုင်း အများအပြားသည် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့်အခါမှ လုပ်ဆောင်ရန် ကျန်ရှိနေပြီး ပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်ဖြင့် ခက်ခဲသောကိစ္စရပ်များတွင် သဘောတူညီမှု မရရှိနိုင်သည့်အခါ အခက်အခဲများနှင့် ကြုံတွေ့ရနိုင်ခြင်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်ရယူပြီးနောက် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးခြင်းကြောင့် ရွေးကောက်ပွဲများ ကျင်းပနိုင်ပါသည်။ သို့ဖြစ်၍ နောက်ဆုံးအဆင့်တွင် အလျင်အမြန် လုပ်ဆောင်ရန် ဖိအားပေးမှုများ လျော့နည်းစေနိုင် ပါသည်။

၄။ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် အကူးအပြောင်း နိုင်ငံရေးအစီအမံများပါရှိပြီး ဆက်လက်၍ ကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ကျင့်သုံးလျက် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲသည့် အဆင့်ကို ဆောင်ရွက်ခြင်း

ဤရှေ့နောက်စီစဉ်သည့်ပုံစံမှာ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် အကူးအပြောင်း နိုင်ငံရေး အစီအမံများပါရှိပြီး (ယင်းမတိုင်မီကလည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး/ငြိမ်းချမ်းရေး သဘောတူညီချက်များ ရှိခဲ့နိုင်ပါသေးသည်) ဆက်လက်၍ ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးလျက် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပါသည်။ နိုင်ငံသုံးနိုင်ငံ (ဘူရွန်ဒီ Burundi, အာဖရိကအလယ်ပိုင်းသမ္မတနိုင်ငံ Central African Republic နှင့် ရဝမ်ဒါ Rwanda) တွင် အကြမ်းအားဖြင့် ဤပုံစံအတိုင်း နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များ လုပ်ဆောင်ခဲ့ကြပါသည်။ နိုင်ငံတကာကပါဝင်ဆောင်ရွက်မှုရှိသည့် ထူးခြားသော ဖြစ်ရပ်များဖြစ်သော ကိုဆိုဗို Kosovo, အာဖဂန်နစ္စတန် Afghanistan နှင့် အီရတ် Iraq တို့တွင်လည်း အလားတူ ရှေ့နောက်စီစဉ်ပုံကို တွေ့ရပါသည်။

ဤပုံစံတွင် အကူးအပြောင်းနိုင်ငံရေးအစီအမံများနှင့် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်မျိုးလုံးကို အသုံးပြုပါသည်။ သာမန်အားဖြင့် ယင်းသို့ နှစ်မျိုးလုံးအသုံးပြုသောနိုင်ငံများမှာ (က) နိုင်ငံစုဖွဲ့ တည်ထောင်ပုံဆိုင်ရာ မကျေနပ်ချက်များ၊ လူ့အဖွဲ့အစည်းအချို့အပိုင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ပေးရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု မရှိခြင်းတို့ကြောင့် ကာလကြာမြင့်စွာ ပြည်တွင်းပဋိပက္ခနှင့် ကြုံတွေ့ခဲ့ရသော နိုင်ငံများ (ခ) ပဋိပက္ခကို အဆုံးသတ်ရန် အဖွဲ့အစည်းစနစ် အားနည်းသော သို့မဟုတ် မရှိသော နိုင်ငံများ နှင့် (ဂ)

ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်များ တစ်ဆင့်ချင်း ဆောင်ရွက်ခြင်းကို နိုင်ငံရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြေရှင်းချက်များရရှိရေး စေ့စပ်ညှိနှိုင်းသည့် နည်းလမ်းအဖြစ် ရှုမြင်သော နိုင်ငံများ ဖြစ်ပါသည်။ အကူးအပြောင်း နိုင်ငံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းမှာ အုပ်ချုပ်ရေးတွင် ဆွေးနွေးတိုင်ပင်သည့် စုဖွဲ့ပုံ ရှိစေရန် ဖြစ်ပါသည်။ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းမှာ (က) ဆက်လက်၍ အသင့်ပြင်ဆင်ရန်နှင့် တိုင်းပြုပြည်ပြု လွှတ်တော်ကို ရွေးကောက်တင်မြှောက်နိုင်ရန် (ခ) ပဋ္ဌိပက္ခဖြစ်နေသောအဖွဲ့များ ညှိနှိုင်းဆွေးနွေးလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ် အခြေခံခိုင်မာစေမည့် နိုင်ငံရေးဖြေရှင်းချက် ရရှိရေးအချိန်ယူနိုင်ရန်နှင့် (ဂ) ပဋ္ဌိပက္ခဖြစ်နေသောအဖွဲ့များကို အားပေးထောက်ခံသည့် အုပ်စုများနှင့် ပြည်သူလူထု တစ်ရပ်လုံးအကြား ပိုမိုအားကောင်းသော ဆက်ဆံရေးများ တည်ဆောက်နိုင်ရန် ဖြစ်ပါသည် (Zulueta-Fülscher 2015: 28)။ သို့ရာတွင် ဖြစ်ရပ်လေ့လာချက်များကို ကြည့်ပါက ယင်း ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်များသည် အောင်မြင်မှုရရှိသည့်အဆင့် အမျိုးမျိုး ရှိနေပါသည်။

ဘူရွန်ဒီတွင် Burundi ပထမဆုံး ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသည့် ဟူးတူး လူမျိုးသမ္မတ Melchior Ndadaye (မဲလ်ချီဝါအင်ဒါဒါယေ) ၁၉၉၃ခုနှစ် အောက်တိုဘာလတွင် လုပ်ကြံခံရပြီးနောက် တစ်နိုင်ငံလုံး အကြမ်းဖက်မှုများ ဖြစ်ပွားလာခဲ့ပါသည် (Wolpe 2011)။ နိုင်ငံတော်ကို ပြန်လည်တည့်မတ်ရန် ကြိုးပမ်းချက်များတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ ချုပ်ဆိုနိုင်ရန် ကြိုးပမ်းခြင်း၊ အကူးအပြောင်း နိုင်ငံရေးအစီအမံများ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းခြင်းတို့ ပါဝင်ပါသည်။ အကူးအပြောင်းနိုင်ငံရေး အစီအမံကို ၁၉၉၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး (၁၉၉၆ ခုနှစ်တွင် အာဏာသိမ်းမှုဖြစ်ပွားပြီး ယင်း အကူးအပြောင်းနိုင်ငံရေးအစီအမံကို ဖျက်သိမ်းပါသည်) ၁၉၉၆ ခုနှစ်တွင် ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေး သဘောတူညီချက် ဖြစ်သော အာရှရှာသဘောတူညီချက် Arusha Accord ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် ဒုတိယ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် 'ကြားဖြတ်' ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီး ယင်းကို ၂၀၀၅ ခုနှစ်တွင် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ်အတည်ပြုပါသည်။ သဘောတူညီချက်များကိုအချို့အဖွဲ့များကလက်မခံချင်သလိုလို (အကောင်အထည်မဖော်ချင်သလိုလို) အင်တင်တင်လုပ်ခြင်းများကို ကျော်လွှားနိုင်ရန် ဒေသတွင်းမှ ဖိအားပေးခြင်းသည်အထူးအရေးပါခဲ့ပြီးနောက်ဆုံးဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်သည် အထိ လုပ်ငန်းစဉ်ကို မောင်းနှင်ပေးနိုင်ခဲ့ပါသည်။ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မဟာမိတ် ဖွဲ့စည်းခြင်း သဘောဆောင်ပြီး ထိုစဉ်က အနည်းနှင့်အများ ကျယ်ပြန့်စွာလက်ခံကြသည့် နိုင်ငံရေး ဖြေရှင်းချက်ကို ထင်ဟပ်ပါသည်။ အကြမ်းဖက်မှု လျော့နည်းကျဆင်းရေးတွင် အမိကအကြောင်း အချက်အဖြစ် ပါဝင်ခဲ့သည်ဟု ယူဆရပါသည် (Reyntjens 2015)။ သို့သော် ၂၀၁၅ ခုနှစ်တွင် သမ္မတက ရာထူးသက်တမ်း ကန့်သတ်ချက်များကို တိုးမြှင့်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးလုပ်ဆောင်ခြင်း စသည့် အကြောင်းများ၏ အကျိုးဆက်အဖြစ်အကြမ်းဖက်မှုများ ပြန်လည် ဖြစ်ပွားလာခဲ့ပါသည် (Kabumba 2015)။

အာဖရိကအလယ်ပိုင်းသမ္မတနိုင်ငံ Central African Republic တွင် ၂၀၁၃ ခုနှစ်က အကြမ်း

ဖက်မှုများ ပြင်းထန်ခြင်းကြောင့် ဆန့်ကျင်ဘက်အဖွဲ့များသည် အကူးအပြောင်းနိုင်ငံရေးအစီအမံများ ပါဝင်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်ကို (၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင်) ချုပ်ဆိုခဲ့ကြရပါသည်။ မကြာမီ (၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင်) ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီး အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို (၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် လူထုဆန္ဒခံယူပွဲ ကျင်းပလျက်) အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းတို့အားလုံးကို အကူးအပြောင်းကာလ အမျိုးသားကောင်စီ Transitional National Council က မူကြမ်းရေးဆွဲခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ဖြင့် အချိန်တိုအတွင်း ကြီးမားသောအောင်မြင်မှုများ ရရှိခဲ့သော်လည်း လုံခြုံရေးအခြေအနေမှာ စိတ်မချရသေးဘဲ လုပ်ငန်းစဉ်တစ်ခုလုံးအတွင်း အများပြည်သူ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ ထင်ရှားမြင်သာသော ကန့်သတ်ချက်များ ရှိနေပါသည်။

ရဝမ်ဒါ Rwanda တွင် အာဖရိကခွဲဝေရေး သဘောတူညီချက်နှစ်ရပ်ကို ၁၉၉၃ ခုနှစ် Arusha Accords (အာရှရှာ သဘောတူညီချက်များ) အရ ချုပ်ဆိုခဲ့ရာ ယင်းတို့တွင် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပါဝင်ပါသည်။ ရဝမ်ဒါတွင် လူမျိုးပြတ်သတ်ဖြတ်မှု ဖြစ်ပွားခဲ့ပြီး ယင်းသဘောတူညီချက်များ အောင်မြင်မှုမရကြောင်း လွန်စွာထင်ရှားခဲ့သော်လည်း လုံခြုံရေးအခြေအနေ တည်ငြိမ်စေရန် စွမ်းဆောင်နိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်ကို ၂၀၀၀ ပြည့်နှစ်မှသာ စတင်ခဲ့ပါသည်။ လုပ်ငန်းစဉ်မှာ အများပြည်သူပါဝင်နိုင်မှု မြင့်မားပြီး ၂၀၀၃ ခုနှစ်တွင် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါသည် (Ankut 2005)။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်တစ်ခုလုံးတွင် ပဋ္ဌိပက္ခတွင်ပါဝင်သည့် အုပ်စုတစ်စုကသာ လွှမ်းမိုးခဲ့ပြီး အာဖရိကရှင် လုပ်နည်းလုပ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး သမ္မတသက်တမ်း ကန့်သတ်ချက်များကို ပယ်ဖျက်ခဲ့ပါသည်။

ပထမဆုံး ကိုဆိုဗို Kosovo ထို့နောက် အာဖဂန်နစ္စတန် Afghanistan နှင့် အီရတ် Iraq သုံးနိုင်ငံတွင်လည်း နိုင်ငံတကာက ပါဝင်လာသော ပဋ္ဌိပက္ခနှင့် အစိုးရအပြောင်းအလဲများ ဖြစ်ပွားပြီးနောက် ဤရှေ့နောက်စီစဉ်ပုံ အမျိုးအစားကိုအသုံးပြုခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်များမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီပဋ္ဌာဂၢ်များအပေါ်တွင်အခြေပြုပြီးနိုင်ငံတကာမှဖွဲ့စည်းပုံအခြေခံဥပဒေ ကြားဝင်ညှိနှိုင်းပေးခြင်းကို ပဋ္ဌိပက္ခဖြေရှင်းသည့် အစီအမံအဖြစ် ဆုံးဖြတ်အသုံးပြုခြင်းဖြစ်သည်။ (Bell 2006: 394)။ ပထမဦးစွာ နိုင်ငံတကာမှ အကူးအပြောင်းအုပ်ချုပ်ရေး အစီအစဉ် ပြုလုပ်ပေးပြီး (ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းခြင်း သို့မဟုတ် ပံ့ပိုးပေးခြင်းဖြစ်ပါသည်) ဆက်လက်၍ နိုင်ငံတကာဦးဆောင်မှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ပါသည်။ (ကနဦးတွင် အတိုင်ပင်ခံ) အကူးအပြောင်း နိုင်ငံရေး အစီအစဉ်များပြုလုပ်ခြင်း၊ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးခြင်း၊ အပြီးသတ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ပြီး နယ်မြေဒေသအတွင်း ပြိုင်ဘက်အုပ်စုများ အကြား သဘောတူညီချက်ရရှိရေး ညှိနှိုင်းပေးပါသည် (Bell 2006: 394)။

ကိုဆိုဗို Kosovo တွင် အယ်ဘေးနီးယားလူမျိုးများနှင့် ဆားဘီးယားလူမျိုးများအကြား ပြည်တွင်းပဋ္ဌိပက္ခအဆုံးသတ်ရေးအတွက် နိုင်ငံတကာမှပါဝင်လာပြီး မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) North Atlantic Treaty Organization (NATO) နှင့် ဆားဘီးယား Serbia အကြား

ပဋ္ဌိပက္ခ ဖြစ်ပွားပြီးနောက် ၁၉၉၉ ခုနှစ်တွင် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် စတင်ခဲ့ပါသည်။ ကုလသမဂ္ဂက အကူးအပြောင်း နိုင်ငံရေးအစီအစဉ်ကို တည်ထောင်ပါသည်။ ကနဦးတွင် အတိုင်ပင်ခံအစီအမံအဖြစ် နိုင်ငံတကာ အကူးအပြောင်း အုပ်ချုပ်မှုနှင့် ပြည်တွင်း အကူးအပြောင်း နိုင်ငံရေး အစီအစဉ်များ နှစ်မျိုးလုံးပါဝင်ပါသည်။ ပြည်တွင်း အကူးအပြောင်း နိုင်ငံရေးအစီအစဉ်များမှာ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ချုပ်ဆိုခဲ့သော ရမ်ဘူယေး ငြိမ်းချမ်းရေး သဘောတူညီချက် Rambouillet Peace Accord အပေါ် အခြေခံပါသည်။ သို့သော် ဆန့်ကျင်ဘက် အဖွဲ့များသည် နောက်ဆုံးတွင် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုး အတည်ပြုနိုင်ခြင်း မရှိပါ (Weller 1999 တွင်လည်း လေ့လာနိုင်ပါသည်)။ ယင်းအစီအမံများ လုပ်ဆောင်ပြီးနောက် ၂၀၀၁ ခုနှစ် ယာယီကိုယ်ပိုင်အုပ်ချုပ်သောအစိုးရ ဖွဲ့စည်းအုပ်ချုပ်မှု မူဘောင် Framework for Provisional Self-government (2001) ဟု ခေါ်တွင်သော ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပါသည်။ ယင်း ကြားဖြတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်လည်း ရမ်ဘူယေးလုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပဋ္ဌိဥာဏ်အမှတ် ၁၂၄၄ တို့မှ အချက်များကို ထည့်သွင်းထားပါသည်။ ၂၀၀၇ ခုနှစ်တွင် အာတီဆာရီစီမံကိန်း Ahtisaari Plan ရေးဆွဲပြီး ဆားဘီးယားလူမျိုးများနှင့် အယ်ဘေးနီးယား လူမျိုးများအကြား အပြီးသတ်နိုင်ငံရေး ဖြေရှင်းချက်ရယူရန် ကြိုးပမ်းရာ အောင်မြင်မှုမရရှိဘဲ ပျက်ပြားခဲ့ပါသည်။ ကိုဆိုဗိုရှိ အယ်ဘေးနီးယား လူမျိုးများက တစ်ဘက်သတ် လွတ်လပ်ရေးကြေညာခဲ့ပြီး အာတီဆာရီစီမံကိန်းပါ အဆိုပြုချက်များ ထည့်သွင်းရေးဆွဲထားသည့် အပြီးသတ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းပါသည် (International Court of Justice 2010)။ အကြမ်းဖက်မှုများသိသာစွာ လျော့နည်းကျဆင်းသွားသော်လည်း နိုင်ငံမှာ အလွယ်တကူပြိုကွဲနိုင်သည့် အနေအထားဖြစ်ပြီး နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီအပေါ် မှီခိုအားထားနေရပါသည်။

အာဖဂန်နစ္စတန် Afghanistan နှင့် **အီရတ် Iraq** တွင်လည်း နိုင်ငံတကာ အကူးအပြောင်း အုပ်ချုပ်ရေးအဖွဲ့များကို (ယင်းတို့မှာ ကနဦးတွင် အုပ်ချုပ်မှုအတိုင်ပင်ခံများ ဖြစ်ပါသည်၊ Bell 2006: 394–95 ကို ကြည့်ပါ) ပြည်တွင်း အကူးအပြောင်း နိုင်ငံရေးအစီအစဉ်များနှင့် တစ်ပြိုင်တည်း တည်ထောင်ခဲ့ပါသည်။ ထို့နောက် အစိုးရများ ပြုတ်ကျသွားပြီးကျန်ခဲ့သည့် ပြည်တွင်းကွဲပြားမှုများ ကိုကုစားရန် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများကျင့်သုံးလျက် အနာဂတ်အတွက် သဘော တူညီချက်များရရှိရေး စေ့စပ်ပေးပါသည်။ အာဖဂန်နစ္စတန်တွင် တာလီဘန်နှင့် အီရတ်တွင် ဘာ့သ်ပါတီတို့အပါအဝင် အဓိကပြည်တွင်းတွင် လှုပ်ရှားနေသော နိုင်ငံပြန်လည်တည်ဆောက်ရေး မပြုလုပ်မီ ပြည်နယ်ချင်း ပဋ္ဌိပက္ခတွင် ပါဝင်နေသည့်အဖွဲ့များမှာ ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရဘဲ ဖယ်ထုတ်ခြင်း သို့မဟုတ် ဘေးဖယ် ထားခြင်း ခံရပါသည်။ ထို့အတွက် လုပ်ငန်းစဉ်တွင် ကာလရှည်အကျိုးဆက်များ ရှိလာပါသည်။

ဤရှေ့နောက်စီစဉ်ပုံကို ကျင့်သုံးခြင်း၏ အားသာချက်မှာ အစိုးရမရှိသေးပါက ချက်ချင်းအစိုးရ ဖွဲ့နိုင်ခြင်း ဖြစ်ပါသည်။ ဆက်လက်၍ အဆင့်ဆင့်လုပ်ငန်းစဉ်ဖြင့် နိုင်ငံရေးဖြေရှင်းချက်ကို ထင်ဟပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြုစုနိုင်ပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဖြေရှင်းချက်ရရှိရန်လည်းကောင်း၊ ပဋ္ဌိပက္ခအနှံ့အပြား ဖြစ်ပွားခဲ့သော (လူမျိုးအလိုက်) ကွဲပြားမှုများပြားသည့် လူ့အဖွဲ့အစည်းများတွင် နိုင်ငံရေးနှင့် ဥပဒေအဖွဲ့အစည်းများကို သဘော

တူညီချက် ရယူလျက် တည်ထောင်ရန် လည်းကောင်း၊ ခက်ခဲသည်ကို ယေဘုယျအားဖြင့် တွေ့ရပါသည်။ ယင်းလုပ်ငန်းစဉ်များမှာ ဖြေရှင်းရမည့် ပဋိပက္ခများ၏ သဘောသဘာဝပေါ် မူတည်လျက် ရှေ့တိုးနောက်ငင် အတက်အကျများပြားပြီး ငြိမ်းချမ်းတစ်လှည့် ပဋိပက္ခတစ်လှည့် ကွဲပြားမှုတစ်လှည့် အပြန်အလှန် ဖြစ်နေတတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြုစုပြီးသော်လည်း နိုင်ငံအတွင်း ကွဲပြားမှုအားလုံးကို ထင်ဟပ်ဖြေရှင်းနိုင်ခြင်း မရှိသဖြင့် ထိရောက်မှုမရှိဘဲ ဖြစ်နေတတ်ပါသည်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ထပ်တူမတူညီနိုင်ခြင်းကြောင့် ပုံစံတစ်ခုတည်းဖြင့် အောင်မြင်မှု ရရှိနိုင်မည်ဟု မဆိုနိုင်ပါ။

အထက်ဖော်ပြပါ ဥပမာများကိုကြည့်ခြင်းဖြင့် ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံများမှာ အလိုရှိသလို ရွေးချယ်နိုင်ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံ၏ ပကတိအခြေအနေအရ ပဋိပက္ခ ဖြေရှင်းနိုင်ရန် ဆောင်ရွက်ရမည့် ထူးခြားသော လိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ တုံ့ပြန်ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ်နှင့် အဓိက ဆုံးဖြတ်ချက်ချမှတ်သူများအကြား နိုင်ငံရေးဖြေရှင်းချက် အသစ်ကို သဘောတူညီမှုရယူသည့် အခြေခံလုပ်ငန်းစဉ်တို့အကြား ဆက်စပ်မှုသည် အထူးအရေးပါကြောင်း တွေ့နိုင်ပါသည်။ အဓိက ဆုံးဖြတ်ချက်ချမှတ်သူများဆိုရာတွင် တစ်ခါတစ်ရံ လက်နက်ကိုင်အဖွဲ့အစည်းများပါဝင်ပြီး လူ့အဖွဲ့အစည်း တစ်ရပ်လုံးလည်း ပါဝင်ပါသည်။ ဥပမာများကို လေ့လာခြင်းဖြင့် ရှေ့နောက်စီစဉ်ပုံများကို ရွေးချယ်ရာတွင်ခက်ခဲခြင်း၊ အတိုးအလျော့ ညှိနှိုင်းလုပ်ဆောင်ရန်လိုအပ်ခြင်းများကိုလည်းတွေ့နိုင်ပါသည်။အခန်း၄တွင်ပကတိအခြေအနေအားဖြင့် လွန်စွာခက်ခဲပြီး လုပ်သာကိုင်သာမရှိသော နိုင်ငံသုံးနိုင်ငံတွင် ယင်းရှေ့နောက် စီစဉ်ပုံများ လုပ်ဆောင်ခဲ့ပုံကို ဆက်လက်လေ့လာပါမည်။

အခန်း - ၄

ဖြစ်ရပ်လေ့လာချက်များ - စိန်ခေါ်မှုအခက်အခဲရှိသော လုပ်ငန်းစဉ်များကို လေ့လာခြင်း

ဤအခန်းတွင် လွန်စွာရှုပ်ထွေးသော ဖြစ်ရပ်သုံးခုဖြစ်သည့် လစ်ဗျား Libya, ဆိုမာလီယာ Somalia နှင့် ယီမင် Yemen နိုင်ငံ သုံးနိုင်ငံကို လေ့လာပါမည်။ ယင်းနိုင်ငံများတွင် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ခြင်း မရှိသေးပါ။ တည်ငြိမ်မှုကို ပျက်ပြားစေနိုင်စွမ်းရှိသည့် နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်ပိုင်းများအကြား နိုင်ငံရေးဖြေရှင်းချက် မရှိသေးချိန်တွင် ကျယ်ကျယ်ပြန့်ပြန့်လက်ခံကြသည့် နိုင်ငံရေးဖြေရှင်းချက်ကို ထင်ဟပ်သော အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြဋ္ဌာန်းနိုင်ရန်ခက်ခဲကြောင်း ယင်းနိုင်ငံများ၏ အတွေ့အကြုံကဖော်ပြနေပါသည်။ ယင်းနိုင်ငံ သုံးနိုင်ငံအပြင် အီရီထရီယာ Eritrea, တောင်ဆူဒန် South Sudan နှင့် ဆူဒန် Sudan စသည့် နိုင်ငံများတွင်လည်း ပဋ္ဌိပက္ခအသစ်များ ပေါ်ပေါက်လာခြင်း နှင့်/သို့မဟုတ် ပဋ္ဌိပက္ခများ သဘောသဘာဝ ပြောင်းလဲနေခြင်းတို့ကြောင့် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ် ပြီးစီးအောင်မြင်ခြင်းမရှိသေးဘဲကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ဆက်လက်ကျင့်သုံးနေကြဆဲဖြစ်ပါသည်။

လစ်ဗျား Libya, ဆိုမာလီယာ Somalia နှင့် ယီမင် Yemen နိုင်ငံများကို အသေးစိတ် လေ့လာသုံးသပ်ရန် ရွေးချယ်ရခြင်းမှာ ယင်းနိုင်ငံများတွင် ရှေ့နောက် စီစဉ်လုပ်ဆောင်ရာ၌ ရှုပ်ထွေးမှု အလွန်များပြားခြင်း၊ ဆီးရီးယားတွင် ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်နှင့် နှိုင်းယှဉ်လေ့လာနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ယင်းနိုင်ငံများ၏ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များတွင် လက်နက်ကိုင် ပဋ္ဌိပက္ခအားပြိုင်မှုနှင့် ဆက်စပ်မှုများ၊ နိုင်ငံတကာပါဝင်မှု အတိုင်းအတာနှင့် သဘောသဘာဝ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်နှင့် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်အကြား ဆက်စပ်ပုံ စသည့် အရေးပါသောသဘောသဘာဝ မတူညီသည့် အချက်များကိုလည်း တွေ့ရပါမည်။

လစ်ဗျား Libya

ကဒတ်ဖီခေတ်ပြီးနောက် လစ်ဗျားတွင် ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံမှာ ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် General National Congress အတွက် ရွေးကောက်ပွဲများကျင်းပရန်၊ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဖြစ်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး/ငြိမ်းချမ်းရေး သဘောတူညီချက် ချုပ်ဆိုခြင်းအဆင့် မပါဝင်ခြင်းမှလွဲ၍ အကြမ်းအားဖြင့် ရှေ့နောက်အစီအစဉ် အမှတ် ၃ နှင့် တူညီပါသည်။ သို့သော် ရွေးကောက်ပွဲကျင်းပရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး

ကိုသာ အလျင်အမြန် လုပ်ဆောင်ခဲ့ပြီး နိုင်ငံရေးဖြေရှင်းချက် ညှိနှိုင်းရယူရေး မလုပ်ဆောင်ခဲ့ခြင်း ကြောင့် လုပ်ငန်းစဉ် ပျက်ပြားခဲ့ရပါသည်။ ဤစာတမ်း၏ အတိုင်းအတာအရ လစ်ဗျားနိုင်ငံ အခြေအနေကို ပြည့်စုံစွာဖော်ပြရန် မဖြစ်နိုင်သော်လည်း နောင်အခါ အလားတူခက်ခဲသော အခြေအနေများနှင့်ရင်ဆိုင်ရပါက ဖြေရှင်းရန် လိုအပ်သည့် ရှေ့နောက်စီစဉ်ပုံ ခက်ခဲသည့် ရွေးချယ်မှုများကို ဤအပိုင်းတွင် ဆွေးနွေးတင်ပြပါမည်။

မတည်ငြိမ်သော ငြိမ်းချမ်းရေးမှ ပဋိပက္ခသို့ - ၂၀၁၁ ခုနှစ် တော်လှန်ရေးနှင့် နိုင်ငံရေးဖြေရှင်းချက်သစ်တစ်ရပ် လိုအပ်ခြင်း

၂၀၁၁ ခုနှစ် ဧဖော်ဝါရီလ ၁၅ ရက်နေ့တွင် အာရပ်နွေဦး Arab Spring အုံကြွမှုသည် လစ်ဗျားနိုင်ငံသို့ ပြန့်ပွားလာပြီး နိုင်ငံတကာတပ်ဖွဲ့ပါဝင်လျက် မွန်မာကဒတ်ဖီ၏ ၁၉၆၉ ခုနှစ် ကတည်းက အုပ်ချုပ်နေသော အာဏာရှင်အစိုးရကို ဖယ်ရှားခဲ့ပါသည် (Gartenstein-Ross and Barr 2015)။ ၄၂ နှစ်ကြာ ကဒတ်ဖီ အုပ်ချုပ်ခဲ့စဉ်အတွင်း ရွေးကောက်ပွဲကျင်းပခဲ့ခြင်း မရှိပါ။ နိုင်ငံတော်အဖွဲ့အစည်းစနစ်များ အလွန်အားနည်းခြင်း (သို့မဟုတ် လုံးဝမရှိခြင်း) အခြေအနေ ဖြစ်ပါသည်။ သို့ဖြစ်၍ တော်လှန်ရေးအလွန်ကာလ လူမှုရေးနှင့် ဥပဒေစနစ်တည်ထောင်ရန် ပထမ လုပ်ငန်းအဆင့်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ၂၀၁၁ ခုနှစ် သြဂုတ်လ ၃ ရက်တွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ်မှာပင် ကဒတ်ဖီအစိုးရကို ဆန့်ကျင်ခဲ့သူများ၊ ရှေ့နေများ၊ တက္ကသိုလ်ပညာရှင်များပါဝင်လျက် ကြားဖြတ်အုပ်ချုပ်မှုအဖွဲ့အဖြစ် အမျိုးသားအကူး အပြောင်းကောင်စီ National Transitional Council (NTC) ကို ဖွဲ့စည်းခဲ့ရာ နိုင်ငံတကာအသိုက်အဝန်းက လစ်ဗျား၏ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ အမျိုးသား အကူးအပြောင်းကောင်စီက အကူးအပြောင်းအဆင့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပဋိညာဉ် မူကြမ်း ('ဖွဲ့စည်းပုံအခြေခံဥပဒေကြေညာချက်') Draft Constitutional Charter for the Transitional Stage ('Constitutional Declaration') ကို အတည်ပြုပြဋ္ဌာန်းပါသည်။ ယင်း ပဋိညာဉ်/ ကြေညာချက် (အပိုဒ် ၃၀) တွင် 'နိုင်ငံလုံးဆိုင်ရာ အမျိုးသား ကွန်ဂရက် General National Congress (GNC) ရွေးကောက်တင်မြှောက်ပြီးသည်အထိ' အမျိုးသားအကူးအပြောင်းကောင်စီ (NTC) သည် နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ဤပဋိညာဉ်ကို ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် အသုံးပြုခြင်းဖြစ်ပါသည်။ သို့သော် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များမှာ အခြေခံမျှသာပါဝင်ပြီး လုံခြုံရေးကဏ္ဍ သို့မဟုတ် တရားစီရင်ရေး ကဏ္ဍများကို စည်းမျဉ်းထိန်းချုပ်ရေး ပြဋ္ဌာန်းချက်များ မပါဝင်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ကြေညာချက် Constitutional Declaration တွင် အမျိုးသားအကူး အပြောင်းကောင်စီ (NTC) အနေဖြင့် နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် (GNC) ရွေးကောက် တင်မြှောက်ရေး စတက်ကျူဥပဒေပြဋ္ဌာန်းခြင်း၊ အမျိုးသားအဆင့် ရွေးကောက်ပွဲကော်မရှင် National High Commission on Elections ခန့်အပ်ခြင်း၊ လွတ်လပ်ရေးကြေညာပြီးနောက် ရက်ပေါင်း ၂၄၀ မပြည့်မီ ရွေးကောက်ပွဲကျင်းပခြင်းများ လုပ်ဆောင်ရန် ညွှန်ကြားထားပါသည်။ နိုင်ငံလုံး ဆိုင်ရာအမျိုးသားကွန်ဂရက် (GNC) က ဝန်ကြီးချုပ်တစ်ဦး ခန့်အပ်တာဝန်ပေးပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲမည့် တိုင်းပြုပြည်ပြုအဖွဲ့ကိုလည်း ရွေးချယ်ခန့်ထားရမည်ဟု ဖွဲ့စည်းပုံအခြေခံ

ဥပဒေ ကြေညာချက် (အပိုဒ် ၃၀) တွင် ပြဋ္ဌာန်းထားပါသည်။ တိုင်းပြုပြည်ပြု အဖွဲ့သည် ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် (GNC) သို့ တင်သွင်းပြီး GNC က အတည်ပြုလျက် နောက်ထပ် ရက်ပေါင်း ၃၀ အတွင်း လူထုဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ရန် ဖြစ်ပါသည်။ မဲဆန္ဒရှင် သုံးပုံနှစ်ပုံ မဲ အများစုဖြင့် အတည်ပြုပြဋ္ဌာန်းရန် ဖြစ်ပါသည်။

"နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်အတွင်း ရွေးကောက်ပွဲများ၏ အခန်းကဏ္ဍ"

နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် (GNC) ရွေးကောက်ပွဲများကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့နောက် အမျိုးသားအကူးအပြောင်း ကောင်စီ (NTC) က အသစ် ရွေးကောက်တင်မြှောက်ခံရသော ဥပဒေပြုအဖွဲ့ဖြစ်သည့် နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် (GNC)သို့ အာဏာလွှဲပြောင်းပေးပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲပြုစုမည့်လွှတ်တော် Constitutional Drafting Assembly (CDA) ကိုယ်စားလှယ်များကို နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် (GNC) အား ခန့်အပ်စေခြင်းမပြုဘဲ အမျိုးသားအကူးအပြောင်း ကောင်စီ (NTC) သည် ဖွဲ့စည်းပုံအခြေခံဥပဒေကြေညာချက် Constitutional Declaration ကို ပြင်ဆင်ချက် ပြုလုပ်လျက် ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ရမည်ဟု ပြဋ္ဌာန်းပါသည်။ နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် (GNC) တွင် ကိုယ်စားလှယ်အရေအတွက်မှာ အချိုးကျ ပါဝင်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြုစုမည့် လွှတ်တော် (CDA) တွင် အရှေ့ပိုင်း Cyrenaica (ဆိုင်ရင်နိုင်ကာ) ပြည်နယ်၊ အနောက်မြောက်ပိုင်း Tripolitania (ထရီပိုလီတန်းနီးယား) ပြည်နယ်နှင့် အနောက်တောင်ပိုင်း Fezzan (ဖယ်ဇမ်း) ပြည်နယ် သုံးပြည်နယ်မှ တစ်ပြည်နယ်လျှင် ကိုယ်စားလှယ် ၂၀ စီပါဝင်ရန် သတ်မှတ်ပါသည်။ Tripolitania ပြည်နယ်မှာ တစ်နိုင်ငံလုံး လူဦးရေ၏ ၆၀% ရှိခြင်းကြောင့် ယင်းလုပ်ထုံးလုပ်နည်းသည် Cyrenaica နှင့် Fezzan ပြည်နယ်ငယ် နှစ်ခုကို ဦးစားပေးရာ ရောက်ပါသည်။ ပြည်နယ်ငယ်များသည် ဖယ်ဒရယ်စနစ်၊ တစ်ပြည်ထောင် နိုင်ငံ၊ လူနည်းစုအခွင့်အရေး စသည်တို့နှင့်စပ်လျဉ်း၍ ရပ်တည်ချက်များစွာ ကွာခြားခြင်းကြောင့် ဆွေးနွေးညှိနှိုင်းခြင်း လိုက်လျောဖြေရှင်းခြင်းများ ပိုမိုရှိပြုလုပ်နိုင်ပါမည် (Gluck 2015: 45)။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြုစုမည့် လွှတ်တော် (CDA) တွင် အမျိုးသမီးများအတွက် ကိုယ်စားလှယ်နေရာ ၆ နေရာ၊ လူနည်းစုအုပ်စု ၃ စု (တယ်ဘူလူမျိုး Tebu, တူရက်လူမျိုး Toureg နှင့် အာမာဇိုင်းလူမျိုး Amazigh) အတွက် ကိုယ်စားလှယ်နေရာ ၂ နေရာစီကိုလည်း သတ်မှတ်ပေးထားပါသည်။ သို့သော် ယင်းအုပ်စု ၃ စုက ကိုယ်စားလှယ်နေရာ နည်းပါးလွန်းသည်၊ ဘေးဖယ်ထားခြင်းခံရသည်ဟု ခံစားရခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြုစုမည့် လွှတ်တော် (CDA)ကို သပိတ်မှောက် ရန် ဆုံးဖြတ်ကြပါသည် (Libya Channel 2016)။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြုစုမည့် လွှတ်တော် (CDA) အတွက် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာ ထိုအချိန်မှာ နိုင်ငံရေးနှင့် လုံခြုံရေး မဟာမိတ်ဖွဲ့မှု အနေအထား မတည်ငြိမ်သေးသည့် အချိန်ကာလဖြစ်နေခဲ့သည်။ CDA သည် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို နောက်ဆုံးအချိန် သတ်မှတ်ချက် ၂၀၁၄ ခုနှစ် သြဂုတ်လ ၁၉ ရက် အမီပြီးစီးရန် ပြုစုနေစဉ် တရားဝင်အခန်းကဏ္ဍ မရှိတော့သော နိုင်ငံလုံးဆိုင်ရာ

အမျိုးသား ကွန်ဂရက် (GNC) က လွှတ်တော်ရွေးကောက်ပွဲများကို စောစီးစွာ ၂၀၁၄ ခုနှစ် ဇွန်လ တွင်ကျင်းပပြီး လွှတ်တော် House of Representatives (HoR) အသစ် ခေါ်ယူရန် ဆုံးဖြတ်ပါသည်။ ယင်းရွေးကောက်ပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ကြေညာချက် Constitutional Declaration တွင် မပါဝင်ပါ။ လာရောက်မဲပေးသည့် မဲဆန္ဒရှင်နှုန်းထားလည်း စံချိန်တင်နည်းပါးပါသည်။ သို့သော် အဓိကအရေးပါသော ယခင် နိုင်ငံလုံးဆိုင်ရာအမျိုးသားကွန်ဂရက် (GNC) အမတ်အချို့ ရှုံးနိမ့်ခဲ့ပြီး နိုင်ငံအတွင်း ကွဲပြားမှုများ ပိုမိုဆိုးရွားစေခဲ့သည်။ (Eljarh 2014a)။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်/တရားရုံးချုပ် Supreme Court က လွှတ်တော် (HoR) ခေါ်ယူနိုင်ရန် ပြုလုပ်ခဲ့သည့် 'ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တို့သည် 'မှန်ကန်သော လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းမဟုတ်' သည့်အတွက် 'လွှတ်တော် (HoR) သည် တရားမဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီ' ဟု စီရင်ချက်ချပါသည် (Reuters 2014)။ အငြင်းပွားဖွယ် စီရင်ချက်ဖြစ်ပါသည်။ နိုင်ငံတကာ အသိုက်အဝန်းက တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုထားသော လွှတ်တော်သည် လုံခြုံရေးအခြေအနေ ယိုယွင်းလာခဲ့ပြီး လွှတ်တော်သည် နိုင်ငံအရှေ့ပိုင်းရှိ တိုဘရု Tobruk မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုအချိန်တွင် နိုင်ငံလုံးဆိုင်ရာအမျိုးသား ကွန်ဂရက် (GNC) ကိုယ်စားလှယ် ဟောင်းများက ထရီပိုလီ Tripoli မြို့တွင် စင်ပြိုင်အစိုးရထောင်ပါသည်။ သို့ဖြင့် လစ်ဗျားတွင် အစိုးရနှစ်ဖွဲ့ပေါ်လာပြီး နှစ်ဖွဲ့စလုံးက ဥပဒေအရ တရားဝင်ဖြစ်သည်ဟု ဆိုကြပြီး မတူညီသော လက်နက်ကိုင်အဖွဲ့များနှင့် မဟာမိတ်ပြုထားခဲ့ကြသည်။ (Eljarh 2014b; Reuters 2014; Maghur 2014)။

နိုင်ငံရေးဖြေရှင်းချက်ရရှိရန် ကြိုးပမ်းမှုများနှင့် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်အကြား ဆက်စပ်မှု

၂၀၁၅ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် လစ်ဗျားရှိ ကုလသမဂ္ဂ ပံ့ပိုးမှုလုပ်ငန်းအဖွဲ့ UN Support Mission in Libya (UNSMIL) က အမျိုးသားစည်းလုံးညီညွတ်ရေး အစိုးရဖွဲ့စည်းရန် မူဘောင် အပါအဝင် အချက် ၆ ချက်ပါသော သဘောတူညီချက်ကို အဆိုပြုပါသည်။ ယင်းအဆိုပြုချက်ကို လည်းကောင်း၊ နိုင်ငံရေး သဘောတူညီချက်ရရှိရေး နောက်ပိုင်း စေ့စပ်ညှိနှိုင်းပေးမှုများကို လည်းကောင်း ပဋိပက္ခတွင် ပါဝင်နေသူများက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်အထိ လက်မခံခဲ့ကြပါ။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှသာ လွှတ်တော် (HoR) နှင့် နိုင်ငံလုံးဆိုင်ရာအမျိုးသား ကွန်ဂရက် (GNC) ကိုယ်စားလှယ်များ၊ လစ်ဗျားနိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြို့နယ်များ၊ အမျိုးသမီးအုပ်စုများမှ အရေးပါသော ထင်ရှားသူများပါဝင်လျက် လစ်ဗျားနိုင်ငံရေးသဘောတူညီချက် Libyan Political Agreement (LPA) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းသဘောတူညီချက်တွင် အမျိုးသားညီညွတ်မှုအစိုးရ Government of National Accord (GNA) ဖွဲ့စည်းတည်ထောင်ရေး မူဘောင်တစ်ရပ် ပါဝင်ပါသည် (UN News Centre 2015)။

ယင်းမူဘောင်မှာ အနှစ်သာရအားဖြင့် ဒုတိယကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါသည်။ နိုင်ငံရေး ဖြေရှင်းချက်ရရှိရေး စေ့စပ်ညှိနှိုင်းရန် ကြိုးပမ်းမှုအသစ် တစ်စိတ်တစ်ဒေသအဖြစ် အပြီးသတ် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲမည့် လုပ်ငန်းစဉ်လည်းပါရှိပါသည်။ သို့ရာတွင် လစ်ဗျား

နိုင်ငံရေး သဘောတူညီချက် (LPA) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကြေညာချက် Constitutional Declaration တို့ ဆက်စပ်ပုံနှင့် အခွင့်အာဏာတရားဝင်ပုံမှာ မရှင်းလင်းပါ။ (နောက်ဆက်တွဲ (က) ကို ကြည့်ပါ)။ LPA တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဆန့်ကျင်လျက် လွှတ်တော် (HoR) သည် အကူးအပြောင်းကာလအတွင်း 'နိုင်ငံတော်၏ ဥပဒေပြုအာဏာပိုင် အဖွဲ့အစည်း' ဟု ဖော်ပြထားပါသည်။ သို့ရာတွင် လွှတ်တော် (HoR) လုပ်ပိုင်ခွင့်များကိုမူ ပြင်ဆင်ဖော်ပြထားပြန်ပါသည် (အပိုဒ် ၁၂)။ တဖန် LPA တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအစီအစဉ်များနှင့် အမျိုးသားအဆင့် သဘောတူညီသော အစိုးရ (GNA) က ကြားဖြတ် လုံခြုံရေးအစီအမံများ အကောင်အထည်ဖော်မှု စောင့်ကြည့်စစ်ဆေးရေးကော်မတီကို ဖွဲ့စည်းတည်ထောင်ရန် ပြဋ္ဌာန်းချက်စသည့် 'ကြားဖြတ်လုံခြုံရေး အစီအစဉ်များ' ပါဝင်ပါသည် (အပိုဒ် ၃၇)။ သို့ရာတွင် LPA ရရှိရန် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်တွင် လက်နက်ကိုင်အဖွဲ့အသီးသီးနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ မပြုလုပ်ခဲ့ပါ။ လက်နက်ကိုင်အဖွဲ့များက သဘောတူညီချက်ကိုလိုက်နာမည်ဟု တရားဝင် ကြေညာခြင်းမရှိဘဲ လိုက်နာလိမ့်မည်ဟု မျှော်လင့်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် LPA တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ဆိုင်ရာ ပါဝင်သင့်ပါဝင်ထိုက်သည့် အစိတ်အပိုင်းအားလုံး ပါဝင်သော်လည်း ပစ်ခတ်တိုက်ခိုက်နေသောအဖွဲ့ အားလုံးက ညှိနှိုင်းဆွေးနွေး သဘောတူညီထားခြင်း မဟုတ်ပါ။

၂၀၁၆ ခုနှစ် မတ်လတွင် ကုလသမဂ္ဂက အမျိုးသားညီညွတ်မှု အစိုးရ (GNA) ဖွဲ့စည်းတည်ထောင်ရေး ထောက်ခံခဲ့ပါသည်။ သို့သော် ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ GNA သည် လစ်ဗျားနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ရပ်တည်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် အခြေပြုထားသည့် ထောက်ခံမှု မရရှိသေးပါ။ လွှတ်တော် (HoR) သည် LPA တွင် ဖော်ပြပါရှိသည့်အတိုင်း GNA ကို အယုံအကြည်ရှိကြောင်း မဲပေးရေးမလုပ်ဆောင်ရသေးသဖြင့် 'စင်ပြိုင် အစိုးရ' ဖြစ်ပေါ်နေသည့် အခြေအနေမှာ လည်း အဆုံးမသတ်သေးပါ (Reuters 2016b)။

ထိုအတောအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြုစုမည့်လွှတ်တော် (CDA) သည် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆက်လက်ပြုစုပါသည် (UN Constitutional 2015; LPA အပိုဒ် ၄၈ ကိုလည်း ကြည့်ပါ)။ သို့ရာတွင် လုပ်ငန်းစဉ်ကို အပြောင်းအလဲများ ပြုလုပ်ခဲ့ခြင်းကြောင့် တရားဝင်လုပ်ငန်းစဉ်ဟု ရှုမြင်ခံရမှုကို ထိခိုက်ပါသည်။ ဥပမာ ၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက် (LPA လက်မှတ်ရေးထိုးပြီး ၃ လမျှသာ ရှိသေးချိန်) အပြီးသတ်မူကြမ်းရေးဆွဲပြီးစီးရမည့် နောက်ဆုံးအချိန် နီးကပ်လာချိန်တွင် CDA က အိုမန်နိုင်ငံ Oman တွင် ရက်သတ္တပတ် သုံးပတ် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂက ထောက်ခံပံ့ပိုးခဲ့ပါသည်။ CDA တွင် ပါဝင်သူ အချို့က မတက်ရောက်ဘဲ သပိတ်မှောက်ကြသောကြောင့် CDA သည် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို မဲခွဲသောအခါ မဲခွဲဆုံးဖြတ်ချက်အတည်ဖြစ်ရေး သတ်မှတ်ထားသည့် အနည်းဆုံးလိုအပ်သည့် မဲပေးသူအချိုးအစား မပြည့်မီပါ (Libya Channel 2016; Libya Observer 2016)။ ဆက်လက်၍ CDA သည် LPA ပါ နောက်ဆုံး သတ်မှတ်အချိန်ကာလကိုမီအောင် မရေးဆွဲနိုင်သော်လည်း သဘောတူညီချက်တွင် ဖော်ပြထားသည့် နောက်ဆက်တွဲအကျိုးဆက်များ သက်ရောက်ခြင်းမရှိခဲ့ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်နေ့တွင် လွှတ်တော် (HoR) သို့သာ ပေးပို့ခဲ့ပြီး ပြည်သူလူထုအကြား ကျယ်ပြန့်စွာဖြန့်ဝေခြင်း ဆွေးနွေးခြင်းမရှိပါ

(Libyan Gazette 2016)။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လစ်ဗျားရှိကုလသမဂ္ဂပံ့ပိုးမှုလုပ်ငန်းအဖွဲ့ (UNSMIL) က ကြိုဆိုသော်လည်း အိုမန်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် အပြီးသတ် မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်ကို သပိတ်မှောက်ခဲ့သော CDA တွင် ပါဝင်သူများက ဆက်လက်၍ ဆန့်ကျင်လျက် ရှိပါသည် (Libya Prospect 2016)။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို CDA အတွင်းနှင့် CDA ပြင်ပရှိ နိုင်ငံရေးအုပ်စုများနှင့် အများပြည်သူထောက်ခံလာစေရန် ဆောင်ရွက်နိုင်မည်/ မဆောင်ရွက်နိုင်မည် မသဲကွဲသေးသော်လည်း ထောက်ခံမှုရရှိရေး ဖြစ်နိုင်ခြေ အလားအလာမှာ ပို၍ပို၍ လျော့နည်းကျဆင်းလျက် ရှိပါသည် (Gluck 2015: 48)။

နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ် တရားဝင်ဖြစ်မှု တိုးမြင့်စေရန် ကဖျက်ယဖျက်များကို ပါဝင်စေခြင်း သို့မဟုတ် တိုက်ဖျက်ခြင်း

နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်ကို ကဖျက်ယဖျက်လုပ်မည့်သူ များပြားပါသည်။ ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် မဆွေးနွေးလိုသော (သို့မဟုတ် မဆွေးနွေးနိုင်သော) လက်နက်ကိုင် အဖွဲ့များ အပါအဝင် ဖြစ်ပါသည်။ အီရတ်နှင့်ဆီးရီးယား အစ္စလာမ်နိုင်ငံတော် (အိုက်ဆစ်) Islamic State in Iraq and Syria (ISIS) (Islamic State in Iraq and the Levant ဟုလည်း ခေါ်သည်)၏ လစ်ဗျားအဖွဲ့ခွဲသည် ၂၀၁၄ ခုနှစ်မှစတင်၍ မကြာသေးမီအချိန်အထိ နိုင်ငံအတွင်း အစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းများအားနည်းပြီး အထွေထွေ ဖရိုဖရဲဖြစ်နေခြင်း၊ စင်ပြိုင်လွှတ်တော်များ၊ စင်ပြိုင်အစိုးရများ၊ စစ်ရေး ညွှန့်ပေါင်းအဖွဲ့များ ပေါ်ပေါက်လျက် နိုင်ငံတစ်ကွဲတစ်ပြားဖြစ်နေခြင်းကို အခွင့်ကောင်းယူလျက် နယ်မြေရယူပြီး ကြီးထွားလျက်ရှိပါသည် (El Amrani 2016)။ မူအားဖြင့် ISIS ကို အားလုံးတစ်ညီတစ်ညွှတ်တည်း ဆန့်ကျင်ကြသည်ဆိုသော်လည်း နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ထိန်းချုပ်ထားသော အာဏာပိုင်အဖွဲ့များသည် ISIS ကို တိုက်ရန်ထက် အချင်းချင်း ထိခိုက်ပျက်ပြားစေရေးကို ပိုမို၍ အဓိကထား လုပ်ဆောင်လျက် ရှိပါသည်။

ပဏာမကောက်ချက်များ

လစ်ဗျားနိုင်ငံ၏ ပကတိအခြေအနေမှာ ရှုပ်ထွေးပါသည်။ ကာလကြာမြင့်စွာ အာဏာရှင်စနစ်ကျင့်သုံးပြီး အဖွဲ့အစည်းစနစ်များ ပျက်ပြားနေစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီနည်းကျ အုပ်ချုပ်သည့် စနစ်ကို ဖော်ဆောင်ရန်မှာ စိန်ခေါ်မှုအခက်အခဲ အလွန်များပြားမည်သာ ဖြစ်ပါသည်။ အကူးအပြောင်းကာလဖြစ်နေခြင်းက နိုင်ငံရေး ဖြေရှင်းချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်တို့ကို တွဲစပ်လုပ်ဆောင်နိုင်မှု ပျက်ပြားစေခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်မှာ အငြင်းပွားမှုများ ထိုးနက်တိုက်ခိုက်မှုများ ဖြစ်ပွားရာ စစ်မြေပြင်သဖွယ်ဖြစ်လာပြီး ကဒတ်ဖီခေတ်လွန် ကွဲပြားမှုများကို ပြေလည်အောင် ဖြေရှင်းရမည့် အစား ကွဲပြားမှုများ ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။ ဤသို့ ဖြစ်ရခြင်းမှာ အဓိက အကြောင်းနှစ်ရပ် ရှိပါသည်။ ပထမအကြောင်းမှာ ဆွေးနွေးပွဲတွင် အထူးသဖြင့် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေစာသား ပြုစုရန် ဆွေးနွေးစဉ် အကျိုးသက်ဆိုင်ပါဝင်သူ အားလုံးပါဝင်ဆွေးနွေးနိုင်မှု မရှိခဲ့ခြင်းကြောင်း သက်ဆိုင်ရာ အုပ်စုအားလုံးပါဝင်သည့် နိုင်ငံရေးဖြေရှင်းချက်ရရှိရေး လမ်းပိတ်ခဲ့ရခြင်းဖြစ်ပါသည် (Al-Ali 2011)။ ဒုတိယအကြောင်းမှာ ဤရှေ့နောက်စီစဉ်ပုံ၏ အားနည်းချက်တစ်ရပ်ဖြစ်သော နိုင်ငံရေးဖြေရှင်းချက် အများအပြားကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်

ဆောင်ရွက်သည့်အခါတွင်မှ လုပ်ဆောင်ရန်ချန်လုပ်ထားခြင်း ဖြစ်သည်။ သီးခြား ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ CDA ကို နိုင်ငံရေးသမားများနှင့် မတူညီသည့် ကိုယ်စားပြု ပါဝင်မှု အစီအမံအောက်တွင် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တစ်ရပ်လုံးနှင့် တရားဝင်ချိတ်ဆက်မှုမရှိဘဲ ဖွဲ့စည်းလိုက်ခြင်းကြောင့် ပိုမိုဆိုးဝါးသွားခြင်း ဖြစ်ပါသည်။

ထိုမျှမက ကနဦး ဖွဲ့စည်းပုံအခြေခံဥပဒေကြေညာချက်တွင် ပါဝင်သော အချိန်ဇယားသည် ကဒတ်ဖီခေတ်လွန် နိုင်ငံရေးကွဲပြားမှုများကို ပိုမိုဆိုးဝါးစေပါသည်။ ပဋိပက္ခတွင်ပါဝင်သူများက ရွေးကောက်ပွဲများကို အခြားသူရှုံးမှ မိမိအနိုင်ရရှိနိုင်သည့်ပွဲများဟု ရှုမြင်ကြခြင်းကြောင့် ရွေးကောက်ပွဲများ အကြိမ်ကြိမ် ကျင်းပခဲ့ခြင်းကလည်း အခြေအနေကို မတည်မငြိမ်ဖြစ်စေပါသည်။ ဖြစ်ပေါ်လာသည့် အခက်အခဲများကိုကြည့်ခြင်းဖြင့် ခက်ခဲသောနိုင်ငံရေးအခြေအနေ တည်ငြိမ်မှုရရှိစေရန် တရားဝင်အဖွဲ့အစည်းများတည်ထောင်လျက် လုပ်ငန်းဆောင်ရွက်နိုင်စေခြင်းဖြင့် အလျင်အမြန်လုပ်ဆောင်ရမည့်အပိုင်းကတစ်ဖက်၊ အထူးသဖြင့် ပဋိပက္ခသစ်များ ပေါ်ပေါက်လျက်ရှိသည့် အခြေအနေတွင် ယင်းအဖွဲ့အစည်းများအတွက် နိုင်ငံရေးသဘောတူညီချက်ကို အချိန်ယူတည်ဆောက်ရန် လိုအပ်ချက်က တစ်ဖက်အတိုးအလျော့ပြု ညှိနှိုင်းရမည့်အပိုင်းများကို ပိုမို၍ နားလည်သဘောပေါက်ရန်လိုအပ်သည်ဟု တွေ့ရှိရပါသည်။

ဆိုမာလီယာ Somalia

ဆိုမာလီယာ Somalia တွင် တတိယ ရှေ့နောက်စီစဉ်သည့်ပုံစံကိုပင် ကနဦးကျင့်သုံးခဲ့ပါသည်။ ဆိုမာလီယာ အတွေ့အကြုံအရ ပဋိပက္ခများ အတိအလင်းဖြစ်ပွားနေသည့် ပကတိအခြေအနေတွင် ပြည်နယ်အဆင့်၌ နိုင်ငံရေးဖြေရှင်းချက်ရယူရန် အထင်အရှား လိုအပ်လျက်ရှိပြီး ဗဟိုအဆင့် အဖွဲ့အစည်းများက တုံ့ပြန်ဆောင်ရွက်မှု မပြုနိုင်သည့်အခါ အမျိုးသားအဆင့် နိုင်ငံရေးဖြေရှင်းချက်ဖော်ဆောင်နိုင်ရန် ခက်ခဲကြောင်း တွေ့ရှိရပါသည်။

ဆိုမာလီယာသည် ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိပြီး ဆယ်စုနှစ်တစ်စုအတွင်း စစ်အာဏာသိမ်းမှု ဖြစ်ပွားပါသည်။ ဗိုလ်ချုပ် Siad Barre (ဆီယဒ်ဘာရေ) ကာလကြာမြင့်စွာ အုပ်ချုပ်ခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်များတွင် ၎င်း၏အုပ်ချုပ်မှုကို ဆန့်ကျင်ခြင်းများ တိုးပွားလာပြီး ၁၉၉၁ ခုနှစ်တွင် ဖြုတ်ချခံရပါသည်။ ထို့နောက် ဆိုမာလီယာတစ်နိုင်ငံလုံးတွင် ဆွေမျိုးစုအခြေပြု ပြည်တွင်းစစ် ဖြစ်ပွားလာပါသည်။[8] အနောက်မြောက်ဘက်ရှိ ဆိုမာလီလင်း Somaliland က ၁၉၉၁ ခုနှစ်တွင် လွတ်လပ်ရေးကြေညာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ပြီးစီးပါသည်။ အရှေ့မြောက်ဘက်ရှိ ပန့်လင်းပြည်နယ် Puntland က ၁၉၉၈ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးဖော်ဆောင်ရန် သဘောတူညီခဲ့ပါသည်။ ကုလသမဂ္ဂ၏ ညှိနှိုင်းမှုဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များ ရရှိခဲ့သော်လည်း အကြမ်းဖက်မှုကို အဆုံးမသတ်နိုင်ဘဲရှိပါသည်။ ၁၉၉၅ ခုနှစ် မတ်လတွင် ဆိုမာလီယာမှ ကုလသမဂ္ဂ ရုတ်သိမ်းသွားပြီး ဂိုဏ်းဂဏ

[8] ဆွေမျိုးစုကို အခြေပြုသော ဆိုမာလီယာ လူအဖွဲ့အစည်းတွင် အဓိကဆွေမျိုးစုကြီး လေးစုရှိပါသည်။ Darod, Dir, Hawiye နှင့် Rahaweyn တို့ဖြစ်ပါသည်။ ဆွေမျိုးစုငယ်အချို့လည်း ရှိပါသည်။ ဆွေမျိုးစုများတွင် မျိုးရိုးစဉ်ဆက် မိသားစုများ ပါဝင်ပြီး ဆွေမျိုးစုအခွဲများ ထပ်မံပိုင်းခြားထားပါသည်။ စစ်မက်ဖြစ်ပွားသောအခါ ဆွေမျိုးစုအခွဲများသည် (ယာယီ) မဟာမိတ်ဖွဲ့၍ တိုက်ခိုက်ကြပါသည် (Schmidt 2015)။

အသီးသီးအကြား သဘောတူညီချက်ရရှိရေး ညှိနှိုင်းဆွေးနွေးရန် ကြိုးပမ်းမှုများရှိသော်လည်း အောင်မြင်မှု မရရှိပါ (Saalax and Ibrahim 2010)။

ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ပထမကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၀၀ ပြည့်နှစ် မေလမှ သြဂုတ်လအထိ အာတာ (ဂျီဘူတီ) (Arta (Djibouti)) တွင် ကျင်းပပြုလုပ်သော ဆိုမာလီအမျိုးသားငြိမ်းချမ်းရေးဆွေးနွေးပွဲ (Somali National Peace Conference) တွင် အာတာကြေညာချက် (Arta Declaration) ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းမှာ ငြိမ်းချမ်းရေး သဘောတူညီချက်ဖြစ်ပြီး အကူးအပြောင်းကာလ အစိုးရဖွဲ့စည်းပုံပါဝင်ပါသည်။ ယင်းကြေညာချက်ဖြင့် အကူးအပြောင်းကာလ အမျိုးသားအစိုးရ၊ အကူးအပြောင်းကာလ အမျိုးသားလွှတ်တော်နှင့် အကူးအပြောင်းကာလ အမျိုးသားပဋ္ဌာန်ဥပဒေတို့ကို တည်ထောင်ခဲ့ပါသည်။ ပဋ္ဌာန်ဥပဒေသည် 'အကူးအပြောင်း နိုင်ငံရေးသဘောတူညီချက်' ဖြစ်ပြီး အသစ်ဖွဲ့စည်းတည်ထောင်လိုက်သည့် အစိုးရအတွက် ဥပဒေမူဘောင် ဖြစ်ပါသည် (Atta-Asamoah 2013, 2)။ ဆိုမာလီယာသည် အုပ်ချုပ်မှုဒေသ (ပြည်နယ်) ၁၈ ခုဖြင့် တစ်ပြည်ထောင်နိုင်ငံတည်ထောင်ပြီး အစိုးရ အားကောင်းစေရန် ရည်ရွယ်ပါသည် (Bryden 2013: 20)။ အာတာတွင် သဘောတူညီခဲ့သော အုပ်ချုပ်မှုမူဘောင်အရ ကနဦးတွင် တိုက်ခိုက်မှုများရပ်စဲလျက် ငြိမ်းချမ်းရေးရခဲ့ပြီး ကုလသမဂ္ဂနှင့် အာရပ်နိုင်ငံများ အာဖရိကနိုင်ငံများ မဟာမိတ်အဖွဲ့က ထောက်ခံခဲ့ပါသည်။ သို့သော် အသစ်ပေါ်ပေါက်လာသော အီသီယိုပီးယားကထောက်ခံသည့် ဆိုမာလီယာပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကောင်စီ (Somalia Reconciliation and Restoration Council) က ဖယ်ဒရယ်စနစ်ထူထောင်ရန်တောင်းဆိုပြီး သဘောတူညီချက်ကို ဆန့်ကျင်ပါသည် (Saalax and Ibrahim 2010)။ ပဋ္ဌိပက္ခဆက်လက် ဖြစ်ပွားခဲ့ပါသည်။

၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် နောက်ထပ်ပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲကို အစိုးရအများ ပါဝင်သော ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (Inter-Governmental Authority on Development) ၏ ပံ့ပိုးမှုဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အယ်ဒိုရက်ကြေညာချက် (Eldoret Declaration) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယင်းမှာ ငြိမ်းချမ်းရေး သဘောတူညီချက်ဖြစ်ပြီး 'အာတာတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် တစ်ပြည်ထောင်စနစ်ကို ပယ်ဖျက်၍ ဖယ်ဒရယ်စနစ်တည်ထောင်ရန် လိုအပ်ကြောင်း' ပြဋ္ဌာန်းထားသည့် အကူးအပြောင်း နိုင်ငံရေးအစီအစဉ်များ ပါဝင်ပါသည် (Saalax and Ibrahim 2010)။ သို့ဖြင့် ၂၀၀၄ ခုနှစ် သြဂုတ်လတွင် လွှတ်တော်ကိုယ်စားလှယ် ၂၇၅ ဦး ပါဝင်သော အကူးအပြောင်းကာလ ဖယ်ဒရယ်လွှတ်တော် Transitional Federal Parliament နှင့် အကူးအပြောင်းကာလ ဖယ်ဒရယ်အစိုးရ Transitional Federal Government (TFG) တို့ဖြင့် အကူးအပြောင်းကာလ အမျိုးသားလွှတ်တော်နှင့် အကူးအပြောင်းကာလ အမျိုးသားအစိုးရကို အစားထိုးပါသည်။ အကူးအပြောင်းကာလ ဖယ်ဒရယ်ပဋ္ဌိညာဉ် Transitional Federal Charter (TFC) ကိုလည်း ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြဋ္ဌာန်းပါသည်။ ဆိုမာလီယာတွင် ပထမဆုံးအကြိမ် ဖယ်ဒရယ်သမ္မတနိုင်ငံ တရားဝင်ကြေညာခြင်း ဖြစ်ပါသည်။

အာတာ Arta နှင့် အယ်ဒိုရက် Eldoret ကြေညာချက် နှစ်ရပ်လုံးသည် ပြည်သူလူထု၏ လိုအပ်ချက်များနှင့် တောင်းဆိုချက်များကို ပိုမိုကောင်းမွန်စွာတုံ့ပြန်ဆောင်ရွက်ပေးနိုင်မည့် ပိုမို၍

အများပါဝင်သော အဖွဲ့အစည်းများတည်ဆောက်ရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။ အကူးအပြောင်း အဖွဲ့အစည်းများတွင် ကိုယ်စားပြုပါဝင်မှုကို ၄.၅ ပုံသေနည်းအသုံးပြု၍ ရွေးချယ်ပါဝင်စေရန် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ အဓိက ဆွေမျိုးစုကြီး ၄ခု ဖြစ်သော Hawiye, Darod, Dir နှင့် Rahaweyn တို့အတွက် အရေအတွက် တူညီစွာပါဝင်စေပြီး ကျန်ရှိသော ၀.၅ မှာ ဆွေမျိုးစုငယ်များနှင့် အမျိုးသမီးများပါဝင်စေရန် ဖြစ်ပါသည်။ သို့သော်ဤပုံသေနည်းဖြင့် ရွေးချယ်ခန့်ထားခြင်း ကိုလည်းကောင်း ထွက်ပေါ်လာသည့် အစိုးရများကိုလည်းကောင်း မည်မျှကိုယ်စားပြုပါဝင်မှုရှိကြောင်း မေးခွန်းထုတ်မှု များပြားသည်ထက်များပြားလာပြီး အချင်းချင်း ဂိုဏ်းဂဏ ကွဲပြားတိုက်ခိုက်ကြခြင်း၊ ထိရောက်စွာ အုပ်ချုပ်နိုင်ခြင်းမရှိဟု ထင်မြင်ယူဆခံရခြင်းများ တိုးမြင့်လာခဲ့သည်။ (ICG 2008: 2)။

လက်တွေ့မကျသော အချိန်ဇယားများနှင့် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခြင်းများ

အကူးအပြောင်းကာလ ဖယ်ဒရယ်အစိုးရ (TFG) သည် ဆိုမာလီယာနိုင်ငံတွင် ဖယ်ဒရယ်စနစ်ထူထောင်ရေး ဆောင်ရွက်ရန် ရည်ရွယ်သည်။ (အပိုဒ် ၁၁-၈)။ နိုင်ငံတော်အတွက် ဖယ်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂နှစ်ခွဲအတွင်းပြုစုရန် ပြဋ္ဌာန်းချက်ကို (အပိုဒ် ၇၁-၉) နောက်ကြောင်းပြန်သုံးသပ်ပါက လက်တွေ့လုပ်ဆောင်နိုင်ဖွယ်ရာမရှိသော အချိန်ဇယား ဖြစ်ပါသည်။ ဖယ်ဒရယ်စနစ်အယူအဆမှာ များစွာအငြင်းပွားနေကြဆဲဖြစ်ပြီး ဖယ်ဒရယ်သွတ်သွင်းမှုကြောင့် မူလရှိနှင့်သည့် တင်းမာမှုများ ပိုမိုဆိုးဝါးလာပြီး ဆန့်ကျင်ဘက်အုပ်စုများသည်လည်း ရပ်တည်ချက်များကို မပြင်တော့ဘဲ အခိုင်အမာစွဲကိုင်လာကြပါသည် (Bryden 2013, 21)။ ၂၀၀၆ ခုနှစ်တွင် TFG အစိုးရနှင့် အစွန်းရောက်အုပ်စုများအကြား အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားလာသဖြင့် ယင်းအုပ်စုအချို့ကို အစိုးရအဖွဲ့အစည်းများတွင် နေရာပေးလျက် TFG ၏ လုပ်ပိုင်ခွင့်ကို တိုးချဲ့ခဲ့ပါသည်။ သို့သော် ၂၀၀၉ ခုနှစ်တွင် အကြမ်းဖက်မှု ထပ်မံဖြစ်ပွားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ်လည်း ရပ်တန့်သွားပါသည်။

စစ်ပွဲများ နှစ်နှစ်ကြာဖြစ်ပွားပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် TFG သည် တရားဝင်အစိုးရအဖြစ် ရှုမြင်ခြင်းမခံရတော့ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်သည်လည်း များစွာနောင့်နှေးနေပြီပါသည်။ ကုလသမဂ္ဂနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အထူးတိုက်တွန်းချက်အရ TFG သည် အကူးအပြောင်းကာလပြီးဆုံးရေး လမ်းပြမြေပုံကို အတည်ပြုခဲ့ပါသည်။ ယင်းမှာ အကူးအပြောင်း နိုင်ငံရေးသဘောတူညီချက်ဖြစ်ပြီး ၂၀၁၂ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့ မတိုင်မီ အကူးအပြောင်းကာလ အပြီးသတ်ရေး ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားပါသည်။ လုံခြုံရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့ ပါဝင်ပါသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် TFG သည် ဆိုမာလီယာရှိ အခြားသော အကျိုးသက်ဆိုင်ပါဝင်သူများနှင့် ပန့်တ်လင်းပြည်နယ် ဂါရိုဝီ Garowe (Puntland) တွင် တွေ့ဆုံဆွေးနွေးပြီး ဂါရိုဝီ-၁ Garowe I နှင့် ဂါရိုဝီ-၂ Garowe II မူများကို သဘောတူညီခဲ့ပါသည်။ ယင်းမူများမှာ ဖယ်ဒရယ်စနစ်ထူထောင်သည့် လုပ်ငန်းစဉ်၊ အကူးအပြောင်းကာလလွန်

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲခြင်း၊ အကူးအပြောင်းကာလလွန် ဖယ်ဒရယ်လွှတ်တော် ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရွေးကောက်ပွဲစနစ် စုဖွဲ့စီစဉ်ပုံတို့ကို ပိုမိုရှင်းစနစ်ကျစေရန် ရည်ရွယ်ပါသည်။[9] မူနှစ်ရပ်လုံးတွင် ၂၀၁၂ ခုနှစ် ဧပြီလ ၂၀ ရက် နောက်ဆုံးထား၍ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို အပြီးသတ်ပြုစုရန်နှင့် အကူးအပြောင်းကာလကို ၂၀၁၂ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့ ထက် နောက်မကျစေဘဲ အဆုံးသတ်ရန် အလေးအနက် ဖော်ပြထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲသည့် လုပ်ငန်းစဉ်များ အပြိုင် လုပ်ဆောင်နေကြခြင်းနှင့် ဒုတိယ ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ

TFC က သီးခြားလွတ်လပ်သော ဖယ်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကော်မရှင် Independent Federal Constitutional Commission (IFCC) ကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရန် တာဝန်ပေးအပ်ခဲ့ပါသည်။ သို့သော် ပဋ္ဌိပက္ခဆက်ဆံရေးများ ဆိုးဝါးလာပြီး တိုးတက်မှုနှေးကွေးခဲ့ပါသည်။ ၂၀၁၁ ခုနှစ် လမ်းပြမြေပုံလက်မှတ်ရေးထိုးပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရန် ကျွမ်းကျင်သူများကော်မတီ (CoE) အသစ်တစ်ခုကို TFG က ဖွဲ့စည်းပေးခဲ့ပါသည်။ IFCC နှင့် CoE အကြား နိုင်ငံရေးဖြေရှင်းချက် မည်သို့ဖြစ်သင့်ကြောင်း အမြင်မတူခြင်း စသည့် အကြောင်းများကြောင့် တင်းမာမှုများ ရှိလင့်ကစား IFCC နှင့် CoE တို့သည် နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း တစ်စောင်တည်း ပြုစုခဲ့ပါသည် (Ainte 2014)။ သို့ရာတွင် ထိုအချိန်၌ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဝန်ကြီးကနည်းပညာပိုင်းပြန်လည်သုံးသပ်ရေးကော်မတီ Technical Review Committee တစ်ရပ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယင်းကော်မတီက သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတစ်စောင် ပြုစုထားပါသည်။ ယင်းတို့ကို ပေါင်းစည်း၍ ညှိနှိုင်းသဘောတူညီထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအဖြစ်ပြုစုရာ အထူးသဖြင့် ဖယ်ဒရယ်အစိုးရနှင့် ပြည်နယ်များ အကြား လုပ်ပိုင်ခွင့်အာဏာနှင့် အရင်းအမြစ်ခွဲဝေခြင်း စသည့် အဓိက အရေးပါသောအပိုင်းများ မပြည့်စုံဘဲ ကျန်နေပါသည်။

၂၀၁၂ ခုနှစ် ဇွန်လတွင် TFG က ဆိုမာလီအမျိုးသားတိုင်းပြုပြည်ပြုလွှတ်တော် Somali National Constituent Assembly ခေါ်ယူပါသည်။ လွှတ်တော်ကိုယ်စားလှယ် ၈၂၅ ဦး (၃၀%ကို အမျိုးသမီးများအတွက် သတ်မှတ်ထားပါသည်) ရှိပြီး ၎င်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ်မူကြမ်းကို ပြန်လည်သုံးသပ်ရန်နှင့် အတည်ပြုရန် တာဝန်ပေးအပ်ထားသော ရိုးရာအစဉ်အလာ ခေါင်းဆောင် ၁၃၅ ဦးက ၄.၅ ပုံသေနည်းဖြင့် အမည်စာရင်းတင်သွင်းပါသည် (Atta-Asamoah 2013: 4; Ainte 2014: 62)။ စံချိန်တင်ကာလတို အတွင်းမှာပင် တိုင်းပြုပြည်ပြု လွှင်အမြန် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် TFC ကို အစားထိုးရန် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ Provisional Constitution (PC) ကို အတည်ပြုပါသည်။ ဒုတိယ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါသည်။ ယင်းကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ၂၀၁၆ ခုနှစ် သြဂုတ်လ နောက်ဆုံးထား၍ (က) အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ညှိနှိုင်းဆွေးနွေးလျက်ပြုစုပြီး လူထုဆန္ဒခံယူလျက် အတည်ပြု

[9] ၂၀၁၂ ခုနှစ် မတ်လ ဂါလ်ကာယို သဘောတူညီချက် (Galkayo Agreement) အရ အကူးအပြောင်းကာလလွန် ဖယ်ဒရယ် လွှတ်တော်ကို ရွေးကောက်ပွဲစနစ်သစ်ဖြင့် မဟုတ်ဘဲ ၄.၅ ပုံသေနည်းဖြင့် ရွေးကောက်တင်မြှောက်ရန် အဓိက အကျိုးသက်ဆိုင် ပါဝင်သူများက သဘောတူညီကြပါသည်။ (Atta-Asamoah 2013: 8; Ainte 2014: 64)

ပြဋ္ဌာန်းရန် (အပိုဒ် ၁၃၂ (၁၀)) (ခ) အမျိုးသားအဆင့် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရန် (အပိုဒ် ၁၃၆) နှင့်(ဂ) ဖယ်ဒရယ်ပြည်နယ်များ တည်ထောင်ရန် (အပိုဒ် ၄၉၊ နောက်အပိုင်း ကိုလည်း ကြည့်ပါ)၊ ထို့နောက် အထက်လွှတ်တော်တည်ထောင်ရန် သတ်မှတ်ပါသည်။

လွှတ်တော်အသစ်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်ခေါ်ယူပြီး သမ္မတကို ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ရွေးကောက်တင်မြှောက်ပါသည်။ TFG နေရာတွင် ဆိုမာလီယာဖယ်ဒရယ် အစိုးရပေါ်ပေါက်လာပါသည်။ ထိုအချိန်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ် ဆက်လက်တိုးတက် ဆောင်ရွက်နိုင်ရေးအတွက်မူများ ချမှတ်နိုင်ရန် ၂၀၁၃ ခုနှစ် သဘောတူညီ ချက်အသစ် (2013 New Deal) နှင့် မျှော်မှန်းချက် ၂၀၁၆ ခုနှစ် (Vision 2016) ကဲ့သို့သော ကြိုးပမ်းဆောင်ရွက်မှုများ ရှိခဲ့သော်လည်း လုပ်ငန်းစဉ်ကို အချိန်ဇယားအတိုင်း လုပ်ဆောင်နိုင်ခြင်း မရှိဘဲ နောင့်နေးကြန့်ကြာလျက် ရှိပါသည်။

ပြည်နယ်အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း

ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ (PC) အပိုဒ် ၄၈ တွင် ၁၉၉၁ ခုနှစ်မတိုင်မီက သတ်မှတ်ခဲ့သော အုပ်ချုပ်မှုဒေသ ၁၈ ခုကို သီးခြားဆက်လက်ထားရှိမည်မဟုတ်ဘဲ ပေါင်းစပ်လျက် ဖယ်ဒရယ် ပြည်နယ် Federal Member State (FMS) များ ဖွဲ့စည်းရန် ပြဋ္ဌာန်းထားပါသည်။ နယ်နိမိတ်နှင့် ဖယ်ဒရယ်နိုင်ငံကော်မရှင်ကို တည်ထောင်ရာတွင် နောက်ကျပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် တည်ထောင်ခဲ့ခြင်း (Goobjoog News 2015) အပါအဝင် မြေပြင် ပကတိ အခြေအနေများကြောင့် ဖယ်ဒရယ်အစိုးရသည် ပြည်နယ်ဖွဲ့စည်းရေးလုပ်ငန်းစဉ်များတွင် ဒေသန္တရအကျိုးသက်ဆိုင် ပါဝင်သူများနှင့် မဖြစ်မနေ တိုက်ရိုက်ဆောင်ရွက်ရပါသည်။ ဖယ်ဒရယ်နိုင်ငံတည်ထောင်ပြီးသော်လည်း ပြည်နယ်များကို အမျိုးသားအဆင့်တွင် အပြည့်အစုံ သို့မဟုတ် အခိုင်အမာနယ်နိမိတ် သတ်မှတ် ခြင်းမပြုရသေးသဖြင့် စိတ်ဝင်စားဖွယ်ရာ သာမန်မဟုတ်သော အခြေအနေဖြစ်ပါသည်။ သို့သော် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ (PC) ပြဋ္ဌာန်းပြီးကာလအတွင်း ဆိုမာလီယာတောင်ပိုင်းနှင့် အလယ် ပိုင်းတွင် နောက်ထပ် ကြားဖြတ်ပြည်နယ်အစိုးရသုံးခု ထပ်မံပေါ်ပေါက်လာသဖြင့် (Hosh 2016) ရလဒ်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည် (Crouch 2016)။ နောက်ထပ် ပေါင်းစည်းရန် ပြည်နယ် သုံးခုသာကျန်ရှိပြီး နှစ်ခုမှာ ယခုအခါ ပေါင်းစည်းရေးလုပ်ငန်းစဉ် ဆောင်ရွက်လျက် ရှိပါသည်။ နောက်ဆုံးကျန်ရှိသည့် ပြည်နယ်မှာ မိုဂါဒစ်ရှူး (Mogadishu) ပတ်လည်ရှိဒေသဖြစ်ပြီး FMS အဖြစ် သို့မဟုတ် ဗဟိုမှ တိုက်ရိုက်အုပ်ချုပ်သည့် ဖယ်ဒရယ်ခရိုင်အဖြစ် သီးခြား ရပ်တည်နိုင်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် လိုအပ်နိုင်ပါသည်။

ဖယ်ဒရယ်ပြည်နယ် FMS ဖွဲ့စည်းတည်ထောင်သည့် လုပ်ငန်းစဉ်ကိုကြည့်ခြင်းဖြင့် ဒေသန္တရ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလမ်းစဉ်သည် အမျိုးသားအဆင့်အခြေပြုလမ်းစဉ်ထက် ငြိမ်းချမ်းရေး ကို ပိုမိုအောင်မြင်စွာ တည်ဆောက်နိုင်စေခြင်းမှာ ပြည်နယ်/တိုင်းဒေသကြီး နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များ၏ အမျိုးသားအဆင့် နိုင်ငံရေးဖြေရှင်းချက် လမ်းစဉ်များကို အထောက်အကူပြုခြင်း အောက်မှအထက်သို့ ဆောင်ရွက်နိုင်စေခြင်းကြောင့်ဖြစ်ကြောင်း သိရှိနိုင်သည်။

ရွေးကောက်ပွဲစနစ်သစ်ဖြင့် ကိုယ်စားပြုမှု အားကောင်းစေရန် ကြိုးပမ်းခြင်း

၂၀၁၂ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ (PC) တွင် မျှော်မှန်းထားသော ရွေးကောက်ပွဲပုံစံမှာ လည်းအခက်အခဲများ နှောင့်နှေးကြန့်ကြာမှုများနှင့် ကြုံတွေ့ရပါသည်။ ရွေးကောက်ပွဲများတွင် 'လူတစ်ယောက် မဲတစ်မဲ' ပေးရန် PC တွင် မျှော်မှန်းထားလင့်ကစား ၂၀၁၆ ခုနှစ်တွင် ယင်းသို့သော ရွေးကောက်ပွဲများ ပြုလုပ်နိုင်မည်မဟုတ်ကြောင်း ဖယ်ဒရယ်အစိုးရနှင့် ဖယ်ဒရယ်လွှတ်တော်က ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် တရားဝင်ထုတ်ပြန်ပါသည် (ConstitutionNet 2016)။ ပြည့်စုံသော ရွေးကောက်ပွဲ မဟုတ်သေးဘဲ ကျယ်ပြန့်စွာ အများပါဝင်မှုနှင့် ကိုယ်စားပြုမှု ရှိသော ရွေးကောက်ပွဲ ပုံစံသစ်ကို စီစဉ်ရန်လိုအပ်သည်ဟု ဆိုပါသည်။ ယင်းအတွက် အမျိုးသားဆွေးနွေးပွဲဖိုရမ် National Consultative Forum ကို ကျင်းပပြုလုပ်ပါသည်။ နောက်ပိုင်းတွင် အမျိုးသားအဆင့် ခေါင်းဆောင်များဖိုရမ်ဆွေးနွေးပွဲ National Leaders Forum ဟု အမည်ပြောင်းခဲ့ပါသည်။ ထို ဖိုရမ်ဆွေးနွေးပွဲမှ ချမှတ်သော ရွေးကောက်ပွဲအစီအမံမှာ ရိုးရာအစဉ်အလာ ခေါင်းဆောင် ၁၃၅ ဦးက အဖွဲ့ဝင် ၅၀ စီ ပါဝင်သော ရွေးကောက်တင်မြှောက်ရေးအဖွဲ့ (Electoral College) ၂၇၅ ဖွဲ့ ရွေးချယ်ခန့်အပ်ပြီး ယင်း ရွေးကောက်တင်မြှောက်ရေးအဖွဲ့များက လွှတ်တော်ကိုယ်စားလှယ် ၂၇၅ ဦးရှိသော အောက်လွှတ်တော်ကို ရွေးကောက်တင်မြှောက်ရန် ဖြစ်ပါသည်။

ဤနိုင်ငံရေး သဘောတူညီချက်တွင် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲပုံစံနှင့် ယင်းရွေးကောက်ပွဲပုံစံ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပုံတို့ကို ဖယ်ဒရယ်လွှတ်တော်က အတည်ပြုပေးရန် ပါရှိပါသည်။ သို့သော် ဖယ်ဒရယ်လွှတ်တော်က ဤနိုင်ငံရေး သဘောတူညီချက်ကို အတည်ပြုနိုင်ရေးမဲပေးခြင်း မရှိသဖြင့် သမ္မတက ၂၀၁၆ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ဒီကရီ ထုတ်ပြန်လျက် အမျိုးသားအဆင့် ခေါင်းဆောင်များဖိုရမ် ဆွေးနွေးပွဲ (National Leaders Forum) က သဘောတူညီလိုက်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အတည်ပြုပြဋ္ဌာန်းပေးပါသည်။ ဤသို့ ဆောင်ရွက်ခြင်းကို ဝေဖန်မှုများရှိသော်လည်း နိုင်ငံတကာ အသိုက်အဝန်းက ထောက်ခံပါသည်။ (Uluso 2016; UN Security Council 2016)

နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်ကို ကဖျက်ယဖျက်လုပ်သူများနှင့် ၎င်းတို့၏ ပြည်သူကို ကိုယ်စားပြုနိုင်မှု အနေအထား

မူလ ပဋ္ဌိပက္ခမှာအမျိုးမျိုး ပြောင်းလဲလာခဲ့ရာ အယ်ရှာဘတ် (Al-Shabaab) ခေါ် ဂျီဟတ် ဘာသာရေးစစ်ပွဲ လှုပ်ရှားမှုအဖွဲ့သည် နိုင်ငံတွင်း နစ်ရှည်ပြည်တွင်းစစ်တွင် အဓိကပါဝင်သူ ဖြစ်လာပါသည်။ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် မပါဝင်သော်လည်း ယင်းလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကင်းမဲ့လာခြင်း၏ အကျိုးကျေးဇူးကို အဓိကခံစားရသည့်အဖွဲ့ဖြစ်ပါသည်။ အယ်ရှာဘတ် (Al-Shabaab) ကို ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့ရာ TFC ပြဋ္ဌာန်းသည့်နှစ်နှင့် တစ်နှစ်တည်း ဖြစ်ပါသည်။ ပြည်ထောင်စု အစ္စလာမ်တရားရုံးများ (Union Islamic Courts) က ၂၀၀၆ ခုနှစ်တွင် မိုဂါဒစ်ရှူး (Mogadishu) ကို ထိန်းချုပ်ခဲ့ရာ အထူးသဖြင့် ထိုအချိန်၌ ပြည်ထောင်စု အစ္စလာမ်တရားရုံးများ (Union Islamic Courts) အတွင်း အယ်ရှာဘတ် (Al-Shabaab) ပေါ်ပေါက်လာပါသည်။ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အီသီယိုပီးယားက အစ္စလာမ်အုပ်စုများကို ဝင်ရောက်တိုက်ခိုက်ခြင်းအား ဆန့်ကျင်အုံကြွရေး အကူအညီပေးခဲ့ပြီး ထိန်းချုပ်နိုင်သည့် နယ်မြေ ကျယ်ပြန့်

လာပါသည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆိုမာလီယာသို့စေလွှတ်သည့် အာဖရိကသမဂ္ဂတပ်ဖွဲ့ African Union Mission to Somalia (AMISOM) ကို တပ်အင်အား တိုးချဲ့ခဲ့ရာ အယ်ရှာဘတ် (Al-Shabaab)သည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ရရှိခဲ့သောနယ်မြေများမှ ဆုတ်ခွာခဲ့ရပါသည်။ အဓိကအားဖြင့် မိုဂါဒစ်ရှူး (Mogadishu) ကို ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် လက်လွှတ်ခဲ့ရပါသည် (ICG 2014a: 9)။ စစ်ဆင်ရေးများဖြင့် ဆက်တိုက်တိုက်ခိုက်ခံရခြင်းကြောင့် အယ်ရှာဘတ် (Al-Shabaab) သည် များစွာအားနည်းသွားသော်လည်း (Mosley 2015: 15; Bryden and Thomas 2015: 7; LPI 2014: 18) ဆိုမာလီယာတောင်ပိုင်းနှင့် အလယ်ပိုင်းရှိ မြို့ငယ်များတွင် ပြန်လည်၍ လူသူစုဆောင်းနိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် နောင်းပိုင်းမှစတင်၍ အယ်ရှာဘတ် (Al-Shabaab) သည် ဆိုမာလီယာသို့စေလွှတ်သည့် အာဖရိကသမဂ္ဂတပ်ဖွဲ့ (AMISOM) ဦးဆောင်သော ညွှန့်ပေါင်းတပ်ကို ထိုးစစ်ကြီးများဆင်နွှဲလျက် ပြန်လည်တိုက်ခိုက်ရာ နှစ်ဘက်အသေအပျောက် များပြားပါသည်။ အယ်ရှာဘတ် (Al-Shabaab)၏အင်အားတောင့်တင်းမှုမှာလူမှုရေးလူပ်ရှားမှုအဖြစ်သာမက လက်နက်ကိုင်တိုက်ပွဲဝင်သောအဖွဲ့အဖြစ် လူထု၏လက်ခံမှုအပေါ် မူတည်ပါသည် (ICG 2014a: 1)။

ပဏာမကောက်ချက်များ

ဆိုမာလီယာတွင် လုပ်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်မှာရှုပ်ထွေးပြီး ထူးခြားသောစိန်ခေါ်မှု အခက်အခဲများ ကြုံတွေ့ရပါသည်။ အထူးသဖြင့် သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်ပြီးစီးခြင်းနှင့် တရားဝင်လက်ခံမှု ရရှိခြင်းအကြား ဟန်ချက်ညီစေရန် လိုအပ်ချက်ဖြစ်ပါသည်။ TFC သည် ပထမကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် အဓိက ဆွေမျိုးစုများများအကြား ခေါင်းဆောင်ပိုင်းများ အချင်းချင်းချုပ်ဆိုသော သဘောတူညီချက် ဖြစ်ပါသည်။ ပြည့်စုံမှုမရှိပါ။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ကြာရှည်စွာ လုပ်ဆောင်ခဲ့ရပါသည်။ ယင်းလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတောအတွင်း ခေါင်းဆောင်ပိုင်းများအချင်းချင်း သဘောတူညီချက်ကို တိုးချဲ့လျက် ပိုမိုကျယ်ပြန့်စွာလူ့အဖွဲ့အစည်းအတွင်း ထောက်ခံမှုရရှိရန် ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ လုပ်ငန်းစဉ်တစ်ခုလုံးသာမက လူမျိုးအလိုက် ခေါင်းဆောင်ပိုင်းများပါ လျင်မြန်စွာတရားဝင်အဖြစ် ရှုမြင်ခံရမှု ဆုံးရှုံးသွားပြီး အသစ်ပေါ်ပေါက်လာသော ကဖျက်ယဖျက်အုပ်စုများ အခွင့်သာစေခဲ့ပါသည်။

ဆိုမာလီယာဖြစ်စဉ်ကို ကြည့်ခြင်းဖြင့် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်များကို ကဖျက်ယဖျက်အုပ်စုများက ပျက်ပြားစေနိုင်ပုံကို တွေ့မြင်နိုင်ပါသည်။ အထူးသဖြင့် ခေါင်းဆောင်ပိုင်းအချင်းချင်း သဘောတူညီချက်ရယူရာတွင် တစ်ခါတစ်ရံ သဘောသဘာဝအားဖြင့် တရားဝင်ဖြစ်မှုအပိုင်း လစ်ဟာချက်ရှိတတ်ရာ ယင်းကိုအခွင့်ကောင်းယူ၍ လိုအပ်သောတရားဝင်အဖြစ် လက်ခံမှုဖြစ်ထွန်းပေါ်ပေါက်မလာနိုင်အောင် တားဆီးခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲမကျင်းပနိုင်စေရန်နှင့် ပိုမို၍ ပြည်သူလူထုပါဝင်ဆောင်ရွက်သော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ်မလုပ်ဆောင်နိုင်စေရန်အလို့ငှာ ဆောင်ရွက်ဆဲ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်တွင် မပါဝင်သော သီးခြားပဋိပက္ခတစ်ခုကို အယ်ရှာဘတ် (Al-Shabaab) က ဖန်တီးခဲ့ပြီး လုပ်ငန်းစဉ်တစ်ခုလုံး တရားဝင်အဖြစ် ရှုမြင်ခံရမှုအားနည်းစေခဲ့ပါသည်။

သို့ရာတွင် ဖယ်ဒရယ်ပြည်နယ်ဖွဲ့စည်း တည်ထောင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေစဉ် ပြည်နယ်အဆင့် နိုင်ငံရေးဖြေရှင်းချက်များ မကြာသေးမီက ပေါ်ပေါက်လာပါသည်။ လူတစ်ယောက် မဲတစ်ပြား ရွေးကောက်ပွဲများမပြုလုပ်နိုင်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု ပိုမိုပါဝင်ဆောင်ရွက်နိုင်ခြင်းလည်းမရှိသည့် အခြေအနေတွင် ယင်း ပြည်နယ်အဆင့်နိုင်ငံရေးဖြေရှင်းချက်များဖြင့် နိုင်ငံရေးဖြေရှင်းချက် တရားဝင်ဖြစ်မှုကို တည်ဆောက်နိုင်မည်ဟု မျှော်လင့်ရပါသည်။

ယီမင် Yemen

ယီမင် Yemen နိုင်ငံတွင် အကူးအပြောင်းနိုင်ငံရေးအစီအစဉ်နှင့် တွဲဖက် ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကို တစ်ရက်တည်း လက်မှတ်ရေးထိုးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့်လုပ်ငန်းစဉ် စတင်ခဲ့ပါသည်။ ပြီးပြည့်စုံသော အကောင်းဆုံးအခြေအနေသာ ဖြစ်ပါက ယီမင်သည် စတုတ္ထ ရှေ့နောက်စီစဉ်ပုံအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ သို့ရာတွင် ပဋ္ဌိပက္ခ ဆက်စပ်အားပြိုင်မှုအနေအထားများ ပြောင်းလဲနေခြင်းကြောင့် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်မှာ ပျက်ပြားသွားပြီး ဆောင်ရွက်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပါ ထည့်သွင်း လုပ်ဆောင်ခဲ့ရပါသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ယီမင်ပြည်သူလူထုသည် သမ္မတ ဆာလေး (Saleh) ၏ အာဏာရှင်အစိုးရကို စတင်၍ ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။ ၂၀၁၁ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့များကြောင့် ဆန္ဒပြသူ ၅၀ ခန့် အသက်ဆုံးရှုံးပြီး ၂၀၀ ခန့် ဒဏ်ရာရရှိခဲ့ရာ သမ္မတ ဆာလေးအတွက် အလှည့်အပြောင်း ဖြစ်ခဲ့ပါသည်။ အမိကအရေးပါသော အစိုးရအဖွဲ့ဝင်များ နုတ်ထွက် ဘက်ပြောင်းမှုများ စတင်ဖြစ်ပေါ်လာပြီး နှစ်ရှည်လများပူးပေါင်းလာသည့် မဟာမိတ်များ ကလည်း မထောက်ခံကြတော့ဘဲ ဖြစ်လာပါသည်။ ယီမင်မှတပါး အာရေဗျကျွန်းဆွယ်ရှိ နိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ Gulf Cooperation Council (GCC) ကလည်း GCC သဘောတူညီချက်ရေးဆွဲပြီး 'ယီမင်နိုင်ငံကို နှစ်ရှည်လများ အုပ်ချုပ်လာခဲ့သော သမ္မတ အာလီအဗ္ဒုလာ ဆာလေး Ali Abdullah Saleh ၏ အုပ်ချုပ်မှု အဆုံးသတ်စေခြင်းဖြင့် ၂၀၁၁ ခုနှစ် အာရပ်နွေဦး (Arab Spring) ဆန္ဒပြမှုများ ပြီးနောက် ဖြစ်ပွားလာသည့် လိပ်ခဲတည်းလည်းဖြစ်မှုကို အဆုံးသတ်စေရန်' လုပ်ဆောင်လာပါသည် (Al-Muslimi 2014)။ ဤသဘောတူညီချက်ကို အကူးအပြောင်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး အစီအမံနှင့်တကွ အတည်ပြုထုတ်ပြန်ခဲ့ပါသည်။

အဆင့်နှစ်ဆင့်ဖြင့် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် စီစဉ်ခြင်း

အကူးအပြောင်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး အစီအမံတွင် အဆင့်နှစ်ဆင့် ပါဝင်ပါသည်။ ပထမအဆင့်မှာ အစီအမံကို အတည်ပြုခြင်းဖြင့်စတင်ပြီး စောစီးစွာ သမ္မတ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်လျက် သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပြီး ရာထူးလက်ခံချိန်တွင် အဆုံးသတ်ပါမည်။ သမ္မတ ဆာလေးက သဘောတူညီချက်ထွက်ပြီး ရက်ပေါင်း ၃၀ အကြာတွင် သမ္မတ အဖြစ်မှ နုတ်ထွက်ပါသည်။ (ၜင်းအား တရားစွဲဆိုတင်ပို့ခံရခြင်းမှ ကင်းလွတ်ခွင့် ပြုခဲ့ပါသည်။)

ဒုတိယသမ္မတ ဟာဒီ Hadi သည် ကြားဖြတ်သမ္မတ ဖြစ်လာပါသည်။ အတိုက်အခံက ဝန်ကြီးချုပ်ကို အမည်စာရင်းတင်သွင်းပြီး ဟာဒီနှင့် အတိုက်အခံတို့က အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းပါသည်။ GCC သဘောတူညီချက်နှင့် အကောင်အထည်ဖော်ရေးအစီအမံကို ဆာလေး လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အကြားတွင် သမ္မတရွေးကောက်ပွဲများကို စောစီးစွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းရွေးကောက်ပွဲများတွင် ဟာဒီ သမ္မတဖြစ်လာပြီး 'ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြုစုရေးကြီးကြပ်ကွပ်ကဲရန်' ဖွဲ့စည်းပုံအခြေခံဥပဒေ ကော်မတီ (Constitutional Committee) ကို ဖွဲ့စည်းတည်ထောင်ပါသည် (Lackner 2016)။ ပထမအဆင့်တွင် လုံခြုံမှုနှင့် တည်ငြိမ်မှု တည်ဆောက်ရေး စစ်ဖက်ရေးရာကော်မတီကိုလည်းတည်ထောင်ပါသည်။ ယင်း ကော်မတီက တပ်မတော်အတွင်း ကွဲပြားမှုများ၊ အခြားလက်နက်ကိုင် အုပ်စုများနှင့် ပဋိပက္ခများကို အဆုံးသတ်လျက် တစ်စုတစ်စည်းတည်း အမျိုးသားအဆင့် ခေါင်းဆောင်မှုအောက်တွင် လက်နက်ကိုင် အုပ်စုများကို စုစည်းပါဝင်စေရန် ရည်ရွယ်ပါသည်။ ယင်းရည်မှန်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိပါ (Lackner 2016)။

ဒုတိယအဆင့်မှာ သမ္မတရွေးကောက်ပွဲများ စောစီးစွာ ကျင်းပပြုလုပ်ပြီး သမ္မတဟာဒီ ရာထူးလက်ခံချိန်မှအစပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူဘောင်အတွင်း အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်ချိန် အထိ ၂နှစ်ကြာမြင့်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တောင်ပိုင်းလူပ်ရှားမှုမှ ကိုယ်စားလှယ်များ၊ ဟူသီများ၊ အမျိုးသမီးများ၊ လူငယ်များ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများအပါအဝင် ကိုယ်စားလှယ် ၅၆၅ဦး ပါဝင်တက်ရောက်သည့် အမျိုးသားအဆင့်ဆွေးနွေးပွဲ ညီလာခံ National Dialogue Conference (NDC) တွင် ဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲထားခြင်း ဖြစ်ပါသည် (အကောင်အထည်ဖော်ရေးအစီအမံ၊ အပိုဒ် ၂၀၊ (Transfeld 2015)။ NDC ညီလာခံ ပြီးဆုံးပြီး ၆ လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကော်မရှင် (Constitutional Commission) ဖွဲ့စည်းတည်ထောင်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို သုံးလအတွင်း မူကြမ်းပြုစုရန် ဖြစ်ပါသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လူထုဆန္ဒခံယူပွဲကျင်းပလျက် အတည်ပြုပြီး နောက်သုံးလအတွင်း လွှတ်တော်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲများ ဆက်လက်ပြုလုပ်သွားရန်ဖြစ်ပါသည်။ ယင်းအချိန်ဇယားမှာ လွန်စွာ ရည်မှန်းချက်ကြီးမား(ပြီး လက်တွေ့နှင့် နီးစပ်မှုမရှိ)သည့် အချိန်သတ်မှတ်ချက်များဖြစ်ပါသည်။

NDC ဆွေးနွေးပွဲများ ၂၀၁၃ ခုနှစ် မတ်လ ၁၈ ရက်တွင် စတင်ခဲ့ရာ ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ ဆက်လက်ဆွေးနွေးခဲ့ရပါသည်။ နောက်ဆုံးသတ်မှတ်ချိန်များ အကြိမ်ကြိမ် ကျော်လွန်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှသာလုပ်ငန်းများ အပြီးသတ်နိုင်ပါသည် (Holzapfel 2014: 6)။ NDC တွင်ဆွေးနွေးပြီး လုပ်ငန်းအုပ်စုများ တည်ထောင်ခဲ့သည့် ကိစ္စရပ်များတွင် တောင်ပိုင်းပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စ၊ ဆာအာဒါး (ဟူသီ) Sa'ada (Huthi) ဝိသေသ အကျိုးစီးပွားများနှင့် တင်းမာမှုများ၊ အမျိုးသားပြန်လည်သင့်မြတ် ရင်ကြားစေ့ရေးနှင့် အကူးအပြောင်း တရားစီရင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ စစ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များ၊ အထူးအဖွဲ့အစည်းများ သီးခြားလွတ်လပ်မှု၊ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၊ ဖွံ့ဖြိုးရေးကိစ္စရပ်များ ပါဝင်ပါသည် (Hassan 2014; Gaston 2014)။ NDC ၏ နောက်ဆုံး အစီရင်ခံစာတွင် ဆုံးဖြတ်ချက် ၁၈၀၀ ကျော် ပါဝင်ပါသည်။ သို့သော် အဓိက ကိစ္စရပ်အချို့တွင်

သဘောတူညီချက်မရရှိပါ။ အထူးသဖြင့် အနာဂတ် ဖယ်ဒရယ်နိုင်ငံတွင် ပါဝင်မည့် ပြည်နယ်အရေအတွက်၊ တောင်ပိုင်းပြဿနာ၊ အကူးအပြောင်းတရားစီရင်ရေး၊ တပ်မတော်ပြုပြင်ပြောင်းလဲရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီ Constitutional Drafting Committee (CDC) တွင် ပါဝင်မည့်သူများနှင့် စပ်လျဉ်း၍ သဘောမတူညီနိုင်ဘဲ ဖြစ်ခဲ့ပါသည် (Lackner 2016: 45)။ ယင်း နယ်ပယ်များတွင် လုပ်ငန်းဆောင်ရွက်နိုင်စေရန် အားလုံးသဘောတူညီမှု ရရှိရေးကော်မတီ (Consensus Committee) ဖွဲ့စည်းဆောင်ရွက်သော်လည်း အောင်မြင်မှု မရရှိပါ (Salisbury 2015: 19)။

နိုင်ငံ၏အနာဂတ် ဖယ်ဒရယ် စုဖွဲ့ပုံနှင့် စပ်လျဉ်း၍ သမ္မတက ဟူသီများနှင့် တောင်ပိုင်းသားများ ပါဝင်သော ကိုယ်စားလှယ် ၁၆ ဦးပါ '၈+၈' သို့မဟုတ် 'တောင်ပိုင်း/မြောက်ပိုင်း ကော်မတီ' ('North/South Committee') ကို တည်ထောင်ပါသည်။ ယီမင်နိုင်ငံကို ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်မှုပိုမိုရရှိသည့် ဖယ်ဒရယ်နိုင်ငံထူထောင်ရန် ကော်မတီဝင်အားလုံး သဘောတူညီကြပါသည်။ သို့သော် ပြည်နယ်အရေအတွက် မည်မျှထားရှိမည်၊ ဘဏ္ဍာရေး၊ အုပ်ချုပ်မှု၊ နိုင်ငံရေးလုပ်ပိုင်ခွင့် အာဏာများခွဲဝေပေးပုံ အမျိုးအစားတို့နှင့် စပ်လျဉ်း၍ သဘောမတူညီနိုင်ဘဲ ရှိပါသည် (Gluck 2015: 51; Gaston 2014: 4)။ သမ္မတဟာဒီက အဖွဲ့ဝင် ၂၃ ဦးပါဝင်သော ပြည်နယ်ကော်မတီဖွဲ့စည်းတည်ထောင်ပြီး ဖယ်ဒရယ်နိုင်ငံတော်တွင် ထားရှိမည့် သင့်တင့်လျောက်ပတ်သည့် ပြည်နယ်အရေအတွက်ကို အပြီးသတ်နောက်ဆုံး သတ်မှတ်ဆုံးဖြတ်ရန် တာဝန်ပေးပါသည်။ ရက်သတ္တပတ် ၂ ပတ် မပြည့်မီမှာပင် ပြည်နယ်ကော်မတီက မြောက်ပိုင်းတွင် ၄ ပြည်နယ်၊ တောင်ပိုင်းတွင် ၂ ပြည်နယ် စုစုပေါင်း ပြည်နယ် ၆ ခုထားရှိသင့်ကြောင်း ကြေညာပါသည် (BBC News 2014)။ ကော်မတီ၏ နောက်ဆုံးအစီရင်ခံစာတွင် ပြည်နယ်အားလုံး၏ နယ်နိမိတ်များကို အနည်းဆုံးရွေးကောက်ပွဲတစ်ကျော့ပြီးသည့်အခါ ပြန်လည်သုံးသပ်နိုင်ကြောင်း ထည့်သွင်း ဖော်ပြထားသော်လည်း ဟူသီများနှင့် တောင်ပိုင်းခွဲထွက်ရေးသမားများက ပြည်နယ်အရေအတွက် ခွဲဝေပုံကို လုံးဝလက်မခံဘဲ ပယ်ချပါသည် (Gaston 2014, 4)။ ဟူသီများက ပင်လယ်ထွက်ပေါက်နှင့် သဘာဝသယံဇာတများရရှိလိုပြီး တောင်ပိုင်းခွဲထွက်ရေးသမားများ သို့မဟုတ် ဆွေးနွေးပွဲများတွင် တောင်ပိုင်းခွဲထွက်ရေးသမားများကို ကိုယ်စားပြုဆွေးနွေးသူများက တစ်ပြည်နယ်တည်း ထားရှိလိုပါသည် (Salisbury 2015: 18)။

ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲခြင်းနှင့် ပဋိပက္ခ ပြန်လည်ဖြစ်ပွားခြင်း

၂၀၁၄ ခုနှစ် မတ်လ ၈ ရက်တွင် ဟာဒီအစိုးရက ဥပဒေကဲ့သို့အာဏာတည်သော သမ္မတအမိန့်ဒီကရီအမှတ် ၂၆ ကို ထုတ်ပြန်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီ (CDC) ကို တည်ထောင်ပါသည်။ ဤအမိန့်ဒီကရီတွင် ထင်ရှားသောအချက်မှာ ယီမင် သမ္မတနိုင်ငံကို ပြည်နယ်ကော်မတီ နောက်ဆုံးအစီရင်ခံစာ (အပိုဒ် ၂) နှင့်အညီ ပြည်နယ် ၆ ခုပါဝင်သော ဖယ်ဒရယ်နိုင်ငံအဖြစ် အဓိပ္ပာယ်ဖော်ပြလျက် CDC ၏ လုပ်ငန်းကို သတ်မှတ်ပေးထားခြင်း ဖြစ်ပါသည်။ ဟူသီလူမျိုးများနှင့် တောင်ပိုင်းသားများ အုပ်စုနှစ်စုလုံး၏ မကျေနပ်ချက်များကို လျစ်လျူရှုထားပါသည်။ အမိန့်ဒီကရီပါ အချိန်ဇယားမှာလည်း အချိန်ကာလအလွန်တိုတောင်းပြီး ကော်မရှင်ဖွဲ့စည်းသည့်နေ့စွဲမှ တစ်နှစ်မပြည့်သော ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လူထု

ဆန္ဒခံယူရန် သတ်မှတ်ထားပါသည် (အပိုဒ် ၆)။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပုံနှိပ်ထုတ်ဝေပြီး ပြည်သူလူထုအတွင်း ဆွေးနွေးတိုင်ပင်သည့် လှုပ်ရှားမှုဆောင်ရွက်ရန် (အပိုဒ် ၂၉) အချိန်မလုံလောက်ပါ။ CDC သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲရေး အစိုးရခန့်အဖွဲ့ဖြစ်ခြင်းကြောင့် ပြည်သူလူထုအတွင်း ဆွေးနွေးတိုင်ပင်သည့် လှုပ်ရှားမှုဆောင်ရွက်ခြင်းဖြင့် CDC အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတွက်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သော ပြည်သူလူထု၏ လိုအပ်ချက်များနှင့် တောင်းဆိုချက်များကို အနည်းဆုံးအားဖြင့် တစ်စိတ်တစ်ဒေသ တုံ့ပြန်မှုရှိသည်ဟု အများယုံကြည်နိုင်မှု တိုးတက်လာမည် ဖြစ်ပါသည်။

၂၀၁၄ခုနှစ် ဧပြီလ ၂၄ ရက်တွင် သမ္မတဟာဒီက အမိန့်ဒီကရီထုတ်ပြန်လျက် အမျိုးသားအဆင့် ဆွေးနွေးပွဲ ညီလာခံ ရလဒ်များ အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် အာဏာပိုင်အဖွဲ့ (National Authority for the Implementation of the Outcomes of the NDC) ကို ဖွဲ့စည်းတည်ထောင်ပါသည်။ NDC တွင် ပါဝင်ခဲ့သူ ၈၂ ဦးကို စေတနာ့ဝန်ထမ်း (လစာမရရှိ) အဖြစ် ခန့်အပ်ပြီး (Lackner 2016: 48) ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီ (CDC) ကို ကြီးကြပ်ရန် တာဝန်ပေးအပ်ခြင်းဖြစ်ပါသည်။ ယင်းအာဏာပိုင်အဖွဲ့သည် 'များမကြာမီ အကူးအပြောင်းအစိုးရနှင့် ဟူသီလူမျိုးများအကြား ဆထက်ထမ်းပိုး ပြင်းထန်လာသည့် သဘောကွဲလွဲမှုများအနက် သဘောကွဲလွဲမှုတစ်ရပ် ဖြစ်လာပါသည်' (Lackner 2016: 48)။ ဟူသီလူမျိုးများက ၎င်းတို့၏ တိုးတက်မြင့်မားလာသော အင်အားနှင့် လိုက်လျောညီထွေသည့် ကိုယ်စားပြုပါဝင်မှုမျိုး အာဏာပိုင်အဖွဲ့တွင် ၎င်းတို့အနေဖြင့်မရရှိဟု ယူဆပါသည်။ ပဋ္ဌိပက္ခ အရှိန်မြင့်မားလာပြီး ၂၀၁၁ ခုနှစ်က ဆာလေးအစိုးရကို အုံကြွတော်လှန်ရာတွင် ထောက်ခံပါဝင်ခဲ့သော ဟူသီလူမျိုးများသည် ၎င်းတို့၏ ဇာတိနယ်မြေဖြစ်သော ယီမင်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဆာအာဒါး (Sa'ada) ကို များစွာကျော်လွန်လျက် နယ်မြေထိန်းချုပ်မှုကို တိုးချဲ့လာခဲ့ရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် မြို့တော် ဆာနာအာ (Sana'a) သို့ပင် ရောက်ရှိလာပါသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ပဋ္ဌိပက္ခအတွင်း ပါဝင်နေသူများအားလုံး ငြိမ်းချမ်းရေးနှင့် အမျိုးသားအဆင့် မိတ်ဖက်ဆောင်ရွက်ရေး သဘောတူညီချက် (Peace and National Partnership Agreement) ကို လက်မှတ်ရေးထိုးကြပါသည်။ အစိုးရသစ်ဖွဲ့စည်းပြီး အမျိုးသားအဆင့်ဆွေးနွေးပွဲ ညီလာခံ (NDC) လုပ်ငန်းအုပ်စုများမှ ဆွေးနွေးရရှိချက်များ အထူးသဖြင့် ဆာအာဒါး (Sa'ada) နှင့် တောင်ပိုင်းကိစ္စရပ်များ ဆိုင်ရာတို့ကို အကောင်အထည်ဖော်ရန် စီမံကိန်းတစ်ရပ်ရေးဆွဲရေး သဘောတူညီကြခြင်းဖြစ်ပါသည်။ အစိုးရသစ်ကို သမ္မတဟာဒီကပင် ဆက်လက်ဦးဆောင်ပါသည် (Yemen Times 2014)။ မိတ်ဖက်ဆောင်ရွက်ရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေစဉ် CDC က ယီမင်နိုင်ငံကို ဖယ်ဒရယ်ပြည်နယ် ၆ ခုဖြင့် ဖွဲ့စည်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲပါသည်။ ဟူသီလူမျိုးများက ယင်းကို လက်မခံဘဲပယ်ချပြီး ၂၀၁၅ ခုနှစ် ဇေဖော်ဝါရီလ ၆ ရက်တွင် ဟာဒီအစိုးရထံမှ အာဏာသိမ်းပါသည်။ အစိုးရနှင့်နှိုင်းယှဉ်လျှင် ဟူသီလူမျိုးများမှာ အင်အားပိုလွန်တောင့်တင်းခြင်းကြောင့် လွှတ်တော်ကိုဖျက်သိမ်းပြီး 'အဖွဲ့ဝင် ၅ ဦးဖြင့် သမ္မတကောင်စီ (presidential council) ဖွဲ့စည်းတည်ထောင်လျက် တော်လှန်ရေးဦးဆောင်ကော်မတီ (Supreme Revolutionary Committee) က နိုင်ငံကို ယာယီအုပ်ချုပ်မည်' ဟု ကြေညာပါသည် (UN Department of Political Affairs n.d.)။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် နိုင်ငံရေးဖြေရှင်းချက်လမ်းကြောင်းပေါ် သို့ ပြန်လည်ရောက်ရှိရေး ကြိုးပမ်းမှုများ

မူလနိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ်တို့မှာ အဆင့်ဆင့် ပြောင်းလဲလျက်ရှိသော ပဋိပက္ခကို အမှီမလိုက်နိုင်ဘဲ နောက်ကျ ကျန်ရစ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် မတ်လမှစ၍ ယီမင်နိုင်ငံတွင် ဆထက်ထမ်းပိုး ပိုမိုပြင်းထန်လာသော ပြည်တွင်းစစ် ဖြစ်ပွားနေပါသည်။ အဓိကအားဖြင့် ဟူသီလူမျိုးများကတစ်ဘက် (ဆာလေး၏ တပ်ဖွဲ့များကလည်း ဟူသီများနှင့် အလျဉ်းသင့်သလိုပူးပေါင်းကူညီတိုက်ခိုက်နေပါသည်)၊ အားနည်းသွားပြီဖြစ်သော ဟာဒီ၏ အမျိုးသားညီညွတ်ရေးအစိုးရ (Hadi GNU)၊ တောင်ပိုင်းခွဲထွက်ရေးသမားများ၊ ဆွန်နီ အစွလာမ်အဖွဲ့များ၊ ဟူသီ/ဆာလေး အုပ်စု၏ အခြားရန်သူများကတစ်ဘက် တိုက်ခိုက်နေကြခြင်း ဖြစ်ပါသည် (ICG 2016a: 12)။ ဆော်ဒီအာရေဗျ ဦးဆောင်သော နိုင်ငံတကာညွှန့်ပေါင်းအဖွဲ့လည်း ပါဝင်နေပါသည်။ ယီမင်ပြည်တွင်းစစ်သည် အချိန် အနည်းငယ်အတွင်း ဆော်ဒီအာရေဗျနှင့် အီရန်တို့အားစမ်းရာ ကိုယ်စားစစ်အဖြစ်သို့ ရောက်ရှိလာပြီး 'ယီမင်ပြည်တွင်းစစ်ပွဲများ၏ နောက်ခံပထဝီမဟာဗျူဟာ ပကတိအခြေအနေ ဖြစ်ပါသည်။ (စစ်ဖြစ်နေသော အုပ်စုနှစ်စုသည် ဒေသတွင်းအင်အားကြီး နှစ်နိုင်ငံမှအကူအညီ ရယူလျက်ရှိပါသည်။) မူလကပင် ခက်ခဲသော အခြေအနေမှာ ကိုယ်စားစစ် အခြေအနေကြောင့် ပိုမို၍စေ့စပ်မရသောကွဲပြားမှုများ အစွန်းရောက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက် ရှိပါသည်' (ICG 2016a: 26)။ ပြည်တွင်းစစ် ဖြစ်ပွားလာခြင်းကြောင့် ဆွေးနွေးညှိနှိုင်းမှုများကို ဆိုင်းငံ့ထားရပြီး ကုလသမဂ္ဂဝန်ထမ်းအားလုံး ယီမင်မှ ဆုတ်ခွာသွားပါသည်။

နိုင်ငံတကာမှ အပြင်းအထန် ဖိအားပေးမှုကြောင့် ပထမအကျော့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ် ဇွန်လတွင် ဂျနီဗာမြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်သော ဒုတိယအကျော့ဆွေးနွေးပွဲများမှသာ လူသားချင်းစာနာရေး လုပ်ငန်းများအတွက် သွားရောက်ခွင့်ပြုရေး၊ ယုံကြည်စိတ်ချမှု တည်ဆောက်ရေး၊ ရေရှည်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စသည်ဖြင့် အနှစ်သာရပိုင်း စတင်ညှိနှိုင်းဆွေးနွေး နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ထပ်မံတွေ့ဆုံဆွေးနွေးရန်လည်း ညှိနှိုင်းခဲ့ပါသည် (ICG 2016b: 28)။ ဆွေးနွေးပွဲတစ်ကျော့နှင့် တစ်ကျော့အကြားတွင် ကုလသမဂ္ဂ၏ ကူညီပံ့ပိုးမှုဖြင့် အိုမန်နိုင်ငံတွင် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန်နှင့် အကြမ်းဖက်မှုအဆုံးသတ်ရန် လိုအပ်ချက်ကို တစ်ဖြည်းဖြည်း နှစ်ဘက်အသိအမှတ်ပြုလာကြပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဆော်ဒီအာရေဗျဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့က ၇ ရက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကြောင်း ကြေညာရာ ဟူသီလူမျိုးများကလက်ခံပြီးနောက် ပဋိပက္ခတွင် ပါဝင်နေသည့် နှစ်ဘက်လုံးက ချက်ချင်း ချီးဖောက်ကြပါသည် (ICG 2016a)။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲသည့် ကာလသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် တရားဝင်ကုန်ဆုံးခဲ့ပါသည်။ ကုလသမဂ္ဂက ကမကထပြုသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း ရွှေ့ဆိုင်းခဲ့ပါသည်။ ပဋိပက္ခဖြစ်ပွားနေသော နှစ်ဘက်အကြား စစ်ဖက်လိပ်ခဲတည်းလည်းဖြစ်မှု ဆက်လက်ဖြစ်ပွားနေပြီး ယီမင်တစ်နိုင်ငံလုံးတွင် IS သာမက အာရေဗျကျွန်းဆွယ် အယ်ကေဒါအဖွဲ့ (al-Qaeda) ပါ စစ်ရေးလှုပ်ရှားမှုများ တိုးချဲ့လာပါသည် (ICG 2016a')။ ၂၀၁၆

ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် နောက်ထပ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစတင်ခဲ့သော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပါသည်။ ၂၀၁၆ ခုနှစ်တွင် ကူဝိတ်နိုင်ငံ၌ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ စတင်ပြုလုပ်ပါသည်။ အစိုးရကိုထောက်ခံသောတပ်ဖွဲ့များက 'ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို လေးစားမည်ဖြစ်ကြောင်း အာမခံချက်ပေးသဖြင့်' ဟူသီလူမျိုးများက ဆွေးနွေးပွဲတွင် ပါဝင်မည်ဟု အတည်ပြုခဲ့ပါသည် (Al Jazeera 2016)။ သို့သော် များမကြာမီ ဆွေးနွေးပွဲများပျက်ပြားခဲ့ပါသည် (Reuters 2016a)။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို အလေးဂရုပြုပြီး (၂၀၁၆ ခုနှစ် စက်တင်ဘာလမတိုင်မီအထိ အလေးဂရုမပြုကြပါ) ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်အသစ် ဆောင်ရွက်နိုင်သည့်တိုင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မည်သို့လုပ်ဆောင်မည်ဖြစ်ကြောင်း အဓိကမေးခွန်းပေါ်ပေါက်ပါမည်။ လျစ်လျူရှုပြီး အစားထိုးခြင်း၊ ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးရေး လူထုလှုပ်ရှားမှုလုပ်ဆောင်ပြီး ပြင်ဆင်ချက်ပြုလုပ်ခြင်းနှင့်/သို့မဟုတ် လူထုဆန္ဒခံယူပွဲကျင်းပလျက် မဲပေးဆုံးဖြတ်စေခြင်းတို့အနက်မှ ရွေးချယ်လုပ်ဆောင်ရပါမည်။

ပဏာမကောက်ချက်များ

ယီမင်ဥပမာသည် ဆိုမာလီယာနှင့် လစ်ဗျား ဥပမာများ ကဲ့သို့ နိုင်ငံရေးဖြေရှင်းချက် မူဘောင်ကို (အခြေခံမျှပင် ဖြစ်စေကာမူ) ကျယ်ပြန့်စွာ သဘောတူညီ ကတိကဝတ်ပြုချက် မရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးမှာ ခက်ခဲကြောင်း ဖော်ပြနေပါသည်။ NDC သည် နိုင်ငံရေးဖြေရှင်းချက်အတွက် သတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် သဘောကွဲလွဲမှု အသီးသီးကို ဖြေရှင်းနိုင်ခြင်း မရှိပါ။ အတိုင်ပင်ခံအဖွဲ့အနေဖြင့် လုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ပိုမို၍ အသုံးဝင်နိုင်ပါသည် (Lackner 2016)။ အခြေခံ နိုင်ငံရေးသဘောတူညီချက်မရှိဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းသည် နိုင်ငံရေး သဘောတူညီချက်ရယူရေး ဝန်ထုပ်ဝန်ပိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်သို့ ပြောင်းရွှေ့ပေးရာရောက်ပါသည်။ အောင်မြင်အောင် မဆောင်ရွက်နိုင်သောအခါ သမ္မတသည် အကျိုးသက်ဆိုင် ပါဝင်သူအားလုံးထံမှ ကျယ်ပြန့်သော လူထုထောက်ခံမှု မရရှိဘဲ ဆုံးဖြတ်ချက်များ မလွှဲမရှောင်သာ ချမှတ်ခဲ့ရပါသည်။ အထူးသဖြင့် ဖယ်ဒရယ်နိုင်ငံတွင် ပြည်နယ်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့ရပါသည်။ သို့ဖြင့် ပဋိပက္ခအဆင့်သစ် ဖြစ်ပွားလာပြီး လုပ်ငန်းစဉ်ကလိုက်၍ မမီနိုင် ဖြစ်ရပါသည်။ ကိုယ်စားတိုက်ပွဲ ပုံသဏ္ဌာန် ဖြစ်ပွားလာသဖြင့် GCC လုပ်ငန်းစဉ် ပထမအဆင့်အတွင်း အဖွဲ့အစည်းများ စတင်တည်ဆောက်လျက်ရှိသည့် ပျက်ပြားလွယ်သော နိုင်ငံရေးဖြေရှင်းချက်မှာ ပိုမို၍မတည်မငြိမ်ဖြစ်ခဲ့ပါသည် (Lackner 2016: 61; Hassan 2014: 51; Carlino 2014)။ သက်ဆိုင်သူများအနေဖြင့် နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ်ကို အစမှ ပြန်လည်စတင်ခဲ့ရ ပါသည်။

ဖြစ်ရပ်လေ့လာချက်များမှ ပဏာမကောက်ချက်များ

ဆိုမာလီယာ၊ ယီမင်နှင့် လစ်ဗျားတို့ကိုကြည့်ခြင်းဖြင့် နိုင်ငံတော်တွင် အာဏာကျင့်သုံးပုံ သတ်မှတ်ချက်များ လက်တွေ့အားဖြင့်မရှိသေးသည့် အနေအထားတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ

တည်ဆောက်ရေးကို သဘောတူညီချက်ရရှိရေး စေ့စပ်ညှိနှိုင်းသည့်နည်းလမ်းအဖြစ် အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသောရှုပ်ထွေးမှုများကို နည်းလမ်းအသွယ်သွယ်ဖြင့် တွေ့မြင်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံတော် ပိုင်နက်နယ်မြေသတ်မှတ်ပုံ၊ အခြေခံတန်ဖိုးများနှင့် နိုင်ငံရေးအသိုက်အဝန်းဆိုင်ရာ ဘုံတူညီသောခံယူချက်အပေါ် သာမန်အားဖြင့် အခြေခံပါသည်။ သို့ရာတွင် ပဋ္ဌိပက္ခဖြစ်နေသော နိုင်ငံများတွင် နိုင်ငံရေးဖြေရှင်းချက် သို့မဟုတ် နိုင်ငံရေးဖြေရှင်းချက်ရရှိရေး လုပ်ငန်းစဉ်တို့ကို အခြေခံသဘောတူညီမှု နည်းပါးတတ်ပါသည် (သို့မဟုတ် မရှိဘဲ ဖြစ်တတ်ပါသည်)။ ထိုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်မှာ အကြိမ်ကြိမ် ပဋ္ဌိပက္ခဖြစ်လိုက်၊ နောက်ထပ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရလိုက်ဖြစ်တတ်ပါသည်။

ယင်းဖြစ်ရပ်လေ့လာချက် သုံးခုကို လေ့လာပါက အထူးသဖြင့် ထိခိုက်လွယ်သောအခြေအနေများနှင့် ပဋ္ဌိပက္ခကြောင့် ထိခိုက်သော နယ်မြေဒေသများ၌ နိုင်ငံရေးဖြေရှင်းချက် လုပ်ငန်းစဉ် လုပ်ဆောင်ရာတွင် အောက်ပါတို့ကဲ့သို့သော ပကတိအခြေအနေများအပေါ် မူတည်လျက် ရှေ့နောက်စီစဉ်ပုံကို ရွေးချယ် သင့်ကြောင်း တွေ့မြင်နိုင်ပါသည်။

- ပဋ္ဌိပက္ခ၏ သဘောသဘာဝနှင့် အတိုင်းအတာ
- ပါဝင်နေသူ (သို့မဟုတ် မပါဝင်နိုင်သူ) အမျိုးအစားများ
- ပဋ္ဌိပက္ခ (သို့မဟုတ် ယခင်အစိုးရ) ကြောင့် အဖွဲ့အစည်းစနစ် မူဘောင် အားနည်းခြင်း အတိုင်းအတာ
- နိုင်ငံတကာက ကြားဝင်ဆောင်ရွက်မှု အမျိုးအစားများနှင့် အတိုင်းအတာ
- လုပ်ငန်းစဉ်ကို ပံ့ပိုးမှုပေးနိုင်သည့် သို့မဟုတ် လုံးဝပျက်ပြားသွားစေနိုင်သည့် အရေးပါသော အလှည့်အပြောင်း အခြေအနေများ ပေါ်ပေါက်ခြင်း

ထို့ကြောင့် ရှုပ်ထွေးသော ဖြစ်ရပ်အများစုတွင် နိုင်ငံရေးဖြေရှင်းချက်ကို ငြိမ်းချမ်းရေး သဘောတူညီချက်များ ရယူခြင်း၊ ထို့နောက် အကူးအပြောင်း နိုင်ငံရေးအစီအစဉ်များ လုပ်ဆောင်ခြင်း၊ ဆက်လက်၍ အပြီးသတ်ဖွဲ့စည်းပုံရေးဆွဲ ပြဋ္ဌာန်းခြင်းဟူ၍ အဆင့်ဆင့် မျဉ်းဖြောင့်အတိုင်း ဖော်ဆောင်နိုင်မည်မဟုတ်ပါ။ ဖော်ဆောင်နိုင်သည်ဆိုလျှင်လည်း ရှားပါးသောကြောင့် ခြွင်းချက်အဖြစ် သတ်မှတ်ရပါမည်။ များသောအားဖြင့် ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ကြားအဆင့်များကို တစ်ကျော့ပြီးတစ်ကျော့ ပြန်လည်လုပ်ဆောင်ရတတ်ပါသည်။ လုပ်ငန်းစဉ် အနည်းငယ်တွင်သာ ကျယ်ပြန့်စွာလက်ခံသဘောတူညီကြသော နိုင်ငံရေးဖြေရှင်းချက်ကို ထင်ဟပ်သည့် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ထွက်လာပြီး လုပ်ငန်းစဉ် အများအပြားမှာ ပဋ္ဌိပက္ခဆက်စပ်အားပြိုင်မှုများ အပြောင်းအလဲဖြစ်ခြင်းကြောင့် ပျက်ပြားသွားတတ်ပါသည်။

ဤစာတမ်းတွင် လေ့လာခဲ့သော နိုင်ငံ ၂၃ နိုင်ငံ၊ အထူးသဖြင့် လစ်ဗျား၊ ဆိုမာလီယာနှင့် ယီမင်နိုင်ငံများတွင် အောက်ဖော်ပြပါ ယေဘုယျ ဆက်စပ်မှုများကို တွေ့ရပါသည်။

၁။ လက်ရှိရရှိထားသော သဘောတူညီချက်အပေါ် အခြေခံလျက်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ရာ ယင်းသဘောတူညီချက်မှာ တစ်ခါတစ်ရံ မပြည့်စုံဘဲ ဖွဲ့စည်းပုံ

အခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်ကို ချွတ်ချော်စေနိုင်သည့် အချို့သော အဓိကအုပ်စုများ မပါဝင်ခြင်းများ ရှိတတ်ပါသည်။

၂။ အကန့်အသတ်ဖြင့်သာ နိုင်ငံရေးသဘောတူညီချက် ရရှိထားသော အခြေအနေတွင် နိုင်ငံရေးလစ်ဟာမှု ဖြစ်ပေါ်လာတတ်ပါသည်။ ထိုအခါ ပဋိပက္ခအသစ်များ၊ နိုင်ငံရေး အုပ်စုသစ်များ ပေါ်ပေါက်လာပြီး ရရှိထားသော သဘောတူညီချက်များ ပျက်ပြားသွားနိုင်ပါသည်။

၃။ နိုင်ငံရေးမဟာမိတ်အုပ်စုများ အသစ်ပေါ်ပေါက်လာခြင်းကြောင့် ဆွေးနွေးပွဲလုပ်ငန်းစဉ် အသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့် လုပ်ငန်းစဉ်အထက်တွင် အလွှာတစ်လွှာ အဖြစ် ထည့်သွင်းလာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်လုပ်ငန်းစဉ် ပျက်ပြားသွား ခြင်း သို့မဟုတ် အစားထိုးဝင်ရောက်ခြင်း ဖြစ်တတ်သည်။

၄။ ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု အားကောင်းသော လုပ်ငန်းစဉ်ဖြစ်ပါက အင်တိုက် အားတိုက်တက်ကြွစွာ ဆွေးနွေးကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် စိတ်ကူးစိတ်သန်း များစွာလည်း ထွက်ပေါ်လာမည် ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးအာဏာကို လက်ဝယ် စွဲကိုင်ထားသော ခေါင်းဆောင်ပိုင်းများမှ အဆုံးသတ်ရလဒ်ကို လက်ခံခြင်း မရှိပါက သို့မဟုတ် အလုံအလောက် လက်မခံပါက လုပ်ငန်းစဉ်အောင်မြင်မည် မဟုတ်ပါ။

၅။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်များ၊ငြိမ်းချမ်းရေးသဘောတူညီချက်များ သို့မဟုတ် ကြားဖြတ်အစီအမံများတွင် အချိန်ဇယားများ ပါရှိနေပြီး ထိရောက်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ မူဘောင် ရေးဆွဲနိုင်ရေးအတွက် အထောက်အကူ မဖြစ်စေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်အပေါ် အကန့်အသတ် ဖြစ်စေနိုင်ပါ သည်။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ် ရှေ့မတိုးနိုင် နောက်မဆုတ်နိုင်ဖြစ်ပါက ဖြေရှင်းရန် အစီအမံများမှာ ဆောင်ရွက်ရန်ခက်ခဲနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ် သည် သဘောသဘာဝအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နီးကပ်စွာ ဆက်စပ်နေခြင်း ကြောင့် ပြင်ပမှကြားဝင်စေ့စပ်ခြင်း၊ ဖြေရှင်းရန် ဖိအားပေးခြင်းများ လိုအပ်နိုင်ပါသည်။ သို့သော် နိုင်ငံတကာမှ ကြားဝင်ဆောင်ရွက်ရန်မှာလည်း တရားဝင်ဖြစ်မှုမရှိဘဲ ခက်ခဲနေ တတ်ပါသည်။

၇။ နိုင်ငံတကာမှ အဓိကအခန်းကဏ္ဍ ပါဝင်ဆောင်ရွက်သော နိုင်ငံများတွင် လုပ်ငန်းစဉ် အဆင့်ဆင့်အပေါ် နိုင်ငံတကာမှ သတ်မှတ်ချက်များထားရှိလုပ်ဆောင်လာတတ်ပါသည်။ ထိရောက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ် ဖြစ်ရေးထက် သက်ဆိုင်ရာ နိုင်ငံ များ၏ ပြည်တွင်းကိစ္စရပ်များ၊ အယူဝါဒ စိတ်ပါဝင်စားမှု/ အကျိုးစီးပွားများအပေါ် အခြေ ပြုလုပ်ဆောင်လာခြင်းများ ဖြစ်တတ်ပါသည်။

၈။ သက်ဆိုင်ရာနိုင်ငံမှ ခေါင်းဆောင်ပိုင်းများက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ် မပျက်ပြားစေရန် 'လုပ်ငန်းစဉ်ကို ကယ်တင်မည်' ဟူ၍ တည်ဆဲဖွဲ့စည်းပုံ

အခြေခံဥပဒေနှင့် မညီညွတ်သောလုပ်ရပ်များ လုပ်ဆောင်သည့်အခါ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်နေသူများက ထောက်ခံတတ်ကြပါသည်။ ယင်းသို့ ထောက်ခံလိုက်ခြင်းဖြင့် နိုင်ငံတကာက ပြုစုပျိုးထောင်ရန် ကြိုးပမ်းနေသည့် 'ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လုပ်ဆောင်ရေး' အယူအဆ ထိခိုက်ပျက်ပြားသွားပါသည်။

အခန်း - ၅

နိဂုံး - ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေရှေ့နောက်စီစဉ်ဆောင်ရွက်ခြင်းကို စီမံခန့်ခွဲခြင်း

ရေရှေ့နောက်စီစဉ်ပုံလမ်းကြောင်း ရွေးချယ်ရာတွင် မည်သည့်အကြောင်းအချက်များက အဆုံးအဖြတ် ပေးနိုင်ပါသနည်း။ တည်ငြိမ်သော နိုင်ငံရေးဖြေရှင်းချက်နှင့် အောင်မြင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ် ဖြစ်ပေါ်လာရေးအတွက် မည်သည့်ရေရှေ့နောက်စီစဉ်ပုံ ရွေးချယ်မှုများမှ မည်သည့် ရလဒ်များရရှိရန် အလားအလာ များပြားပါသနည်း။

ယေဘုယျပြုရန် အလွန်ခက်ခဲပါသည်။ အထက်တွင် ရှင်းလင်းတင်ပြခဲ့သော နမူနာပုံစံ လေးမျိုးမှာ ပဋိပက္ခမှငြိမ်းချမ်းရေးသို့ ကူးပြောင်းသည့် လုပ်ငန်းအဆင့်များ ယေဘုယျ ရေရှေ့နောက် စီစဉ်ပုံ လေးမျိုးဖြစ်ပြီး နမူနာပုံစံတစ်ခုအတွင်းမှာပင် (က) လုပ်ငန်းစဉ်၏ ကြာမြင့်ချိန် (ခ) ချုပ်ဆိုရသော သို့မဟုတ် ချုပ်ဆိုရန်လိုအပ်သော သဘောတူညီချက် အရေအတွက် (ဂ) သဘောတူညီချက်များတွင် ပါဝင်သောအကြောင်းအရာများနှင့် အရေးကြီးဆုံးအချက်အနေဖြင့် (ဃ) ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်နှင့် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ်တို့အကြား ဆက်စပ်ပုံ များကွာခြားမည် ဖြစ်ပါသည်။

ဥပမာ - တောင်အာဖရိကတွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ ရေရှေ့နောက်စီစဉ်ပုံနှင့် ယင်းနှင့် ဆက်စပ်၍ ဆန်းသစ်တီထွင် ဆောင်ရွက်ခဲ့ခြင်းများကို လုပ်ဆောင်နိုင်ခဲ့ခြင်းမှာ အများလက်ခံသော နိုင်ငံရေးဖြေရှင်းချက် ထွက်ပေါ်လာပြီး ယင်းဖြေရှင်းချက်ကို ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထင်ဟတ်ဖော်ပြ နိုင်ခဲ့သောကြောင့်ဖြစ်သည်။ နီပေါကဲ့သို့သော နိုင်ငံများတွင်မူ ပဋိပက္ခဖြစ်ပွားနေ သည့် အခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ်ကို အသုံးပြု၍ မပြီးစီးသေးသော ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ ထိုအခါတွင် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်သည် ရရှိပြီးသဘောတူညီချက်ကို ကောင်းမွန်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်စာသားအဖြစ် ပြုစုရုံမျှမဟုတ်တော့ဘဲ နိုင်ငံတော်၏ အစိုးရစုဖွဲ့ပုံများ၊ ဖွဲ့စည်းတည်ထောင်မည့် နိုင်ငံတော်အဖွဲ့အစည်းများနှင့်စပ်လျဉ်းပြီး သဘောတူညီချက်ရရှိရန် ဆက်လက် ဆောင်ရွက်ရပါသည်။ အချို့နိုင်ငံများတွင် နိုင်ငံရေးသဘောတူညီချက် မရရှိခြင်း ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ်များမှာ ပို၍ပင်တစ်ဆင့်ချင်း လုပ်ဆောင်ရပါသည်။ အကူးအပြောင်း သဘောတူညီချက်များ၊ ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ များ၊ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို အထပ်ထပ်ရေးဆွဲပြုစုခြင်း၊ ဆွေးနွေးခြင်း၊ ပြန်လည် ရေးဆွဲပြုစုခြင်းများ လုပ်ဆောင်ကြရပါသည်။

လုပ်ငန်းအဆင့်များ ရေ့နောက်စီစဉ်ပုံကို ရွေးချယ်ရာတွင် 'အကောင်းဆုံးလုပ်နည်းလုပ်ဟန်' နှင့်အညီ ရွေးချယ်လုပ်ဆောင်နိုင်မည်မဟုတ်ဘဲ 'ဖြစ်နိုင်သည်ကိုသာ' လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း အစပထမကပင် သတိမူရန်အရေးကြီးပါသည်။ လုပ်ငန်းအဆင့်များ ရေ့နောက်စီစဉ်ပုံကို အဆုံးအဖြတ်ပေးမည့် ကာလတိုနှင့် ကာလရှည်လိုအပ်ချက်များကို ဇယား ၅-၁ တွင် ဖော်ပြထားပါသည်။ ယင်းလိုအပ်ချက်များ ပြည့်မီအောင်ဆောင်ရွက်နိုင်ခြင်း ရှိမရှိအပေါ် မူတည်၍ ရေးဆွဲပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးပြီး နိုင်ငံတော်အစိုးရလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ခြင်း၊ နိုင်ငံသားအခွင့်အရေးများ အကာအကွယ်ပေးခြင်းတို့ကို ထိရောက်စွာ လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းကွာခြားသွားပါမည်။ ယင်း လိုအပ်ချက်များအကြား အပြန်အလှန်ဆက်စပ်ပုံသည် နိုင်ငံတစ်နိုင်ငံတွင် လုပ်ဆောင်သည့် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် အမျိုးအစားနှင့် အသုံးပြုသည့် ရေ့နောက်စီစဉ်ပုံတို့အပေါ် သက်ရောက်မှုရှိပါမည်။ သို့ရာတွင် အထက်ပါ နိုင်ငံအသီးသီး၏ ဖြစ်စဉ်များကိုကြည့်ခြင်းဖြင့် (ပြည်တွင်း ပြည်ပ) ဆုံးဖြတ်ချက်ချမှတ်သူများသည် နိုင်ငံ၏ပကတိအခြေအနေအရ အောင်မြင်ရန်အလားအလာ နည်းပါးသော ရေ့နောက်စီစဉ်ဆောင်ရွက်ပုံများကို မဖြစ်မနေလုပ်ဆောင်လိုခြင်းများရှိတတ်ကြောင်း တွေ့ရပါသည်။ ထိုအခါ ဆိုးဝါးသော အကျိုးဆက်များ ဆက်လက်ဖြစ်ပွားလာတတ်ပါသည်။

ပဋ္ဌိပက္ခကို အဆုံးသတ်ရန် ခေါင်းဆောင်ပိုင်းများအကြား နိုင်ငံရေးဖြေရှင်းချက်ရရှိရေးသည် အထူးအရေးကြီးသဖြင့် ယင်းမှာ ရည်မှန်းချက်တစ်ရပ်ဖြစ်ရပါမည်။ ယင်းနိုင်ငံရေးဖြေရှင်းချက် ရေရှည်တည်တံ့နိုင်ရန်နှင့် ဆက်လက်တိုးတက်ဆောင်ရွက်နိုင်ရန် ထိရောက်သော ဖွဲ့စည်းပုံ အခြေခံဥပဒေနစ်တစ်ရပ် တည်ထောင်ရန်သည်လည်း ရည်မှန်းချက်တစ်ရပ် ဖြစ်ရပါမည်။ ယင်း ရည်မှန်းချက်နစ်ရပ် အောင်မြင်အောင် တစ်ပြိုင်တည်း နစ်ဘက်ကြိုးပမ်းအားထုတ်ရာတွင် 'အကောင်းဆုံးလုပ်နည်းလုပ်ဟန်' ('best practice') မည်သို့ရှိသည်ကို အဓိကထား စဉ်းစားမည့်အစား အောက်ပါဇယားတွင် ဖော်ပြထားသည့် ကာလတိုနှင့် ကာလရှည် လိုအပ်ချက်များနှင့် စပ်လျဉ်းသည့် ခက်ခဲသောရွေးချယ်မှုများကို မည်သို့စီမံခန့်ခွဲ လုပ်ဆောင်နိုင်မည်ကို စဉ်းစားသင့်ပါသည်။ အတိုးအလျော့ ညှိနှိုင်းရန်အချက်များအဖြစ်လည်း ရှုမြင်နိုင်ပါသည်။ ယင်းသို့ အတိုးအလျော့ ညှိနှိုင်းရသည့်အကြောင်းမှာ နိုင်ငံရေးဖြေရှင်းချက် ရရှိရေးအတွက် တိုက်ပွဲဆင်နွှဲနေသော အုပ်စုများအကြား သဘောတူညီချက်ရရှိရန် လိုအပ်သည်မှန်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ထိရောက်မှုရှိရန်နှင့် တရားဥပဒေစိုးမိုးမှုအတွက် ပိုမိုကျယ်ပြန့်သော မူအားဖြင့် ကတိကဝတ်ပြုမှုများလိုအပ်ခြင်းကြောင့် ဖြစ်ပါသည်။ ယင်းလိုအပ်ချက်နှစ်ပိုင်းမှာ တစ်ခါတစ်ရံ ဆန့်ကျင်ဘက် ဖြစ်နေတတ်ပါသည်။

ဇယား ၅-၁။ နိုင်ငံရေးဖြေရှင်းချက်အတွက် ကာလတိုနှင့် ကာလရှည် လိုအပ်ချက်များ

ကာလတို လိုအပ်ချက်များ	ကာလရှည် လိုအပ်ချက်များ
ပဋ္ဌိပက္ခမရှိသည့် ငြိမ်းချမ်းရေး (Negative peace) - အကြမ်းဖက် တိုက်ခိုက်မှုများ အဆုံးသတ်ခြင်း	ငြိမ်းချမ်းမှု ထွန်းကားသည့် ငြိမ်းချမ်းရေး (Positive peace) - တရားမျှတပြီး ထိရောက်မှုရှိသောနိုင်ငံရေးနှင့် ဥပဒေစုဖွဲ့ပုံများ တည်ထောင်ထားရှိခြင်း

ကာလတို လိုအပ်ချက်များ	ကာလရှည် လိုအပ်ချက်များ
နိုင်ငံရေးခေါင်းဆောင်ပိုင်းများအကြား ကနဦး 'ဖြေရှင်းချက်' - အာဏာရယူ ကျင့်သုံးမှု ဆိုင်ရာ ခိုင်မာပြီး ရှင်းလင်းပြတ်သားသော သဘောတူညီချက် ဖြစ်ရပါမည်။ အကူး အပြောင်း လုပ်ဆောင်နိုင်ရပါမည်။	ပြောင်းလွယ်ပြင်လွယ်ရှိသော အဖွဲ့အစည်း များတည်ထောင်ခြင်း - လူတစ်ဦးတစ် ယောက်၊ အခွင့်ထူးခံ အုပ်စုတစ်စုအတွက် မျှသာမဟုတ်ဘဲ ကာလရှည် အများပါဝင် နိုင်မှု လိုအပ်ချက်သစ်များကို တုံ့ပြန်ဆောင် ရွက်နိုင်သည့် ပြည်သူလူထုအတွက် ဖွင့် ထားသောအစီအမံများ ဖြစ်ရပါမည်။
အလျင်အမြန် ဆောင်ရွက်နိုင်မှု - ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် ရယူပြီး အဖွဲ့အစည်းစနစ် မူဘောင်သစ်ကို ဖော်ဆောင်ခြင်း	အချိန်ယူဆောင်ရွက်ခြင်း - ပြည်တွင်းမှာပင် ရေးဆွဲပြီး မိမိတို့ပိုင်အဖြစ် ခံယူကြသော ဥပဒေနှင့် နိုင်ငံရေး အဖွဲ့အစည်းစနစ်များ တည်ထောင်ခြင်း၊ ပြည်သူလူထုထံမှ လုံ လောက်သော သဘောတူညီမှု ရရှိပြီး ထိရောက်မှု ရှိရပါမည်။
ခေါင်းဆောင်ပိုင်းများ ပါဝင်ခြင်း - အဓိက အုပ်စုများနှင့် အကျိုးစီးပွားသက်ဆိုင်သူများ ပါဝင်ရပါမည်။	လူ့အဖွဲ့အစည်း တစ်ရပ်လုံး ပါဝင်ခြင်း - ကျယ်ကျယ်ပြန့်ပြန့် အခြေပြုထားသော လူ့ အဖွဲ့အစည်း တစ်ရပ်လုံး ပါဝင်ဆောင်ရွက်မှု ရှိပြီး 'အများကောင်းကျိုးသယ်ပိုးရေး' ကတိ ကဝတ်ပြုမှု ရှိရပါမည်။
အဓိကအရေးပါသည့် ကဖျက်ယဖျက် ပြုနိုင် သူများကိုထည့်သွင်းရန် သို့မဟုတ် ဖယ် ထုတ်ရန် ရှင်းလင်းစွာ စီစဉ်ထားခြင်း	ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြေရှင်းချက်တွင် ကဖျက်ယဖျက်များကို ထည့်သွင်းခြင်း သို့ မဟုတ် ဖယ်ထုတ်ထားခြင်းတို့ကို ပြန်လည် ပြင်ဆင်နိုင်စွမ်းရှိခြင်း။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး ဆက်လက်လုပ် ဆောင်နိုင်ရန်အတွက် ယခင်က ဖယ်ထုတ် ထားခဲ့သော 'ကဖျက်ယဖျက်များ'ကို ထည့် သွင်းရန် သို့မဟုတ် ထည့်သွင်းထားသော ကဖျက်ယဖျက်များကို ဖယ်ထုတ်ရန် သို့ မဟုတ် ၎င်းတို့၏ လုပ်ငန်းစဉ်အပေါ် နှောင့် ယှက် ဟန့်တားနိုင်စွမ်းကို ကန့်သတ်ရန် နည်းလမ်းများ ရှာဖွေလုပ်ဆောင် နိုင်ရပါ မည်။

ကာလတို လိုအပ်ချက်များ	ကာလရှည် လိုအပ်ချက်များ
နိုင်ငံတကာက အာမခံချက်ပေးလျက် ချိုးဖောက်မှုများကိုအရေးယူဆောင်ရွက်ခြင်း - ကနဦး ဖြေရှင်းချက်ကို အကောင်အထည်မဖော်လို ခြင်းများအား ကျော်လွှားနိုင်ရန် နိုင်ငံတကာက လုံလောက်သော အလေးအနက် ဆောင်ရွက်မှုနှင့် မလိုက်နာလျှင် အရေးယူမှု လိုအပ်ပါသည်။	ပြည်တွင်းလုပ်ငန်းစဉ်ဖြစ်ပြီး ပြည်သူလူထုက သဘောတူညီခြင်း - ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်ခြင်းကို ခံယူမည့် ပြည်သူလူထုအတွက် သက်ဆိုင်မှုရှိပြီး ထိရောက်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေစနစ်များ ဖြစ်ရပါမည်။

နိုင်ငံရေးဖြေရှင်းချက်ရရှိရေး ကာလတိုလိုအပ်ချက်နှင့် ကာလရှည်လိုအပ်ချက်များအကြား ဆန့်ကျင်ဘက် ဖြစ်နေပါက ဂရုတစိုက်ကိုင်တွယ်ပြီး အပြန်အလှန် အတိုးအလျော့ ပြုလုပ်နိုင်ရန် လိုအပ်ပါသည်။ ဤရှုထောင့်မှကြည့်ပါက ရှေ့နောက်စီစဉ်ဆောင်ရွက်ပုံ အသီးသီးတွင် အားသာချက်များနှင့် အားနည်းချက်များ မတူညီပါ။ ယင်းတို့ကို ပိုမိုရှုနားလည်သဘောပေါက်ခြင်းဖြင့် အားသာချက်များကို ဆက်လက်တည်ဆောက်ပြီး (အားနည်းချက်များကို နည်းပါးသက်သာစေ) နိုင်ပါမည်။

၁။ *လက်ငင်းလိုအပ်နေသော ငြိမ်းချမ်းရေးကိုရရှိအောင် လုပ်ဆောင်ခြင်းနှင့် ရေရှည်တည်တံ့နိုင်သော ငြိမ်းချမ်းရေးကိုတည်ဆောက်ခြင်း နှိုင်းယှဉ်ချက်* - အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအစဉ်ကိုမရေးဆွဲမီ ပဋိပက္ခမရှိသည့် ငြိမ်းချမ်းရေး Negative Peace ပုံစံတစ်မျိုးမျိုး - (Galtung 1969: 183) - သို့မဟုတ် အကြမ်းမဖက်ရေး- ဦးစွာ လိုအပ်ပါသည်။ လက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်ကိုင်တိုက်ပွဲကိုစွန့်လွှတ်ရမည်ဆိုပါက အာဏာဆက်လက် ရရှိကျင့်သုံးနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ အာမခံချက်များ အလိုရှိမည်သာဖြစ်ပါသည်။ သို့သော် ကာလရှည် ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်သည် လက်နက်ကိုင်အဖွဲ့များနှင့် 'မဖြစ်ဖြစ်အောင် ရယူထားသည့် ဖြေရှင်းချက်' အနေအထားမျှထက် ကျော်လွန်ရပါမည်။ လက်နက်ကိုင်အဖွဲ့များ ဆွေးနွေးပွဲတွင် ကိုယ်စားပြုနိုင်သည်ထက် ပိုလွန်သော ကျယ်ပြန့်သည့် ပြည်သူလူထုအုပ်စုများနှင့် အကျိုးစီးပွား အမျိုးမျိုးကို ထင်ဟပ်ပါဝင်စေနိုင် ရပါမည်။ ကြားဖြတ်အစီအမံများ နှင့်/သို့မဟုတ် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများထားရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး အခင်းအကျင်းကို ဖော်ဆောင်ပါက လက်နက်ကိုင်အဖွဲ့များအတွက် လုံလောက်သော အာမခံချက်များ ပေးနိုင်ရေးကတစ်ဘက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ 'ဖြေရှင်းချက်' ကို နောင်အခါ အလုံအလောက် ကျယ်ပြန့်နက်ရှိုင်းစေနိုင်ရေးကတစ်ဘက် ဟန်ချက်ညီ ညှိနှိုင်းနိုင်ပါသည်။ သို့ရာတွင် ယင်းသို့လုပ်ဆောင်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ်သည် နိုင်ငံရေးဖြေရှင်းချက်အတွက် အခြေခံသတ်မှတ်ချက်များအပေါ် သဘောတူညီမှုရရှိရေး စေ့စပ်ညှိနှိုင်းရမည့် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ရတော့မည် ဖြစ်ပါသည်။

၂။ *ယာယီသဘောတူညီချက်နှင့် ရေရှည်တည်မြဲမည့် ပြဋ္ဌာန်းချက်စာသား နှိုင်းယှဉ်ချက်* - လက်နက်ကိုင်အဖွဲ့များက အပြည့်အဝလက်ခံနိုင်ပြီး ၎င်းတို့ကို လုံလောက်သော အာမခံချက်များပေးနိုင်သည့် တည်တံ့ခိုင်မြဲမှုမျိုးရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောတူညီချက်ဖြစ်ရေးက တစ်ဘက်၊ စဉ်ဆက်မပြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် နောင်အခါ အပြောင်းအလဲလုပ်ငန်းစဉ်သစ်များ လုပ်သာကိုင်သာရှိသည့် ပြောင်းလွယ်ပြင်လွယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်စေရေးကတစ်ဘက် ဆန့်ကျင်ဘက်ဖြစ်နေသေးတတ်သည်။ လုပ်ငန်းအဆင့်ဆင့် ရှေ့နောက်စီစဉ်သည့် ချဉ်းကပ်ပုံများနှင့် အချိန်ဇယားရေးဆွဲရေး ကိစ္စရပ်များတွင် (က) နိုင်ငံရေး စစ်ရေး လှုပ်ရှားနေသော အဖွဲ့အသီးသီး တိုက်ခိုက်မှုများရပ်တန့်ရေး သဘောတူညီနိုင်ရန် လုံလောက်သော အာမခံချက်များပေးရေးနှင့် (ခ) ပြည်သူ့လူထုပါဝင်ဆောင်ရွက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးလုပ်ငန်းစဉ်ဖြစ်စေရန် လုပ်သာကိုင်သာရှိရေးတို့ကို ဟန်ချက်ညီစေရပါမည်။

၃။ *အခွင့်သာချိန်တွင် အလျင်အမြန် ဆောင်ရွက်ရန် လိုအပ်ချက်နှင့် အချိန်ယူဆောင်ရွက်ရန် လိုအပ်ချက် နှိုင်းယှဉ်ချက်* - ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခွင့်အလမ်းများ၏ သဘောသဘာဝအရ အပြောင်းအလဲဖြစ်စေရေး ဆောင်ရွက်နိုင်သည့် အခွင့်အရေးသည် တိုတောင်းလေ့ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုစုရေးဆွဲခြင်းနှင့် ကျယ်ပြန့်စွာ ပြည်သူ့လူထုပါဝင်နိုင်ရေးတို့မှာ အချိန်ယူ၍ ကာလကြာရှည်စွာ ဆောင်ရွက်ရတတ်ပါသည်။ လုပ်ငန်းစဉ်သည် လိုအပ်သော အကူအပြောင်းအစီအမံများကို အချိန်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အချိန်ယူ ဆောင်ရွက်နိုင်ရေး ဟန်ချက်ညီစေရပါမည်။

၄။ *ပြည်သူ့လူထု ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် ခေါင်းဆောင်ပိုင်းများအချင်းချင်း သဘောတူညီချက်ရယူခြင်း နှိုင်းယှဉ်ချက်* - ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး စစ်ရေးခေါင်းဆောင်ပိုင်းများက လက်ခံရန်လိုအပ်သကဲ့သို့ ပြည်သူ့လူထု ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ယင်းနှစ်မျိုးလုံးကိုရယူနိုင်ရန် လုပ်ငန်းစဉ်အဆင့်အသီးသီးတွင် မတူညီသော နည်းလမ်းများဖြင့် လုပ်ဆောင်ရတတ်ပါသည်။ ရွေးကောက်ပွဲများနှင့် ပြည်သူ့လူထု ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ခြင်းတို့သည် ပြည်သူ့အများပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ်ဖြစ်စေရေး အဓိက အာမခံချက်ပေးနိုင်သည့် အစီအမံများဖြစ်သည်ဟု နိုင်ငံတကာက နားလည်လက်ခံထားကြပါသည်။ သို့သော် ယင်းသို့သော လုပ်ငန်းစဉ် အောင်မြင်မှုရရှိရန်မှာ အဓိကဆွေးနွေးပွဲ စားပွဲဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအကြား ရရှိထားသော နိုင်ငံရေးဖြေရှင်းချက်ကို ခြိုင်ခံနိုင်ခြင်းနှင့် ဖော်ဆောင်နိုင်စွမ်းရှိခြင်းအပေါ်တွင်လည်း မူတည်နေပါသည်။ ထို့အပြင် ယင်းအခြေအနေမျိုး၌ နိုင်ငံရေးခေါင်းဆောင်ပိုင်းများနှင့် လက်နက်ကိုင်အဖွဲ့များအကြား ချိတ်ဆက်မှုမှာ မတည်မမြဲ ပြောင်းလဲတတ်သည့် သဘာဝရှိကြောင်းကိုလည်း သတိမူရန် အရေးကြီးပါသည်။ ဆွေးနွေးပွဲစားပွဲဝိုင်းတွင် နိုင်ငံရေးခေါင်းဆောင်ပိုင်းများက သဘောတူညီသည် ဆိုရုံမျှဖြင့်မပြီးသေးဘဲ လက်နက်ကိုင်အဖွဲ့များ၏လိုအပ်ချက်များနှင့်တောင်းဆိုချက်များ

ကို အမှန်တကယ်ထင်ဟပ်ခြင်း၊ ကိုယ်စားပြုခြင်း ရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်ရပါမည်။ သို့မဟုတ်ပါက လက်နက်ကိုင်အဖွဲ့များသည် လုပ်ငန်းစဉ်ကို ကဖျက်ယဖျက် လုပ်လာမည်သာ ဖြစ်ပါသည်။

၅။ *ကဖျက်ယဖျက်များကို ထည့်သွင်းခြင်းနှင့် ဖယ်ထုတ်ထားခြင်း နှိုင်းယှဉ်ချက်* - လုပ်ငန်းစဉ်ကို အပြင်မှဖြစ်စေ အတွင်းမှဖြစ်စေ ပျက်ပြားစေရန် လုပ်ဆောင်မည့်သူများ ရှိမည်သာဖြစ်ခြင်းကြောင့် ကဖျက်ယဖျက် (လုပ်နိုင်သူ)များ၏ သဘောသဘာဝနှင့် ဆိုးဝါးမှုပေါ်မူတည်လျက် လုပ်ငန်းစဉ်မပျက်ပြားစေရေးရှေးရှုလျက် ယင်းအုပ်စုများကို ထည့်သွင်းခြင်း သို့မဟုတ် ဖယ်ထုတ်ထားခြင်း၏ အကျိုးဆက်များကို အကဲဖြတ်ရန် အစီအမံများရေးဆွဲထားဖို့ လိုအပ်နိုင်ပါသည်။ ယင်းအစီအမံများမှာ ပုံသေမဟုတ်ဘဲ လုပ်ငန်းစဉ်ဆောင်ရွက်ရင်း ယခင်ကဖျက်ယဖျက်များကိုပါဝင်စေရန် အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ သို့မဟုတ် ၎င်းတို့ကို ထောက်ခံအားပေးနေသော အုပ်စုများ၏ လိုလားချက်များကို တုံ့ပြန်ဆောင်ရွက်ရန် အခွင့်အလမ်းပေါ်ပေါက်လာခြင်း စသည်တို့နှင့် လိုက်လျောညီထွေ လိုက်ပါပြောင်းလဲနိုင်ရပါမည်။

၆။ *နိုင်ငံတကာအာမခံချက်များနှင့် ပြည်တွင်းလုပ်ငန်းစဉ်အဖြစ် ပြည်တွင်းမှပင် လုပ်ဆောင်ခြင်း နှိုင်းယှဉ်ချက်* - အဖွဲ့အစည်း စနစ်အနေအထားပေါ် မူတည်လျက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်စေရေး နိုင်ငံတကာမှ အာမခံချက်ပေးရန် လိုအပ်နိုင်ပါသည်။ သို့သော် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများအနေဖြင့် လုပ်ငန်းစဉ်အပေါ် ၎င်းတို့အမြင်ဖြင့် သတ်မှတ်ချက်များ ထားရှိလာနိုင်ပါသည်။ နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှု ထိရောက်စေလိုပါက မြေပြင်အခြေအနေတွင် ပြည်သူလူထုက တရားနည်းလမ်းကျသည်ဟု လက်ခံရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ နယ်မြေဒေသတွင်း (ကြောင်းကျိုးဆီလျော်သော) လိုအပ်ချက်များနှင့် တောင်းဆိုချက်များကို တုံ့ပြန်မှုရှိသည့် သဘောတူညီချက်များ ဖြစ်စေရပါမည်။

ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ
References

Ainte, A., 'Somalia: Legitimacy of the Provisional Constitution', Conciliation Resources, Accord Issue 25, 2014, <http://www.c-r.org/accord/legitimacy-and-peace-processes/somalia-legitimacy-provisional-constitution>, accessed 20 June 2016 ဆိုမာလီယာတွင် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ တရားဝင်ဖြစ်မှု

Al-Ali, Z., 'Libya's draft interim constitution: an analysis', ConstitutionNet, 5 September 2011, <http://www.constitutionnet.org/news/libya-s-draft-interim-constitution-analysis>, accessed 15 April 2016 လစ်ဗျားဏ၏ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆန်းစစ်ချက်

Al Jazeera, 'Yemen peace talks set to begin in Kuwait after delay', 20 April 2016, <http://www.aljazeera.com/news/2016/04/yemen-peace-talks-set-kuwait-delay-160420171242538.html>, accessed 15 May 2016 ယီမင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ နောင့်နေးကြန့်ကြာခဲ့ပြီးနောက် ကူဝိတ်တွင် ဆက်လက်ကျင်းပရန် စီစဉ်ထားခြင်း

Al-Muslimi, F., 'A new deal in Yemen?', Carnegie Endowment for International Peace, 31 October 2014, <http://carnegieendowment.org/syriaincrisis/?fa=57091>, accessed 15 May 2016 ယီမင်တွင် ဖြေရှင်းချက်အသစ် ရရှိတော့မည်လား။

Allison, S., 'Even Zimbabwe's constitution waits for Mugabe to pass the baton, or pass away', The Guardian, 26 March 2013, <https://www.theguardian.com/world/2013/mar/26/zimbabwe-mugabe-constitution-die>, accessed 10 October 2016 ဇင်ဘာဘွေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကပင် မူဂါဘီ အာဏာလွှဲပေးမည့်အချိန် သို့မဟုတ် ဘဝကူးမည့်အချိန်ကို စောင့်ဆိုင်းနေရခြင်း

Ankut, P. Y., *The Role of Constitution-building Processes in Democratization: Case Study Rwanda* (Stockholm: International IDEA, 2005), <http://www.constitutionnet.org/files/cbp_rwanda.pdf>, accessed 22 July 2016 ဒီမိုကရေစီတည်ထောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း လုပ်ငန်းစဉ်များ၏ အခန်းကဏ္ဍ - ရဝမ်ဒါနိုင်ငံဖြစ်စဉ်ကို လေ့လာခြင်း

Atta-Asamoah, A., *Long Walk to Restoration: Lessons from Somalia's Transition Process* (Pretoria: Institute for Security Studies, 2013) ပြန်လည်တည်ဆောက်ရေးခရီးရှည် - ဆိုမာလီယာ အကူးအပြောင်းလုပ်ငန်းစဉ်မှ သင်ခန်းစာများ

Aucoin, L. and Brandt, M. 'East Timor's constitutional passage to independence', in L. E. Miller (ed.), *Framing the State in Times of Transition* (Washington, DC: US Institute of Peace, 2010) အရှေ့တီမောဏ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ လမ်းကြောင်းမှ လွတ်လပ်ရေးရယူခြင်း။ ပါဝင်သည့် စာအုပ်အမည်မှာ အကူးအပြောင်းကာလ နိုင်ငံတော်မူဘောင်ချမှတ်ခြင်း

Barnes, C., 'Renegotiating the Political Settlement in War-to-Peace Transitions', Conciliation Resources, March 2009 စစ်မှငြိမ်းချမ်းရေးသို့ အကူးအပြောင်း နိုင်ငံရေးဖြေရှင်းချက်များကို ပြန်လည်ဆွေးနွေးညှိနှိုင်းခြင်း

Barnes, C. and De Klerk, E., 'South Africa's Multi-party Constitutional Negotiation Process', Conciliation Resources, Accord Issue 5, 2003, <http://www.c-r.org/downloads/Accord%2013_5South%20Africa's%20multi-party%20constitutional%20negotiation%20process_2002_ENG.pdf>, accessed 19 July 2016 တောင်အာဖရိကဏ၏ ပါတီစုံဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်

BBC News, 'Yemen to become federation of six regions', 10 February 2014, <http://www.bbc.com/news/world-middle-east-26125721>, accessed 20 May 2016 ယီမင်နိုင်ငံကို ပြည်နယ်ခြောက်ပြည်နယ်ဖြင့် ဖယ်ဒရယ်နိုင်ငံ တည်ထောင်ရန် စီစဉ်ထားခြင်း၊ ဘီဘီစီသတင်း

Bell, C., *Peace Agreements and Human Rights* (Oxford: Oxford University Press, 2000) ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် လူ့အခွင့်အရေးများ

—, 'Peace agreements: their nature and legal status', *American Journal of International Law* (2006), pp. 373–412 ငြိမ်းချမ်းရေးသဘောတူညီချက်များ၏ သဘောသဘာဝနှင့် ဥပဒေအဆင့်အတန်း

—, *On the Law of Peace: Peace Agreements and the New Lex Pacificatoria* (Oxford: Oxford University Press, 2008) ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေးဥပဒေများ

—, *What We Talk about When We Talk about Political Settlements: Towards Inclusive and Open Political Settlements in an Era of Disillusionment* (Edinburgh: Political Settlements Research Programme, 2015) နိုင်ငံရေးဖြေရှင်းချက်များ ရရှိရေး ဆွေးနွေးရာတွင် မည်သည်တို့ကို ဆွေးနွေးကြပါသနည်း။ ပြည်သူလူထု စိတ်ပျက်လက်ပျက်ဖြစ်သော ခေတ်ကာလတွင် အများပါဝင်နိုင်ပြီး ဖွင့်လှစ်ထားသော နိုင်ငံရေးဖြေရှင်းချက်များ ဖြစ်စေရေး ဦးတည်ဆောင်ရွက်ခြင်း

Bilchitz, D. et al, *Assessing the Performance of the South African Constitution* (Stockholm: International IDEA, 2016) တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စွမ်းဆောင်မှုကို အကဲဖြတ်ခြင်း

Brett, R. and Delgado, A., 'The role of constitution-building processes in democratization: Guatemala case study', International IDEA, 2005 (unpublished), <http://www.idea.int/cbp/upload/CBP-Guatemala.pdf>, accessed 8 October 2016 ဒီမိုကရေစီတည်ထောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်များ၏ အခန်းကဏ္ဍ - ဂွာတီမာလာနိုင်ငံဖြစ်စဉ်ကိုလေ့လာခြင်း

Brandt, M., Cottrell, J., Ghai, Y. and Regan, A., *Constitution-making and Reform: Options for the Process* (Geneva: Interpeace, 2011) ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ပြုပြင်ပြောင်းလဲရေး - ငြိမ်းချမ်းရေးအတွက် ရွေးချယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ

Bryden, M., *Somalia Redux? Assessing the New Somali Federal Government?* (Washington, DC: Center for Strategic and International Studies, 2013) ဆိုမာလီ တစ်ကျော့ပြန်လေလား၊ ဆိုမာလီဖယ်ဒရယ်အစိုးရသစ်ကို အကဲဖြတ်ခြင်း

Bryden, M. and Thomas, T., *Somalia's Troubled Transition: Vision 2016 Revisited* (Nairobi: Sahan Research, 2015), <http://sclr.stabilisationunit.gov.uk/top-10-reads/geographic/somalia/892-somalia-s-troubled-transition-vision-2016-revisited?path=somalia>, accessed 20 June 2016 ဆိုမာလီယာ၏ အကူးအပြောင်း ခရောင်းလမ်း - ၂၀၁၆ ခုနှစ် မျှော်မှန်းချက်ကို ပြန်လည်သုံးသပ်ခြင်း

Castillejo, C., *Promoting Inclusion in Political Settlements: A Priority for International Actors?* (Oslo: Norwegian Peacebuilding Resource Centre, 2014) နိုင်ငံရေး ဖြေရှင်းချက်များတွင် အများပါဝင်နိုင်မှုကို အားပေးမြှင့်တင်ခြင်း - နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများအတွက် ဦးစားပေးလုပ်ငန်းဖြစ်သင့်မသင့်။

